# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ ကဆုန်လပြည့်ကျော် (၁)ရက် ၊ တနင်္လာနေ့ ၊ (12-5-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၀၁၂)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီဝင်များနှင့် ဇနီးများက ကဆုန်ညောင်ရေသွန်းလောင်းပူဇော်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ လောကချမ်းသာဆုတောင်းပြည့်အသင်းဘုရားကြီးရှိ မဟာဗောဓိညောင်ပင်အား ကဆုန်ညောင်ရေသွန်းလောင်းပူဇော်စဉ်။

**နေပြည်တော် မေ ၁၁**

ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့၏ ၁၂ လ ရာသီပွဲတော်တွင် တစ်ခုအပါအဝင်ဖြစ်သည့် မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် ကဆုန်လပြည့်(ဗုဒ္ဓနေ့)ဖြစ်သော ယနေ့တွင် ကျရောက်သည့် ကဆုန်ညောင်ရေသွန်းပွဲတော်တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် မာရဝိဇယဗုဒ္ဓဥယျာဉ်ပရိဝုဏ်တော်အတွင်းရှိမဟာဗောဓိညောင်ပင်တော်အား ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို ယနေ့ညနေပိုင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က မဟာဗောဓိညောင်ပင်တော်အား ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ကောင်စီအတွင်းရေးမှူးနှင့် ဇနီး၊ **စာမျက်နှာ ၁၆ ကော်လံ ၁**




ရတနာပုံ
၂၀၁၅ ခုနှစ် မေ ၁၂ ရက်
အယ်ဒီတာ့အာဘော်

## အချိန်အခါမဟုတ် မိုးရွာသွန်းနိုင်မှု အထူးသတိပြုရန်လို

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် လေထုမငြိမ်သက်မှုများဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ မုတ်သုံလေ ဝင်ရောက်လာနိုင်ခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်းများဖြစ်ပေါ်နိုင်ပေသည်။

ထိုသို့ဖြစ်ပေါ်ရာတွင် မေ ၁၂ ရက်မှ ၁၇ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍မိုးကြီးနိုင်ပါသည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းများ တိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် မြေပြိုခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန်လည်း အကြံပြုထားပါသည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြစ်၊ ချောင်းများတွင် မြစ်ရေ၊ ချောင်းရေများ မြင့်တက်လာနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတိပေးထားသည်။ ထို့ပြင် လေပြင်းတိုက်ခတ်ခြင်းနှင့် ရေကြီးရေလျှံခြင်းများ ဖြစ်ပေါ် လာနိုင်သောကြောင့် ပြည်သူများအနေဖြင့် လေပြင်းတိုက်ခတ်ခြင်းနှင့်ပတ်သက်၍ မိုးလေဝသအသိပေးချက်များကို သိရှိထားရန်လိုပေသည်။ လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်များပြိုလဲ၍ လမ်းများပိတ်ဆို့ခြင်းများဖြစ်ပေါ်နိုင်ပြီး ဓာတ်တိုင်များပြိုလဲခြင်းကြောင့် လျှပ်စစ်အန္တရာယ်များ သတိပြုကြရမည်ဖြစ်သည်။ လမ်းများစိုစွတ်နေချိန်၌ ယာဉ်အန္တရာယ်များ ဖြစ်ပွားတတ်သဖြင့် ဂရုပြုမောင်းနှင်သွားလာသင့်ပေသည်။

မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် မြစ်ချောင်းများ၊ မြောင်းများ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လာနိုင်ပါသည်။ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ပါက လူတို့နေထိုင်ရာ အိုးအိမ်အဆောက်အအုံများ ရေနစ်မြုပ်ခြင်း၊ အထူးသဖြင့် ကျန်းမာရေးနှင့်ပတ်သက်သော ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်စေသောကြောင့် သတိပြုကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ အချိန်အခါမဟုတ် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက် ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာနိုင်သဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသ အနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုအန္တရာယ်များကို အထူးသတိပြုနေထိုင်ကြရန် အကြံပြုရေးသားလိုက်ရပေသည်။

## မဟာအတုလဝေယန်(အတုမရှိ)ကျောင်းတော်ကြီးတွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုနှင့် အောင်မြေသာစံမြို့နယ်တွင် ယာယီအဆောက်အအုံများ ဆောက်လုပ်နေမှုတို့ကို တိုင်းဒေသကြီးဝန်ကြီးချုပ် လိုက်လံကြည့်ရှု



**မန္တလေး မေ ၁၁**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး မေ ၁၀ ရက် နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်ရှိ မဟာအတုလဝေယန် (အတုမရှိ) ကျောင်းတော်ကြီး အတွင်း၊အပြင်၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။

ဆက်လက်၍ သာသနာနှစ် ၂၅၅၈ နှစ်ပြည့်ပြီး ၂၅၅၉ နှစ်သို့ ကူးပြောင်းရောက်ရှိမှု အထိမ်းအမှတ်နှင့် နိုင်ငံသူ၊ နိုင်ငံသားများ ဘေးအန္တရာယ် ကင်းရှင်းစေရန် ရည်ရွယ်၍ ကဆုန်လပြည့်(ဗုဒ္ဓနေ့) မေ ၁၁ ရက်တွင် ကျင်းပမည့် မန္တလေးမြို့ လေးပြင်လေးရပ်ရှိ ဆရာတော်၊ သံဃာတော်များ ကိုယ်စား ထေရ်ကြီးဝါကြီးဆရာတော်ကြီးများ အမှူးပြုပြီး ဆရာတော်၊ သံဃာတော် ၁၀၈ ပါးအား ပင့်ဖိတ်၍ ဆွမ်းဆန်၊ ဆီ၊ ကြက်သွန်၊ ကုလားပဲ အစရှိသည့် လှူဖွယ်များနှင့် နဝကမ္မအလှူငွေများ ဆပ်ကပ်လှူဒါန်းပြီး ရေစက်ချ အခမ်းအနားအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဝန်ထမ်းများ မိုးမကျမီ အမိုးအကာအောက် နေရာချထားနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားသည့် အောင်မြေသာစံမြို့နယ်ရှိ ယခင်ရတနာပုံ ရေကူးကန်ဝင်းအတွင်း ယာယီပြောင်းရွှေ့နေထိုင်ကြမည့်သူများအတွက် အဆင်ပြေချောမွေ့စွာ နေထိုင်နိုင်ရန် ယာယီအဆောက်အအုံငယ်များ တည်ဆောက်ထားမှု၊ လျှပ်စစ်မီး၊ သောက်သုံးရေနှင့် Mobile Toilet များ စီစဉ်ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများကို လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

မျိုးကျော်

## ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ပဲစင်းငုံ ၂၄ ပြည်ဝင်အိတ်ရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ညောင်တုန်း မေ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှ ရန်ကုန် ဈေးကွက်သို့ ဧပြီလအတွင်း ပဲစင်းငုံ ၂၄ ပြည်ဝင် အိတ်ရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ညောင်တုန်းမြို့နယ် လယ်ယာထွက်ကုန် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဆွေဦးက ပြောပြ၍ သိရသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန် ဈေးကွက်သို့ မတ်လအတွင်း ပဲစင်းငုံ ၂၄ ပြည်ဝင် အိတ်ရေ ၄၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဧပြီ ၁ ရက်မှ ၃၀ ရက်ထိ တစ်လအတွင်း ပဲစင်းငုံ ၂၄ ပြည်ဝင်အိတ်ရေ ၆၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ရန်ကုန်ဈေးကွက်မှတစ်ဆင့် အခြားဈေးကွက်ကို ပြန်လည် တင်ပို့ရောင်းချတာဖြစ်ပါတယ်။ ဧပြီလထဲမှာ ပဲစင်းငုံ ၂၄ ပြည်ဝင် အိတ်ရေ၆၀၀၀၀ထိ တင်ပို့ရောင်း ချခဲ့ရပါတယ်။ ဈေးကွက်ထဲမှာ လက်ကျန်ပဲစင်းငုံတွေ အရောင်း အဝယ်ဖြစ်နေပါတယ်။ ပြည်ပ ဈေးကွက်ကို တင်ပို့နေရတာ ကြောင့် အရောင်းအဝယ်ကောင်း လာတာပါ။ လက်ရှိတော့ ပဲစင်းငုံ တွေက သိုလှောင်ထားသူတွေနဲ့ ကုန်သည်ကြီးတွေဆီမှာပဲ ရှိပါ တော့တယ်။ ညောင်တုန်း မြို့နယ် ဒေသထွက်ကုန်သီးနှံ တွေကို ဒေသပွဲရုံတွေကနေ တစ်ဆင့် ရန်ကုန်မြို့အဓိကတင်ပို့ ရောင်းချပါတယ်"ဟု ညောင်တုန်း မြို့နယ် လယ်ယာထွက်ကုန်ရောင်း ဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဆွေဦးက ပြောပြသည်။

အဆိုပါဒေသထွက် ပဲစင်းငုံ များကို ညောင်တုန်းမြို့နယ် လယ်ယာထွက်ကုန် ရောင်းဝယ် ရေးပွဲရုံပိုင်ရှင်များက ဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ ရောင်းချလျက်ရှိပြီး ပဲစင်းငုံ ၂၄ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၁၁၀၀၀၀ ထိ ပေါက်ဈေးရှိ ကြောင်း သိရသည်။

ညောင်တုန်းမြို့နယ်မှ ပဲစင်းငုံ များကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများပြားလာခြင်းကြောင့် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ယာဉ် အငှားလိုက်သည့် လုပ်ငန်းရှင်များ၊ ကုန်တင်ကုန်ချ လုပ်သားများ အဆင်ပြေလျက်ရှိ ကြောင်း သိရသည်။

ကျော်ကျော်လင်း

## ဒီပဲယင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၂၀၀၀၀ ကျော် စိုက်ပျိုးမည်

**ရေဦး မေ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦး ခရိုင် ဒီပဲယင်းမြို့နယ်တွင် မိုးသီးနှံ စိုက်ပျိုးရာသီ၌ နှမ်းဧက ၂၀၀၀၀ ကျော် စိုက်ပျိုးမည်ဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် မိုးသီးနှံ စိုက်ပျိုးရာသီ၌ နှမ်း ၂၈၃၂၅ ဧက စိုက်ပျိုးရန်လျာထားပြီး ယခု လက်ရှိတွင် နှမ်းများစိုက်ပျိုးနိုင် ရေးအတွက် လယ်ယာမြေများ ထွန်ယက်လျက်ရှိကြောင်း သိရသည်။

"ဒီပဲယင်းမြို့နယ်မှာ မိုးသီးနှံ စိုက်ပျိုးရာသီက နှမ်းဧက ၂၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါ တယ်။ ဒီလထဲမှာ စိုက်ပျိုးဖို့ အတွက် ဆောင်ရွက်နေပါတယ်။ လျာထားဧကပြည့်မီစွာ စိုက်ပျိုး နိုင်ဖို့အတွက် ဆောင်ရွက်ပေး သွားမှာပါ။ နှမ်းစိုက်ဧက တိုးချဲ့ စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်း ကောင်းမွန်ဖို့ GAPနည်းစနစ်တွေနဲ့ စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက် ပေးလျက်ရှိပါတယ်"ဟု ရေဦး ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင် ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ဒီပဲယင်းမြို့နယ်တွင် နှမ်း စိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက နှမ်း တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုး သည့်နည်းစနစ်၊ GAP နည်းစနစ် များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုး ကောင်းမျိုးသန့်များ စိုက်ပျိုးနိုင် ရေး၊ အထွက်နှုန်းကောင်းမွန် သည့်မျိုးများ စိုက်ပျိုးနိုင်ရေး အတွက် အသိပညာပေးသွားမည် ဖြစ်ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းကောင်း မွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါ ဒေသတွင်း ဆီစားသုံးမှုဖူလုံစေရုံ မျှမက ပိုလျှံမှုကိုပါ ပြည်ပသို့ တင်ပို့ရောင်းချနိုင်မည်ဖြစ်သော ကြောင့် နှမ်းကို ဒေသမရွေး ပိုမိုတိုးချဲ့ စိုက်ပျိုးသင့်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မန္တလေးငလျင်ကြီးကြောင့် ပြန်လည်ထူထောင်ရေးနှင့်တည်ဆောက်ရေး လုပ်ငန်းများအတွက် လိုအပ်သည့်ပစ္စည်းများကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



မန္တလေး မေ ၁၁

မန္တလေး ငလျင်ကြီးကြောင့် တိုင်းဒေသကြီးအတွင်း ငလျင်ဒဏ်ခံခဲ့ရသည့်နေရာများတွင် ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သောသံ၊သံမဏိ၊ ဘိလပ်မြေနှင့် အိမ်ဆောက်ပစ္စည်းများကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၁၀ ရက် မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ဌာနဆိုင်ရာများနှင့်တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် တိုင်းဒေသကြီးအတွင်း ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေး လုပ်ငန်းများကို အားသွန်ခွန်စိုက် ကြိုးပမ်း ဆောင်ရွက်နေကြောင်း၊ မဖြစ်မနေလိုအပ်သည့် သံ၊ သံမဏိ၊ ဘိလပ်မြေနှင့် အိမ်ဆောက်ပစ္စည်းများကို သက်သာသောဈေးနှုန်းဖြင့် အမှန်တကယ် လိုအပ်သူများထံ ရောင်းချပေးနိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပခြင်းဖြစ်ကြောင်း၊ ငလျင်ဒဏ်သင့် နေရာများမှ တစ်စိတ်တစ်ပိုင်း ထိခိုက်ပျက်စီးသွားသည့် လူနေအဆောက်အအုံများ အမြန်ဆုံးပြန်လည်ပြင်ဆင် ဆောင်ရွက်နိုင်ရန်အတွက် ကနဦးအနေဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ အဆောက်အအုံ ပြိုကျပျက်စီးသွားသူများအတွက်လည်း ဆက်လက်ရောင်းချပေးသွားမည့် အစီအစဉ်များလည်း ဆောင်ရွက်ထားကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးများက ရောင်းချပေးမှုအစီအစဉ်များ၌ အလေအလွင့်မရှိစေရေး၊ စာရင်းဇယားများ တိကျမှန်ကန်ရေး၊ အဆောက်အအုံများ မြန်ဆန်စွာ ဆောက်လုပ်သွားနိုင်ရေး၊ လုပ်ငန်းများကြန့်ကြာမှုမရှိစေရန် သက်ဆိုင်ရာဌာနများက ပူးပေါင်းဆောင်ရွက်သွားရေးတို့ကို ဖြည့်စွက်ဆွေးနွေး ပြောကြားပြီး အဆိုပါ သံ၊ သံမဏိ၊ ဘိလပ်မြေနှင့် အိမ်ဆောက်ပစ္စည်းများကို ရောင်းချပေးရန် လျာထားနေရာများကို သွားရောက်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

မျိုးကျော်

# ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပခန်းစပါးတင်းရေ ၈၅၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့

ပန်းတနော် မေ ၁၁

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက် သို့ ဧပြီလအတွင်း ပခန်းစပါးတင်းရေ ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာဝင်းက ပြောပြ၍ သိရသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် မတ်လအတွင်းက ပခန်းစပါးတင်းရေ ၆၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဧပြီ ၁ ရက်မှ ၃၀ ရက်ထိ တစ်လအတွင်း ပခန်းစပါးတင်းရေ ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ တစ်လအတွင်း ပခန်းစပါးတင်းရေ ၈၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ပန်းတနော်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို တင်ပို့တဲ့ ပခန်းစပါးတွေက အရည်အသွေး တော်တော်ကောင်းပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများနေလို့ ရောင်းအား တက်ခဲ့တာဖြစ်ပါတယ်''ဟု ပန်းတနော်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူဇာဝင်းက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ပခန်းစပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၅၅၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း ပွဲရုံပိုင်ရှင် ဒေါ်သူဇာဝင်းထံမှ သိရသည်။

ကျော်ကျော်လင်း

# ကြံခင်းမြို့နယ် ရှမ်းတောကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ကြံခင်း မေ ၁၁

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရှမ်းတောကြီးကျေးရွာ၌ ဆဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေးခြင်းကို မေ ၁၀ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယဉ်မင်းဦးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာရပ်မိ၊ ရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ နှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းနှင့် ကာလသတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ရှမ်းတောကြီးကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၂ ဦးကို ရန်ပုံငွေကျပ် ၄၃ ဒသမ ၃၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

သံသာ

# အမရပူရမြို့နယ် ဝါးရုံပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

အမရပူရ မေ ၁၁

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် အမရပူရမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာစေရန် ရည်ရွယ်၍ ဝါးရုံပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အမရပူရမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးနှင့် မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများသည် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၅၆ဒသမ၇ သန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများ နှင့်လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ၄၁ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၆ ဦး နှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၂၈ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၅ ဦး ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၆ ဒသမ ၇ သန်း ထုတ်ချေးပေးထားကြောင့် အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးက ပြောပြ၍ သိရသည်။

အောင်ရဲကျော်

# အရာတော်မြို့နယ်တွင် ဆောင်းသီးနှံပဲတီစိမ်း ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး တစ်ဧကလျှင် ၁၅ တင်း ထွက်ရှိ

အရာတော် မေ ၁၁


စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် ပဲတီစိမ်း ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အရာတော်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၄၁၆၄ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊အဆိုပါစိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှစတင် ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၅ တင်း ထွက်ရှိကြောင်း သိရသည်။

"အရာတော်မြို့နယ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ပဲတီစိမ်း ၄၁၆၄ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲတီစိမ်းတွေ အခုလက်ရှိအချိန်မှာတော့ ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ ပညာပေးတာတွေ၊ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ပညာပေးတာတွေရှိပါတယ်"ဟု မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

အရာတော်မြို့နယ်တွင် ပဲတီစိမ်း စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်း ကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကိုပိုမိုတိုးချဲ့ စိုက်ပျိုးနိုင်ရေးဒေသမရွေး ကြိုးပမ်းစိုက်ပျိုးသင့်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်ထံမှ သိရသည်။ (၂၀၆)



# စာဖတ်ခြင်းဖြင့် ကြီးမြင့်ပါစေ

**ချစ်နိုင်(စိတ်ပညာ)**

"What is necessary to change a person is to change his awareness of himself."

Abraham Maslow (1908–1970)

လူတစ်ယောက်ပြောင်းလဲဖို့ဆိုတာမှာ သူကိုယ်တိုင်က သူ့ကိုယ်သူပြောင်းလဲရန် သိစိတ်ရှိရခြင်းကား အဓိကလိုအပ်ချက်ဖြစ်၏။

**အေဘရာဟမ် မတ်စလို(၁၉၀၈–၁၉၇၀)**

**နိဒါန်း**

ဤဆောင်းပါးကိုဖတ်ရှုနေသူသည် လူကြီးဖြစ်ကောင်းဖြစ်မည်။ လူငယ်လူရွယ်လည်း ဖြစ်ချင်ဖြစ်မည်။ အထက်တန်း၊ အလယ်တန်း ကျောင်းသား၊ ကျောင်းသူအရွယ်လည်း ဖြစ်ကောင်းဖြစ်နိုင်သည်။ ဤစာမျက်နှာ ဤဆောင်းပါးကို ဖတ်ရှုသူသည် ခရစ်နှစ် ၂၀၀၀ ကျော်ပြီးမှ မွေးဖွားလာသော လူငယ်မျိုးဆက်သစ်များဖြစ်လျှင် ပိုပြီးအကျိုးရှိစေ၊ ထိရောက်စေပါလိမ့်မည်။ အကျိုးတရား ကြီးမားစေပါလိမ့်မည်ဟု စာရေးသူက ယူဆပါသည်။ ဤဆောင်းပါးကို ဖတ်ကြည့်သူသည် အသက်အရွယ်ကြီးသူအတွက်လည်း အမှတ်တရ ဗဟုသုတဖြစ်စေ၊ ရသခံစားမှုဖြစ်စေ၊ မလွဲမသွေရစေမည်မှာ သေချာပါသည်။ အားလုံးလိုလိုက အတွေ့အကြုံကောင်းများစွာ ဖြတ်သန်းခဲ့ကြပြီးသူများ ဖြစ်ကြသောကြောင့် အဆိပ်အတောက် အပြစ်အနာအဆာကင်းသော စာပေများဟု ယုံကြည်ထိုက်ပေသည်။ ပါမောက္ခများ၊ ကထိကများ၊ ဤမန္တလေးတက္ကသိုလ်ကြီးမှ ဆင်းသွားခဲ့ကြသည့် ကျောင်းသူ၊ ကျောင်းသားဟောင်းများ၊ စာပေပညာရှင်များ ပါဝင်ရေးသားကြသည်ကြောင့် ဖြစ်လေသည်။

ရေးကြမည့် ရည်ရွယ်ချက်များသည်လည်း ကောင်းမွန်ကြလိမ့်မည်ဟု စာရေးသူက အပြည့်အဝ ယုံကြည်နေပါသည်။ ရေးသားကြသော အကြောင်းအရာများကား ကျွန်ုပ်၏တစ်ကိုယ်တည်း ထင်မှတ်မျှော်လင့်သည်မှာ အတိတ်အကြောင်းများက ပိုမိုများကောင်းများလောက်သည်ဟု ယူဆပါသည်။ အဘယ်ကြောင့်ဆိုသော အသက်ကြီးသူ၊ ပညာကြီးသူတို့ကား နေထိုင်ခဲ့ရသောအချိန်များက ရှည်လျားခဲ့ပြီး နေရဦးမည့်အနာဂတ်ကမူ တိုတောင်းလှပေပြီ မဟုတ်လား။ ၂၀ ရာစုအကြောင်းအရာများကိုများများ ရေးသားကြပြီး ၂၁ ရာစုအကြောင်းအရာများအတွက်တော့ နည်းပါးနိုင်သည်ဟု ဤဆောင်းပါး ရေးနေဆဲတွင် တွေးထင်ထားမိ၏။ မှန်ချင်မှ မှန်ပါလိမ့်မည်။

**အနာဂတ်**

အနာဂတ်အတွက် အဓိကအရေးကြီးသည်က မှန်ကန်ကြောင်း အားလုံးသိကြပြီးဖြစ်သကဲ့သို့ အတိတ်က ဖြတ်သန်းတွေ့ကြုံခဲ့ရသော သက်ကြီးဝါကြီးများ၏ အတွေးအခေါ် အမြော်အမြင်တို့သည်လည်း တန်ဖိုးရှိကြပါ၏။ အတိတ်မှသင်ခန်းစာ အကောင်းအဆိုးများကို အကြောင်းအကျိုး သုံးသပ်ကာ အနာဂတ်ကို လှပကောင်းမွန်အောင် ထူထောင်တည်ဆောက်ကြရစမြဲ မဟုတ်ပေလား။ ဂျဝါဟာလာ နေရူး (၁၈၈၉–၁၉၆၄) အိန္ဒိယဝန်ကြီးချုပ် တာဝန်ထမ်းဆောင်ခဲ့ဖူးသော အိန္ဒိယနိုင်ငံရေးခေါင်းဆောင်က "သီအိုရီသဘောတရားတစ်ခုသည် လက်တွေ့အကောင်အထည်ပေါ်အောင် (ဖိဖိစီးစီး) အသုံးချတတ်ရပေမည်"ဟု ဆိုမိန့်ခဲ့ပေသည်။ သံရိုင်းကို သံမဏိဖြစ်အောင် အပူပြင်းပေး၍ ပုံစံလောင်းသလိုလည်း ဖြစ်ကောင်းဖြစ်နိုင်သည်။ မည်သို့ဖြစ်စေ အတိတ်အကြောင်းအရာများကို မှတ်မှတ်သားသား မှတ်တမ်းတင်ပေးခြင်းများကို ကျေးဇူးတင်ထိုက်လှပေသည်။ စာရေးသူတို့ မန္တလေးတက္ကသိုလ် ကျောင်းသားဘဝက လမ်းပေါ်မှာမြင်နေရသော မြင်းလှည်းများ၊ ဆိုက်ကားများ၊ ထိုစဉ်ကာလ အမှတ်(၆) ဘတ်စကားလိုင်းများလည်း ယခုခေတ်မှာ မရှိကြတော့ပေ။ ထိုအချိန်က မန္တလေးတွင် တက္ကစီ၊ သုံးဘီးကား စသည်တို့မရှိကြပေ။ ဆိုင်ကယ်လည်းမြင်ရခဲပါသည်။ စက်ဘီးများသာ အများအားဖြင့် စီးကြပါသည်။ ယနေ့အခြေအနေနှင့်ကား မတူတော့ပြီ။

နောင် ၁၀ နှစ်၊ အနှစ် ၂၀ တွင် ဒီဇယ်၊ ဓာတ်ဆီတို့ ထည့်သုံးသော ကားမျိုး၊ ယာဉ်မျိုးပင် ရှားပါးပျောက်ကွယ်ကောင်း ပျောက်ကွယ်သွားလောက်အောင် နည်းပညာနှင့်သိပ္ပံဘက်မှ ပြောင်းလဲမှုတွေက အရှိန်အဟုန်လျင်မြန်လွန်းနေတော့သည်။

မည်သို့ဆိုစေ အတိတ်သမိုင်းကိုတော့ မေ့ပစ်ထားရစ်၍ မရချေ။

**❖ ၂၁ ရာစုကာလကို ဖြတ်သန်းတည်ဆောက်ကြမည့် လူငယ်များ စာပေပညာကို ကိုယ်ပိုင်အချိန်မှာ မွေ့လျော်နိုင်ကြပါစေ။ တက္ကသိုလ်ပညာဆိုသည်ကား ကိုယ်ပိုင်အချိန်များပါအသုံးချ၍ ကိုယ်တိုင်စိတ်ပါဝင်စားစွာ ရှာဖွေလေ့လာ(မေးမြန်း)စုဆောင်းကာ သုတေသနပြုစုခြင်း၊ စာတမ်းဖတ်ကြားခြင်း၊ ပြင်ဆင်ပြုစုတင်ပြခြင်း စသည့်လက်တွေ့လုပ်ရပ်များဖြင့် ရင့်ကျက်မြင့်မားရခြင်းဖြစ်ပါသည်။ တက္က= တက်ကနိ= နည်းပညာ၊ အတတ်ပညာလည်း တတ်မြောက်ရပါမည်။ သိုလ်= သီလ=အကျင့်တရားလည်း ကောင်းမွန်ဖြူစင်ရပါသည်။ တိုင်းပြည်နှင့် လူမျိုးကို ကောင်းကျိုးဆောင်နိုင်သူများဖြစ်ကြပါစေ။ ❖**

**အတိတ်**

အနာဂတ်ကိုကောင်းမွန်အောင် ထူထောင်တည်ဆောက်ကြမည်ဆိုပါလျှင် အတိတ်ကကောင်းသော အမွေများစွာကို လက်ဆင့်ကမ်း သယ်ဆောင်အသုံးချရမည်သာ။ အတိတ်က အားနည်းချက်များ၊ လွဲချော်မှုများ၊ မှားယွင်းမှုများနှင့် အံမကိုက်သောအရာများကို လက်ထဲမှ ချခဲ့ရပေမည်။ ပြောင်းလဲကြရမည်လေ။

၂၀ ရာစု ကုန်ဆုံးလွန်မြောက်ခဲ့ပြီး ၂၁ ရာစုထဲ ၂၅ နှစ် (လေးပုံတစ်ပုံ) ရောက်ရှိနေပြီဖြစ်သည့်အလျောက် ၂၁ ရာစု၏ နိုင်ငံတကာအခြေအနေ၊ နိုင်ငံတစ်ခုချင်း၏ အတက်အကျအခြေအနေ၊ ကမ္ဘာ့နိုင်ငံရေးသြဇာနှင့် နိုင်ငံတကာ အခင်းအကျင်းသည် အရှိန်အဟုန်လျင်မြန်စွာပင် တရိပ်ရိပ်တိုးတက်ပြောင်းလဲနေဆဲဖြစ်ကြောင်း သတိပြုမိကောင်းပါ၏။ ဘယ်အရာမှ ပုံသေကားကျ မရှိကြ။ **"တိုင်းပြည်များတွင် ထာဝရမဟာမိတ်မရှိ။ ထာဝရအကျိုးစီးပွားသာရှိ၏"**ဟု လော့ဒ်ပါလ်မာစတန်၏ ရေးသားချက်သည် ကြာလေကြာလေ မှန်ကန်ကြောင်း သက်သေထင်ရှားလေလေဖြစ်ပေသည်။ အချိန်နှင့်တစ်ပြေးညီ အသိအမြင်ကျယ်ကြရန် လိုအပ်လေသည်။

**အရွယ်**

အချိန်ကာလ အပိုင်းအခြား အကန့်အသတ်၏ အရေးကြီးပုံကို အကျယ်မဖော်ပြတော့ပါ။ စာဖတ်သူလည်း သိရှိနားလည်ထားပြီး ဖြစ်ပါသည်။ လူ့ဘဝ၏သက်တမ်းသည် ရပ်တန့်၍မနေ၊ အချိန်နှင့်အမျှ ရင့်ကျက်လာရစမြဲဖြစ်ရာ ယေဘုယျအားဖြင့် အသက်အရွယ် အပိုင်းအခြား (ဇာတကပါဠိတော်လာအရ) ၁၀ ပိုင်းရှိလေသည်။

၁။ ၁၀ နှစ်အတွင်း ပညာနုံ့သော ကလေးငယ်အရွယ်။

၂။ ၂၀ အတွင်း စိတ်ပျံ့လွင့်သောအရွယ်။

၃။ ၃၀ အတွင်း အဆင်းလှသောအရွယ်။

၄။ ၄၀ အတွင်း အားကောင်းသောအရွယ်။

၅။ ၅၀အတွင်း ပညာဉာဏ်ကောင်းသောအရွယ်။

၆။ ၆၀ အတွင်း အားအင်ဆုတ်ယုတ်သောအရွယ်။

၇။ ၇၀ အတွင်း လေးလံထိုင်းမှိုင်းသောအရွယ်။

၈။ ၈၀ အတွင်း ကိုင်းညွတ်သောအရွယ်။

၉။ ၉၀ အတွင်း တွေဝေမေ့မောသောအရွယ်။

၁၀။ ၁၀၀ အတွင်း မထသောအိပ်ခြင်းဖြင့် နေတတ်သောအရွယ်။

**အခွင့်အလမ်း**

တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူတို့၏ ဘဝအပိုင်းအခြားသည်ကား နုနယ်သောကလေးအရွယ်ထက်လည်းကောင်း၊ အိုမင်းယိုယွင်းသော သက်ကြီးပိုင်းထက်လည်းကောင်း၊ ဘဝသက်တမ်းတစ်ခုမှာ အခွင့်အလမ်း အထူးအကောင်းဆုံး၊ တန်ဖိုးအမြင့်ဆုံး အသက်အရွယ်အပိုင်းအခြားတစ်ရပ် ဖြစ်နေပါသည်။ တန်ဖိုးအရှိဆုံးသော အချိန်ကာလတွင် တန်ဖိုးအရှိဆုံး အပြုအမူလုပ်ဆောင်ချက်များဖြင့် မိမိဘဝကို မြှင့်တင်ခွင့် အခွင့်အရေးရရှိခြင်းဖြစ်ပေတော့သည်။

အရွယ်၏သဘာဝအရ အဆင်းအလှဆုံးအချိန်။ နုပျိုလှပ ကိုယ်ခန္ဓာအချိုးအကျဆုံး ကာလပိုင်း။

တက္ကသိုလ်ပညာသင်ချိန် လေးနှစ်၊ ငါးနှစ်၊ ခြောက်နှစ်၊ ရှစ်နှစ် စသဖြင့် ပညာရင်နို့ သောက်စို့ပြီးမြောက်ပါက တက္ကသိုလ်မှအပ်နှင်းသော ဘွဲ့အရည်အချင်းနှင့်အညီ မိမိကိုယ်ကို တန်ဖိုးအမြင့်ဆုံး၊ မိဘဆွေမျိုး၊ လူမျိုးကောင်းကျိုးကို သယ်ပိုးနိုင်သူ၊ ဤကမ္ဘာမြေနှင့် လူသားအားလုံးအတွက်ပါ ကောင်းကျိုးရွက်ဆောင်အောင်မြင်နိုင်သူအဖြစ် ပညာစွမ်းအားတို့ ဖြည့်စွမ်းခွင့်ရသူ၊ ကံထူးသူဖြစ်ရပေပြီ။

မူလတန်းပညာပြီးရုံမျှဖြင့် ကျောင်းဆက်မတက်နိုင်သော ကျောင်းနေဖက်များ တွေ့ရဖူးပါလိမ့်မည်။

အလယ်တန်းအောင်ပြီး ဆက်လက်ပညာမသင်ယူနိုင်သော အခြေအနေကြောင့် ကျောင်းထွက်သွားရသော သူငယ်ချင်းများလည်း ရှိခဲ့ပါမည်။

အခြေခံပညာအထက်တန်းထိ တက်ခွင့်ရကြသော်လည်း တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ မအောင်သဖြင့်ဖြစ်စေ၊ မိသားစုစီးပွားရေးအခြေအနေကြောင့်ဖြစ်စေ၊ တက္ကသိုလ်ပညာကို ဆက်လက်ဆည်းပူးခွင့်မရရှာဘဲ ပညာသင်ယူခြင်း ကုန်ဆုံးသွားသော ရောင်းရင်းများလည်း ကိုယ်တိုင်မြင်တွေ့ခဲ့ရမည်။

စင်စစ်မူ တက္ကသိုလ်တစ်ခုခုတွင် တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ စုစုဝေးဝေး ရာနှင့်ထောင်နှင့်ချီပြီး များလှပြီဟု ထင်ရပါသော်လည်း တစ်နိုင်ငံလုံးရှိ အရွယ်ကောင်း လူငယ်လူရွယ်ပေါင်းများစွာ များစွာတို့သည် အကြောင်းအမျိုးမျိုးဖြင့် တက္ကသိုလ်စာသင်ခန်းထဲသို့ ဝင်ရောက်ခွင့်မရရှာသူတွေက အသောင်း၊ အသိန်းများလှပါ၏။

**မိဘကျေးဇူး**

မိခင်မန္တလေးတက္ကသိုလ်မှာ ဝိဇ္ဇာဘွဲ့(စိတ်ပညာဘာသာအဓိက)ဘွဲ့ရအောင် စာရေးသူတက်ရောက်ခွင့်ရခဲ့ခြင်းကလည်း အလယ်တန်းပြအစိုးရကျောင်းဆရာမျှသာဖြစ်ရှာသော ကျေးဇူးရှင်ဖခင်၏ ကြိုးကြိုးစားစား စုစုဆောင်းဆောင်းဖြင့် မရမနေ သားကို တက္ကသိုလ်တက်စေချင်လွန်းသဖြင့်သာ ဖြစ်ပါ၏။ တောရွာလေးတစ်ရွာမှ တက္ကသိုလ်တက်ခွင့်ရဖို့ဆိုသည်ကား စင်စစ်မူ မလွယ်ကူလှပေ။

အဖေ့စေတနာကိုငယ်စဉ်ကပင် သိမြင်ခဲ့သဖြင့် အခြေခံပညာသူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းအောင်မြင်သည်အထိ ကျောင်းစာပညာ ကြိုးစားခဲ့ပါ၏။ နှစ်တန်းကျောင်းသားအရွယ်မှစ၍ ကလေးဂျာနယ်၊ ကာတွန်း၊ ရုပ်ပြ စသည့်ဖတ်စရာများနှင့် ရင်းနှီးအောင် လစဉ်မပြတ် ဝယ်ပေးခဲ့ပါ၏။

လောကတွင် ဆရာသုံးမျိုးရှိကြသည်။ ကျောင်းမှာသင်ပြသော ဆရာ၊ ဆရာမတို့ကား အထူးအရေးကြီးပါ၏။ စေတနာ၊ သင်ကြားမှုပညာ ကျွမ်းကျင်မှု၊ စိတ်ရှည် သည်းခံမှုတို့ဖြင့် ပြုစုပျိုးထောင်ခဲ့ကြပါ၏။ သင်ဆရာအပြင် မြင်စရာ ကြားဆရာတို့ကား မိမိပတ်ဝန်းကျင် ဦးကြီး၊ ဘကြီး၊ ဒေါ်ကြီး၊ အရီးလေး၊ ထွေးလေး၊ ဆွေမျိုးသားချင်း ရပ်ရွာလူအားလုံးက ရှောင်စရာကို တားမြစ်၊ ဆောင်စရာကို သတိပေး၊ အမှန်တရား၊ တရားမျှတမှု၊ စာနာမှု၊ မေတ္တာထားနိုင်မှု၊ ကူညီဖေးမမှု၊ ရပ်ကျိုးရွာကျိုး ပါဝင်ဆောင်ရွက်ချင်အောင်၊ ဆောင်ရွက်တတ်အောင် သင်ပြလေ့ကျင့်၊ ပြုပြင်ပေးခြင်းများဖြစ်ပေတော့သည်။

**ပတ်ဝန်းကျင်**

မြင်ဆရာ ကြားဆရာတို့တွင် အနုပညာရှင်များလည်း ပါဝင်သည်။ ဇာတ်မင်းသား၊ မင်းသမီး၊ ရုပ်ရှင်၊ အငြိမ့်၊ ရေဒီယို၊ ဓာတ်စက်ဓာတ်ပြား၊ မြန်မာ့အသံ၊ ဘီဘီစီ စသည်အားလုံးသော ပတ်ဝန်းကျင် အထိအတွေ့အငွေ့အသက်များ ပါဝင်ပါ၏။

မန္တလေးတက္ကသိုလ်တွင် ၁၉၆၆–၁၉၇၀ လေးနှစ်တာကာလအတွင်း မိမိအသက် ၁၈ နှစ်မှ ၂၁ နှစ်အပိုင်းအခြား၌ မြင်ရ၊ ကြားရ၊ ထိတွေ့ခံစားကြရသော လေ့လာမှတ်သားစရာအားလုံးသည် မိမိဘဝကို ဖွံ့ဖြိုးတိုးတက်အောင် မြေတောင်မြှောက်ပေးခဲ့သော ကျေးဇူးတင်ထိုက်သူများပင် ဖြစ်ပါသည်။ ထိုစဉ်က ပါမောက္ခချုပ် ဦးဘတုတ်၊ ဦးနက်၊ ဦးလှရွှေ၊ ဦးကျော်မြင့်တို့မှစ၍ ဒေါက်တာစိန်တူ၊ ဦးခင်မောင်သန်း၊ ဒေါက်တာညီဝင်းမှန်၊ ဒေါက်တာကိုကိုကြီး၊ ဦးအုန်းဖေ၊ ဒေါ်ကြင်စိန်၊ ဒေါ်ကြည်ကြည်လှ၊ ဒေါက်တာထွန်းသန်း စသော ဆရာကြီး၊ ဆရာမကြီးတို့၏ ကြီးမားလှသောကျေးဇူးတရားကို တစ်သက်တာ လုံးဝမမေ့ခဲ့ပါ။

**နိဂုံး**

ပညာလိုလား အထူးကြိုးစားအောင်၊ ဌာနစာကြည့်တိုက်ရော၊ မန္တလေးတက္ကသိုလ် ပင်မစာကြည့်တိုက်ပါ အချိန်ရသမျှ ဖတ်ရှုလေ့လာစုဆောင်းရန် တိုက်တွန်းအားပေးခဲ့ကြသူများ၊ အဆောင်မှူးများကို အမှတ်တရ ပူဇော်ကန်တော့ပါသည်။ ၂၁ ရာစုကာလကို ဖြတ်သန်းတည်ဆောက်ကြမည့် လူငယ်များ စာပေပညာကို ကိုယ်ပိုင်အချိန်မှာ မွေ့လျော်နိုင်ကြပါစေ။

တက္ကသိုလ်ပညာဆိုသည်ကား ကိုယ်ပိုင်အချိန်များပါအသုံးချ၍ ကိုယ်တိုင်စိတ်ပါဝင်စားစွာ ရှာဖွေလေ့လာ(မေးမြန်း)စုဆောင်းကာ သုတေသနပြုစုခြင်း၊ စာတမ်းဖတ်ကြားခြင်း၊ ပြင်ဆင်ပြုစုတင်ပြခြင်း စသည့် လက်တွေ့လုပ်ရပ်များဖြင့် ရင့်ကျက်မြင့်မားရခြင်းဖြစ်ပါသည်။ တက္က=တက်ကနိ=နည်းပညာ၊ အတတ်ပညာလည်း တတ်မြောက်ရပါမည်၊ သိုလ်= သီလ=အကျင့်တရားလည်း ကောင်းမွန်ဖြူစင်ရပါသည်။ တိုင်းပြည်နှင့်လူမျိုးကို ကောင်းကျိုးဆောင်နိုင်သူများဖြစ်ကြပါစေ။

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။"**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ကန်ကြီးထောင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မတ်ပဲကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး



**ပုသိမ် မေ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးခဲ့သော မတ်ပဲကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန်ကြီးထောင့်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက မတ်ပဲသီးနှံ ၂၅၀၈၁ ကေထိ စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါ စိုက်ပျိုးခဲ့သော မတ်ပဲသီးနှံများကို ယခုနှစ် မတ်လ ပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံး ရိတ်သိမ်း ပြီးစီးပြီဖြစ်ကြောင်း၊ ထိုသို့ ရိတ်သိမ်းခဲ့သော မတ်ပဲသီးနှံ တစ်ကေလျှင် ၂၅ ဒသမ ၃၅ တင်း ထိထွက်ရှိခဲ့ကြောင်း သိရသည်။

''ကန်ကြီးထောင့်မြို့နယ်မှာ ဆောင်းသီးနှံ စိုက်ပျိုးရာသီက မတ်ပဲကေ ၂၅၀၀၀ ကျော်ထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ စိုက်ပျိုးထားတဲ့ မတ်ပဲသီးနှံတွေကို ဒီနေ့မှာတော့ ကေအားလုံး ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ မတ်ပဲအပါအဝင် ဆောင်းသီးနှံတွေ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့ လိုအပ်တဲ့နည်းပညာနဲ့ သွင်းအားစုတွေ ပံ့ပိုးဆောင်ရွက်ပေးခဲ့ပါတယ်''ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

ကန်ကြီးထောင့်မြို့နယ်တွင် မတ်ပဲသီးနှံများ စနစ်တကျရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး၊ သီးနှံများ ဖြစ်ထွန်း အောင်မြင်စေရေးနှင့် ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး၊ ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးများ စနစ်တကျ သုံးစွဲတတ်စေရေးနှင့်သီးနှံများ အချိန်မီရိတ်သိမ်းနိုင်ရေး စသည့်လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာန၊ ဆက်စပ်ဌာန အဖွဲ့အစည်းများနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

မတ်ပဲသီးနှံများကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ မတ်ပဲကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

## စလင်းမြို့နယ် ကူတို(မ)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စလင်း မေ ၁၁**

မကွေးတိုင်းဒေသကြီးမင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေ တိုးပွားစေရေး၊ ကျေးလက်နှင့်မြို့ပြ ကွာဟမှုကို လျှော့ချနိုင်ရေးအတွက် ဖွံ့ဖြိုးရေးစီမံကိန်းများ ဆောင်ရွက်ပေးလျက်ရှိရာ မကျီးပင်ပုကျေးရွာအုပ်စု ကူတို(မ)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို တာဝန်ရှိသူများက မေ ၁၀ ရက်နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ကူတို(မ)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၃၄ ဒသမ ၂ သန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆောင်ရွက်မှု အခြေအနေများ၊ လစဉ်ဖြည့်သွင်းရမည့် စာရင်းဇယားများ စနစ်တကျဖြည့်သွင်းထားရှိမှုနှင့် စီမံကိန်းဆိုင်ရာညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများအပေါ် လိုက်နာဆောင်ရွက်မှု အခြေအနေများကို စစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါ ကူတို(မ)ကျေးရွာ၌ ယခု စတုတ္ထနှစ် စက်ဝန်းတွင် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသေးစား စက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်ကြသော စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၄ ဦးကို ငွေကျပ် ၃၄ ဒသမ ၂ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က ပြောပြ၍ သိရသည်။

**သန်းသန်းစိုး**

## ချစ်မိုးစွေခဲ့တယ်

- ရွာသင့်မှရွာ ထောက်ချင့်ပါလည်း
မာလာပန်းဦး ဝတ်ရည်လူးကာ
ရွှင်မြူးကြည်ချို ပွင့်စေလို၍
မိုးညို ရွာမိခဲ့ပေ၏။

- လာသင့်မှလာ တွေးသိပါလည်း
ညိုပြာရွက်စိမ်း မြရည်လိမ်းလျက်
နွဲ့ယိမ်းပန်းကို တင့်စေလို၍
မိုးညို လာမိခဲ့ပေ၏။

- ယခုတော့ကာ မိုးကြီးရွာ၍
မာလာပန်းတွေ ဝတ်မှုန်ကြွေကာ
အနေပျက်ခဲ့ပါသတဲ့။

- ထို့ပြင်မိုးမင်း ညှာတာကင်း၍
ပင်ချင်းထိခတ် ကိုင်းဖျားဆတ်သော်
တဖျတ်ဖျတ်ကြွေ သစ်ရွက်တွေလျှင်
မြေမှာ လွင့်ခဲ့ပါသတဲ့။

- ဩော်... စိတ်ညစ်စိတ်နွမ်း မသန်းခဲ့ပါ
စိတ်နာစိတ်ရိုင်း မသိုင်းခဲ့ပါ
ရင်မှာလှိုင်းဆင် ထွေးပွေ့ချင်သည့်
အကြင်နာမိုး မေတ္တာမိုးလျှင်
အရိုးခံပါ အို...မာလာရဲ့
ရွာမိ လာမိ အပြစ်ရှိလည်း
ရှိခဲ့သည့်ဝန် ကိုယ့်အလွန်ပါ
လွန်ပါလေမှ မိုက်နောင်တဖြင့်
ရှေးကဇာတ်ကြောင်း အတိတ်ဟောင်းကို
ပြန်ပြောင်းဖွေလှစ် မဆန်းသစ်ချင်
ချစ်ကြိုးတင်းပြတ် မုန်းဒဏ်ခတ်၍
သည်းဆတ်ကြွေညှိုး ဘဝမျိုးမှာ
အငြိုးပိုပို ဆိုးမဆိုပဲ
မိုးကို ခွင့်လွှတ်ကြပါလေ။ ။

**မြင်းမူမောင်နိုင်မိုး**

# နိုင်ငံတကာ သတင်းများ

## နှစ်နိုင်ငံတိုက်ရိုက်ဆွေးနွေးပွဲများကျင်းပရန် သမ္မတပူတင်က ယူကရိန်းကို အဆိုပြုကမ်းလှမ်း

မော်စကို မေ ၁၁

ယူကရိန်းပဋိပက္ခကိုအဆုံးသတ်ရေးအတွက် ရုရှားနှင့် ယူကရိန်း တိုက်ရိုက် ဆွေးနွေးပွဲများကို တူရကီယဲနိုင်ငံ အစ္စတန်ဘူလ်မြို့၌ ကျင်းပရန် ရုရှားသမ္မတပူတင်က ယနေ့တွင် အဆိုပြုကမ်းလှမ်းထားကြောင်း သိရသည်။

ရုရှားနှင့် ယူကရိန်း တိုက်ရိုက်ဆွေးနွေးပွဲများကိုမည်သည့်ကြိုတင်ပြဋ္ဌာန်းချက်မျှမထားဘဲ တူရကီယဲနိုင်ငံ အစ္စတန်ဘူလ်မြို့၌ ကျင်းပရန် ယူကရိန်းအစိုးရကို မိမိတို့ အဆိုပြုကမ်းလှမ်းထားကြောင်း သမ္မတပူတင်က ပြောကြားထားသည်။

သမ္မတပူတင်၏ တိုက်ရိုက်ဆွေးနွေးပွဲအဆိုပြုကမ်းလှမ်းချက်ကို ယူကရိန်းသမ္မတရုံးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့က တစ်စုံတစ်ရာ တုံ့ပြန်မှုမရှိသေးကြောင်း သိရသည်။

သို့ရာတွင် သမ္မတပူတင်၏ နှစ်နိုင်ငံ တိုက်ရိုက်ဆွေးနွေးပွဲအဆို ပြုချက်ကို အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ကြိုဆိုစကားပြောကြားခဲ့ကြောင်း သိရသည်။

ရက် ၃၀ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို လက်ခံရန် အဓိက ဥရောပနိုင်ငံကြီးများက ရုရှားနိုင်ငံကို တောင်းဆိုပြီး နာရီအနည်းငယ်အကြာမှာပင် ရုရှား-ယူကရိန်း နှစ်နိုင်ငံတိုက်ရိုက်ဆွေးနွေးပွဲကျင်းပရန် သမ္မတပူတင်က အဆိုပြု ကမ်းလှမ်းထားခြင်းဖြစ်သည်။

ရုရှားတပ်များသည် လက်ရှိအချိန်တွင် ယူကရိန်းနိုင်ငံ၏ ငါးပုံတစ်ပုံကို ထိန်းချုပ်ထားပြီး စစ်ရေးအရလည်း ဆက်လက်အသာစီးရယူနေဆဲဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : KKO



## အမေရိကန်ဓားစာခံများ၏ ရုပ်အလောင်းများကို ကာတာအစိုးရ ရှာဖွေတွေ့ရှိ

ဒိုဟာ မေ ၁၁

အစ္စလာမ္မစ်အကြမ်းဖက်အုပ်စု (အိုင်အက်စ်)၏ သတ်ဖြတ်မှုကြောင့် ဆီးရီးယားနိုင်ငံ၌ သေဆုံးခဲ့ရသော အမေရိကန်ဓားစာခံများ၏ ရုပ်အလောင်းများကို ကာတာအစိုးရ ရှာဖွေရေးအဖွဲ့တစ်ဖွဲ့က ဆီးရီးယားနိုင်ငံ၌ စတင်ပြုလုပ်နေကြောင်း မေ ၁၀ ရက် သတင်းများတွင် ဖော်ပြထားသည်။

အိုင်အက်စ်အုပ်စုသည် ၂၀၁၄ ခုနှစ်နှင့် ၂၀၁၇ ခုနှစ် ကြားကာလအတွင်း ဆီးရီးယားနှင့် အီရတ်နိုင်ငံတို့ရှိ နယ်မြေအများအပြားကို ထိန်းချုပ်ထားစဉ် အမေရိကန်နိုင်ငံသားများအပါအဝင် အနောက်အုပ်စုနိုင်ငံသားအများအပြားကို သတ်ဖြတ်ခဲ့ကြသည်။

လက်ရှိအချိန်တွင် အိုင်အက်စ်အုပ်စု၏ သတ်ဖြတ်မှုကြောင့် ဆီးရီးယားနိုင်ငံ၌ သေဆုံးခဲ့ကြသော အမေရိကန်နိုင်ငံသားများ၏ ရုပ်အလောင်းများကို ကာတာအစိုးရ နိုင်ငံတကာရှာဖွေကယ်ဆယ်ရေးအဖွဲ့က မေ ၇ ရက်တွင် စတင်ရှာဖွေနေခြင်းဖြစ်သည်။


လက်ရှိအချိန်တွင် ကာတာရှာဖွေရေးသမားများအနေဖြင့် အမေရိကန်နိုင်ငံသားသုံးဦးတို့၏ ရုပ်အလောင်းအကြွင်းအကျန်များကို ရှာဖွေတွေ့ရှိထားကြောင်း သိရသည်။

အမေရိကန်သမ္မတဒေါ်နယ်ထရန့်၏ အရှေ့အလယ်ပိုင်းခရီးစဉ်မစတင်မီမှာပင် ကာတာရှာဖွေရေးသမားများက အမေရိကန်နိုင်ငံသားများ၏ရုပ်အလောင်းအကြွင်းအကျန်များကို ရှာဖွေနေခြင်းဖြစ်သည်။

အမေရိကန်သမ္မတဒေါ်နယ်ထရန့်သည် လာမည့်ရက်သတ္တပတ်အတွင်း ဆော်ဒီအာရေဗျ၊ ကာတာနှင့် အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး) နိုင်ငံတို့သို့ လာရောက်မည်ဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : KKO

## တရုတ်နှင့် အမေရိကန်ကုန်သွယ်ရေးတာဝန်ရှိသူများ ဂျီနီဗာမြို့၌ ထပ်မံတွေ့ဆုံ



ဂျီနီဗာ မေ ၁၁

ကမ္ဘာ့စီးပွားရေး အင်အားအကြီးဆုံး နိုင်ငံနှစ်နိုင်ငံအကြား ကုန်သွယ်ရေးစစ်ပွဲကို အရှိန်လျှော့ချနိုင်ရေးအတွက် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ တရုတ်နှင့် အမေရိကန် ထိပ်တန်းတာဝန်ရှိသူများ ယနေ့တွင် ထပ်မံတွေ့ဆုံဆွေးနွေးလျက်ရှိကြောင်း သိရသည်။

တရုတ်နှင့် အမေရိကန်တာဝန်ရှိသူများသည် မေ ၁၀ ရက်ကလည်း ဂျီနီဗာမြို့၌ ရှစ်နာရီကြာ တွေ့ဆုံ ဆွေးနွေးခဲ့ကြပြီး ဖြစ်သည်။

ဂျီနီဗာမြို့ ကုန်သွယ်ရေးဆွေးနွေးပွဲများတွင် အမေရိကန်ဘဏ္ဍာရေးဝန်ကြီး စကော့ဘက်ဆန်၊ အမေရိကန် ကုန်သွယ်ရေးကိုယ်စားလှယ် ဂျေမီဆင်ဂရီးအာနှင့် တရုတ်ဒုတိယဝန်ကြီးချုပ် ဟီလီဖန်းတို့ ပါဝင်ဆွေးနွေးနေကြောင်း သိရသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် သမ္မတရာထူးစတင်ရယူခဲ့သည့် ယခုနှစ် ဇန်နဝါရီလက တရုတ်ထုတ်ကုန်များအပေါ် ၁၄၅ ရာခိုင်နှုန်းထိ အခွန်စည်းကြပ်ခဲ့ပြီး တရုတ်နိုင်ငံက အမေရိကန်ထုတ်ကုန်များကို အခွန်စည်းကြပ်မှု တန်ပြန်ပြုလုပ်ခဲ့ရာ တရုတ်နှင့် အမေရိကန်နိုင်ငံတို့အကြား ကုန်သွယ်ရေးစစ်ပွဲ စတင်ခဲ့ရသည်။

တရုတ်နှင့် အမေရိကန်နိုင်ငံတို့၏ ကုန်သွယ်ရေးစစ်ပွဲကြောင့် ကမ္ဘာ့စီးပွားရေး ထိခိုက်မည့်အရေးကို ကမ္ဘာ့နိုင်ငံများက အထူးစိုးရိမ်ခဲ့ကြသည်။

လက်ရှိကျင်းပဆဲ ဂျီနီဗာဆွေးနွေးပွဲများနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို တရုတ်နှင့် အမေရိကန် နှစ်နိုင်ငံလုံးက ထုတ်ဖော် ပြောကြားခြင်းမရှိကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## အဝါမီလိဂ်ပါတီ၏ နိုင်ငံရေးလှုပ်ရှားမှုများ ဘင်္ဂလားဒေ့ရှ်ကြားဖြတ်အစိုးရပိတ်ပင်

ဒါကာ မေ ၁၁

ဝန်ကြီးချုပ်ဟောင်း ရှိတ်ခ်ဟာဆီနာဦးဆောင်သည့် အဝါမီလိဂ်ပါတီ၏ နိုင်ငံရေးလှုပ်ရှားမှုများအားလုံးကို ဘင်္ဂလားဒေ့ရှ်ကြားဖြတ်အစိုးရအဖွဲ့က ပိတ်ပင်ထားကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဘင်္ဂလားဒေ့ရှ် ကြားဖြတ်အစိုးရသည် အမျိုးသားလုံခြုံရေးဆိုင်ရာပြဿနာများကို အကြောင်းပြ၍ အကြမ်းဖက်ဝါဒတိုက်ဖျက်ရေး အက်ဥပဒေအရ အဝါမီလိဂ်ပါတီ၏ နိုင်ငံရေးလှုပ်ရှားမှုများကို ပိတ်ပင်ခဲ့ခြင်းဖြစ်သည်။



အဝါမီလိဂ်ပါတီကို အကြမ်းဖက်အဖွဲ့အစည်းအဖြစ်သတ်မှတ်ရန် ဆန္ဒပြတောင်းဆိုမှုများ ဖြစ်ပွားခဲ့ပြီးနောက် ယင်းပါတီ၏ နိုင်ငံရေးလှုပ်ရှားမှု ပုံစံအားလုံးကို ဘင်္ဂလားဒေ့ရှ် ကြားဖြတ်အစိုးရက ပိတ်ပင်ခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့်နှစ်အတွင်း ဖြစ်ပွားခဲ့သော ဆန္ဒပြပွဲများအတွင်း အရေးအတွက် ရာနှင့်ချီရှိသည့် ဆန္ဒပြသမားများ သေဆုံးခဲ့ရမှုအတွက် အဝါမီလိဂ်ပါတီနှင့် ခေါင်းဆောင်များအား တရားစွဲဆို စစ်ဆေးမှုများ ပြီးဆုံးချိန်ထိတိုင် အဝါမီလိဂ်ပါတီ၏ လှုပ်ရှားမှုများကို ပိတ်ပင်ထားမည် ဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ်အစိုးရက ပြောကြားထားသည်။

အဝါမီလိဂ်ပါတီခေါင်းဆောင် ဝန်ကြီးချုပ်ဟောင်း ရှိတ်ခ်ဟာဆီနာသည် အစိုးရဆန့်ကျင်ရေး ဆန္ဒပြပွဲ များကြောင့် ပြီးခဲ့သည့်နှစ် ဩဂုတ်လတွင် အိန္ဒိယနိုင်ငံသို့ ထွက်ပြေးခဲ့ရသည်။

ဆန္ဒပြပွဲများအတွင်း အရေးအတွက် ရာနှင့်ချီရှိသော ဆန္ဒပြသမားများ သေဆုံးမှုအတွက် ထိုစဉ်ကာလ အာဏာရပါတီဖြစ်သော အဝါမီလိဂ်ပါတီတွင် တာဝန်ရှိသည်ဟု ဆန္ဒပြသမားများက စွပ်စွဲထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## သီရိလင်္ကာ၌ ခရီးသည်တင်ဘတ်စကား ချောက်ထဲထိုးကျမှုကြောင့် လူ ၂၁ ဦးသေဆုံး



ကိုလံဘို မေ ၁၁

သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့ အရှေ့ဘက် ၈၆ မိုင်ခန့်အကွာတွင် ယနေ့ ခရီးသည်တင်ဘတ်စကား တစ်စီး တောင်ပေါ်လမ်းမှ ချောက်ထဲသို့ ထိုးကျခဲ့ကြောင်း သိရသည်။

ခရီးသည်တင် ဘတ်စကား ချောက်ထဲထိုးကျမှုသည် ကော့မာလီအမည်ရှိမြို့ငယ်တစ်မြို့အနီး ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ဖြစ်စဉ်အတွင်း လူ ၂၁ ဦး သေဆုံးခဲ့ရကြောင်း သိရသည်။

ထို့ပြင် အဆိုပါခရီးသည်တင်ဘတ်စကား မတော်တဆမှုတွင် လူ ၁၄ ဦးလည်း ဒဏ်ရာများရရှိခဲ့ကြောင်း သီရိလင်္ကာတာဝန်ရှိသူများက ပြောကြားထားသည်။

ချောက်ထဲထိုးကျခဲ့သည့် ခရီးသည်တင်ဘတ်စကားပေါ်တွင်လူဦးရေ ၅၀ ခန့် လိုက်ပါလာကြောင်း သိရသည်။

အဆိုပါ ခရီးသည်တင်ဘတ်စကားမှာ နိုင်ငံပိုင်ကုမ္ပဏီတစ်ခုက ပိုင်ဆိုင်သည့် ခရီးသည်တင်ဘတ်စကားဖြစ်ကြောင်း သီရိလင်္ကာတာဝန်ရှိသူများက ပြောကြားထားသည်။

သီရိလင်္ကာနိုင်ငံ၌ အထူးသဖြင့် တောင်ကုန်းတောင်တန်းထူထပ်သည့်ဒေသများ၌ ယာဉ်မတော်တဆမှုများ မကြာခဏဖြစ်ပွားတတ်ကြောင်းသိရသည်။

Ref : Xinhua
Trs : KKO

# SCIENCE AND TECHNOLOGY

## ပရိုဘာ-၃ မစ်ရှင်တွင်ပါဝင်သည့် ဂြိုဟ်တုနှစ်စင်းက မြေပြင်စခန်းထိန်းချုပ်မှုမပါဘဲ နာရီအနည်းငယ်ကြာ ယှဉ်တွဲပျံသန်းနိုင်ခဲ့



ပဲရစ် မေ ၁၁

ဥရောပအာကာသ အေဂျင်စီ၏ ပရိုဘာ-၃ မစ်ရှင်တွင်ပါဝင်သည့် ဂြိုဟ်တုနှစ်စင်းသည် မြေပြင်စခန်းထိန်းချုပ်မှုမပါဘဲ တစ်စင်းနှင့်တစ်စင်း အနီးကပ်နေရာယူ၍ နာရီအနည်းငယ်ကြာ ယှဉ်တွဲပျံသန်းနိုင်ခဲ့ကြောင်း မေ ၁၀ ရက် သတင်းများအရ သိရသည်။

ပရိုဘာ-၃ မစ်ရှင်၏ Corona-graph နှင့် Occulter အမည်ရှိ ဂြိုဟ်တုနှစ်စင်းသည် မြေပြင်စခန်း၏ ထိန်းချုပ်မှုမပါဘဲ တစ်စင်းနှင့် တစ်စင်း မီတာ ၁၅၀ ခွာ၍ ၎င်းပုံစံမပျက်စေဘဲ နာရီအနည်းငယ်ကြာ ပျံသန်းခဲ့ကြခြင်း ဖြစ်ကြောင်း ဥရောပ အာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

ကမ္ဘာ့မြေပြင်အထက် အမြင့် ကီလိုမီတာ ၅၀၀၀၀ အကွာတွင် ကမ္ဘာ၏ဒြပ်ဆွဲအားမှာ လွန်စွာနှမ်းပါးနေပြီဖြစ်ရာ ဂြိုဟ်တုနှစ်စင်း အနေဖြင့် အလိုအလျောက် နေရာချပျံသန်းမှု ပြုလုပ်ရေးအတွက် လောင်စာရည်အနည်းငယ်သာသုံးရန် လိုအပ်ကြောင်း ဥရောပ အာကာသအေဂျင်စီမှ တာဝန်ရှိသူများက ပြောကြားသည်။

ဥရောပအာကာသအေဂျင်စီသည် ပရိုဘာ-၃ မစ်ရှင်ကို နေကြတ်မှုဖြစ်စဉ်တုဖန်တီးရေးရည်ရွယ်ချက်ဖြင့် လွှတ်တင်ထားခြင်းဖြစ်ကြောင်း သိရသည်။

Coronagraph နှင့် Occulter တို့သည် တစ်စင်းနှင့်တစ်စင်း တိကျစွာနေရာယူပျံသန်းခြင်းဖြင့် နေကြတ်မှုဖြစ်စဉ်တုများဖန်တီးပေးမည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## ကမ္ဘာ့ဂြိုဟ်ကို ၅၃ နှစ်ကြာ လှည့်ပတ်နေသည့် ကော့စမော့စ်- ၄၈၂ ဆိုဗီယက်ခေတ် အာကာသယာဉ်က ကမ္ဘာ့လေထုလွှာအတွင်းသို့ ပြန်လည်ဝင်ရောက်ခဲ့

မော်စကို မေ ၁၁

ကမ္ဘာ့ဂြိုဟ်ကို ၅၃ နှစ်ကြာ လှည့်ပတ်နေသည့် ကော့စမော့စ်-၄၈၂ ဆိုဗီယက်ခေတ် အာကာသယာဉ်သည် မေ ၁၀ ရက်တွင် ကမ္ဘာ့လေထုလွှာအတွင်းသို့ ပြန်လည်ဝင်ရောက်ခဲ့ကြောင်း သိရသည်။

ကော့စမော့စ်-၄၈၂ အာကာသယာဉ်သည် ကမ္ဘာ့လေထုလွှာအတွင်း ဝင်ရောက်ခဲ့ပြီးနောက် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တော် အနောက်ဘက် အိန္ဒိယသမုဒ္ဒရာရေပြင်အတွင်း ကျရောက်ခဲ့ကြောင်း ရုရှားအာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

၎င်းအာကာသယာဉ်ကို အဆက်မပြတ် စောင့်ကြည့်နေသော ဥရောပအာကာသအေဂျင်စီကမူ ကော့စမော့စ်-၄၈၂ မှာ ကမ္ဘာ့ပေါ်ရှိ အမည်မသိနေရာတစ်နေရာသို့ ကျရောက်ခဲ့ကြောင်းသာ သတင်းထုတ်ပြန်ထားသည်။



ကော့စမော့စ်-၄၈၂ အာကာသယာဉ်သည် သောကြာဂြိုဟ်ကို လေ့လာရေးအတွက် ဆိုဗီယက်ပြည်ထောင်စုက ၁၉၇၂ ခုနှစ်တွင် လွှတ်တင်ခဲ့သည့် အာကာသယာဉ် ဖြစ်ကြောင်း သိရသည်။

သို့ရာတွင် ၎င်းအာကာသယာဉ်သည် ဒုံးအင်ဂျင်ပြဿနာတစ်ရပ်ကြောင့် ကမ္ဘာ့ပတ်လမ်းမှခွာထွက်နိုင်မှုမရှိခဲ့ဘဲ ကမ္ဘာ့ဂြိုဟ်ကိုသာ ဆက်လက် လှည့်ပတ်ပျံသန်းခဲ့ကြောင်း သိရသည်။

ကော့စမော့စ်-၄၈၂ အာကာသယာဉ်သည် အရွယ်အစားအားဖြင့် အချင်းသုံးပေရှိပြီး အလေးချိန် ၁၀၆၉ ပေါင်ရှိကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## စကြဝဠာအတွင်း မျောလွင့်နေသည့် ရောမအာကာသတွင်းနက်ကြီးတစ်ခုကို နာဆာ၏ ဟက်ဘယ်အာကာသရေဒီယိုတယ်လီစကုပ်က ရှာဖွေတွေ့ရှိထား

ဝါရှင်တန် မေ ၁၁

စကြဝဠာအတွင်း မျောလွင့်နေသည့် ရောမအာကာသတွင်းနက်ကြီးတစ်ခုကို အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့် အာကာသ စီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ဟက်ဘယ်အာကာသ ရေဒီယိုတယ်လီစကုပ်က ရှာဖွေ တွေ့ရှိထားကြောင်း သိရသည်။

အရွယ်အစားအားဖြင့် နေအစင်းပေါင်း တစ်သန်း၏ဒြပ်ထုနှင့်ညီမျှသော အဆိုပါအာကာသတွင်းနက်ကို ကမ္ဘာ့ဂြိုဟ်နှင့် အလင်းနှစ် သန်း ၆၀၀ အကွာတွင် ရှာဖွေ တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သာမန်အားဖြင့် ထိုမျှအရွယ်အစားကြီးမားသည့် အာကာသတွင်းနက်ကြီးများသည် ကြယ်စုကြီးများ၏ ဗဟိုချက်တွင် တည်ရှိနေတတ်သည်။

သို့ရာတွင် ဟက်ဘယ်အာကာသ ရေဒီယိုတယ်လီစကုပ်က ရှာဖွေတွေ့ရှိထားသည့် မဟာအာကာသတွင်းနက်ကမူ ကြယ်စုဗဟိုချက်အနီးရှိမနေဘဲ လွတ်လပ်စွာမျောလွင့်နေသည်ဟု နာဆာ သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

ဟက်ဘယ်အာကာသရေဒီယိုတယ်လီစကုပ်သည် အဆိုပါမဟာအာကာသတွင်းနက်ကို ကြယ်တစ်စင်းအား ဝါးမျိုနေစဉ် ပေါ်ထွက်လာသည့် အလင်းရောင်များမှတစ်ဆင့် ရှာဖွေပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

၎င်းအာကာသတွင်းနက်တည်ရှိရာ ကြယ်စု၏ ဗဟိုချက်တွင် အရွယ်အစား ပိုကြီးမားသည့် မဟာအာကာသ တွင်းနက်တစ်ခု တည်ရှိနေကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

Ref : Russia Today

Trs : KKO

# HEALTH

## ခွဲစိတ်ခန်းသုံး မျက်နှာဖုံးစည်းတစ်မျိုးက ကျောက်ကပ်ရောဂါရှိမရှိကို ဖော်ထုတ်နိုင်

ရောမ မေ ၁၁

အဆင့်မြင့်နည်းပညာ ထည့်သွင်းထားသည့် ခွဲစိတ်ခန်းသုံး မျက်နှာဖုံးစည်းတစ်မျိုးသည် နာတာရှည် ကျောက်ကပ်ရောဂါ ရှိ၊ မရှိကို ဖော်ထုတ်ပေးနိုင်ကြောင်း မေ ၁၀ ရက် သတင်းများအရ သိရသည်။

ရောမတက္ကသိုလ်မှ အီတလီ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ရှူထုတ်လေ အာရုံခံစနစ် တပ်ဆင်ထားသော ခွဲစိတ်ခန်းသုံး မျက်နှာဖုံးစည်းသည် တစ်စုံတစ်ဦးတွင် ကျောက်ကပ်ရောဂါရှိ၊ မရှိကို ဖော်ထုတ်ပေးနိုင်ကြောင်း သိရသည်။

အဆိုပါ မျက်နှာဖုံးစည်းသည် ဝတ်ဆင်သူ၏ ရှူထုတ်လေထဲ၌ ကျောက်ကပ်ရောဂါနှင့် ဆက်စပ်နေသော ဓာတ်ငွေ့များပါဝင်မှု ရှိ၊ မရှိ လေ့လာဆန်းစစ်ပေးခြင်းဖြင့် ကျောက်ကပ်ရောဂါ ရှိ၊ မရှိကို ဖော်ထုတ်ပေးနိုင်သည်ဟု သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

စမ်းသပ်မှုမှ ပေါ်ထွက်လာသောရလဒ်များအရ ရှူထုတ်လေ အာရုံခံစနစ် တပ်ဆင်ထားသည့် မျက်နှာဖုံးစည်းသည် ဝတ်ဆင်သူ၌ ကျောက်ကပ်ရောဂါ ရှိ၊ မရှိကို ၈၄ ရာခိုင်နှုန်း တိကျစွာဖော်ထုတ်ပေးနိုင်ကြောင်း သိရသည်။

မိမိတို့ ဖန်တီးထားသည့် အထက်ပါ မျက်နှာဖုံးစည်းသည် ကျောက်ကပ်ရောဂါ လူနာများ၏ ရောဂါအတိုးအဆုတ်ကို ဖော်ထုတ်ပေးခြင်းဖြင့် ရောဂါအားထိန်းချုပ်နိုင်စွမ်းကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း အီတလီသုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

Ref : Sputnik News

Trs : KKO

## Sleep Apnea ပြဿနာကြောင့် ဦးနှောက်စွမ်းဆောင်ရည် ကျဆင်းလာနိုင်

နယူးယောက် မေ ၁၁

အိပ်စက်ချိန် လေပြွန်ပိတ်ဆို့မှု ပြဿနာ (Sleep Apnea) ကြောင့် ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ (Dementia) ဖြစ်နိုင်ခြေ မြင့်တက်လာနိုင်ကြောင်း မေ ၁၀ ရက် သတင်းများအရ သိရသည်။

အိပ်စက်နေချိန် လေပြွန်ပိတ်ဆို့မှုဖြစ်ပွားချိန်တွင် သွေးအတွင်း အောက်ဆီဂျင် ပါဝင်မှုနှုန်း ကျဆင်းလာတတ်မှုသည် မှတ်ဉာဏ်နှင့် ဆက်စပ်နေသည့် ဦးနှောက်နယ်မြေများ ထိခိုက်ပျက်စီးသွားနိုင်ကြောင်း ကယ်လီဖိုးနီးယားတက္ကသိုလ်မှ အမေရိကန် သုတေသန ပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အိပ်စက်ချိန် လေပြွန်ပိတ်ဆို့မှုကြောင့် သွေးအတွင်း အောက်ဆီဂျင်ပါဝင်မှုနှုန်း ပိုမိုကျဆင်းလေလေ ဦးနှောက်နယ်မြေများ ထိခိုက်ပျက်စီးမှုလည်း ပိုမိုကြီးမားလာလေလေဖြစ်ကြောင်း သိရသည်။

အမေရိကန်သုတေသနပညာရှင်များသည် အိပ်စက်ချိန်လေပြွန်ပိတ်ဆို့မှုပြဿနာရှိသူ ၂၇ ဦးအပါအဝင် ပျမ်းမျှ အသက် ၇၃ နှစ်အရွယ်ရှိသူ လူပေါင်း ၃၇ ဦးတို့ကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှပေါ်ထွက်လာသည့်ရလဒ်များအရ Sleep Apnea ပြဿနာကြောင့် သွေးအတွင်း အောက်ဆီဂျင် ကျဆင်းသွားချိန်တွင် မှတ်ဉာဏ်နှင့် ဆက်စပ်နေသည့် ဦးနှောက်နယ်မြေများ ပျက်စီးမှုအဆင့် မြင့်တက်လာသည်ကို တွေ့ရကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Russia Today

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# လာလီဂါသမိုင်းတွင် အမြန်ဆုံး ဟက်ထရစ်ဂိုးသွင်းယူသည့် ကစားသမားအဖြစ် ဆိုးလော့ မှတ်တမ်းဝင်

**မက်ဒရစ် မေ ၁၁**

အေတီကိုအသင်းက ဆိုစီဒက်အသင်းကို လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် အေတီကိုအသင်း တိုက်စစ်မှူး ဆိုးလော့က ပွဲကစားချိန် လေးမိနစ်အတွင်း ဟက်ထရစ်ဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် လာလီဂါသမိုင်းတစ်လျှောက် အမြန်ဆုံးဟက်ထရစ်ဂိုး သွင်းယူနိုင်သည့် ကစားသမားဖြစ်လာခဲ့သည်။

အဆိုပါပွဲစဉ်သည် ပွဲကစားချိန် ခုနစ်မိနစ်၊ ၁၀ မိနစ်နှင့် ၁၁ မိနစ်တို့တွင် အေတီကိုအသင်းအတွက် ဂိုးများ သွင်းယူနိုင်ခဲ့သဖြင့် လေးမိနစ်အတွင်း ဟက်ထရစ်ဂိုး သွင်းယူနိုင်ခဲ့သောကြောင့် လာလီဂါ သမိုင်းတစ်လျှောက်တွင် ရှစ်မိနစ်အတွင်း ဟက်ထရစ်ဂိုး သွင်းယူနိုင်ခဲ့သည့် ၁၉၄၁ ခုနှစ်က တိုက်စစ်မှူး အက်မန်ဒိုဆွာရက်ဇ်၊ ၁၉၂၉ ခုနှစ်က တိုက်စစ်မှူး ကာလက်စ်ဘက်တစ်တို့၏ စံချိန်ကို ကျော်ဖြတ်၍ အမြန်ဆုံးဂိုးသွင်းယူနိုင်သည့် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ထို့ပြင် တိုက်စစ်မှူး ဆိုးလော့သည် ပွဲကစားချိန် မိနစ် ၃၀ တွင် သွင်းဂိုး တစ်ဂိုး ထပ်မံသွင်းယူခဲ့သဖြင့် ပထမပိုင်းပွဲကစားချိန်အတွင်း သွင်းဂိုး လေးဂိုးထိ သွင်းယူနိုင်ခဲ့ပြီး ၁၉၄၁ ခုနှစ်က ဗလင်စီယာတိုက်စစ်မှူး အက်မက်ဒိုဆွာရက်ဇ်၏ ပထမပိုင်းပွဲချိန်အတွင်း သွင်းဂိုး လေးဂိုးရရှိခဲ့သည့် စံချိန်ကို လိုက်မီခဲ့ကြောင်း သိရသည်။

တိုက်စစ်မှူး ဆိုးလော့သည် ၂၀၂၁ ခုနှစ်မှ ၂၀၂၃ ခုနှစ်အတွင်း ဗီလာရီးရဲလ်အသင်းနှင့် ကစားခဲ့စဉ်ကလည်း ရီးရဲလ်မက်ဒရစ်အသင်းနှင့်ပွဲစဉ်တွင် လေးဂိုး သွင်းယူနိုင်ခဲ့သဖြင့် ယခုတစ်ကြိမ်အပါအဝင် လာလီဂါသမိုင်းတွင် တိုက်စစ်မှူး စီရော်နယ်ဒို၊ တိုက်စစ်မှူးမက်ဆီ၊ တိုက်စစ်မှူး ဆွာရက်ဇ်တို့နှင့်အတူ ပြိုင်ပွဲတစ်ပွဲအတွင်း သွင်းဂိုး လေးဂိုး နှစ်ကြိမ်ထိ သွင်းယူနိုင်သည့် ကစားသမားစာရင်းတွင် ပါဝင်ခဲ့ကြောင်း သိရသည်။

**Ref : Espn**

**Trs : ML**



## အားကစားသတင်းအတိုအထွာများ

- ဂါလာတာစာရေးအသင်းတိုက်စစ်မှူး ရီးလ်မက်ဇ်ကို ခေါ်ယူနိုင်ရန် ပရီးမီးယားလိဂ်ပြိုင်ဘက် နော့တင်ဟမ်အသင်းနှင့် ဝက်စ်ဟမ်းအသင်းတို့က အပြိုင်ကြိုးပမ်းနေပြီး ကစားသမား၏ပြောင်းရွှေ့ကြေးမှာ ယူရို သန်း ၄၀ ဝန်းကျင်ရှိကြောင်း သိရသည်။
- အယ်ကလက်စီကိုပြိုင်ပွဲတွင် ဘာစီလိုနာအသင်းက ရီးရဲလ်မက်ဒရစ်အသင်းကို လေးဂိုး သုံးဂိုးဖြင့် အနိုင်ရခဲ့သောကြောင့် ရမှတ်ခုနစ်မှတ် ဖြတ်တောက်နိုင်ခဲ့ပြီး ချန်ပီယံဆုရရှိရန် သေချာလျက်ရှိကြောင်း သိရသည်။
- လက်စတာအသင်းကို နှစ်ဂိုးစီ သရေရလဒ်သာ ကစားနိုင်ခဲ့သည့် နော့တင်ဟမ်အသင်းအနေဖြင့် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရန် မျှော်လင့်ချက်နည်းပါးခဲ့ကြောင်း သိရသည်

**ML**

# WBO ဖယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံဘွဲ့ကို နာဗာရက်တီ ကာကွယ်နိုင်ခဲ့



**ဆန်ဒီယေဂို မေ ၁၁**

WBO ဖယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံ မက္ကဆီကိုနိုင်ငံသား နာဗာရက်တီနှင့် စိန်ခေါ်သူ ဖိလစ်ပိုင်နိုင်ငံသား ဆွာရက်ဇ်တို့ ယနေ့တွင် အမေရိကန်နိုင်ငံ ဆန်ဒီယေဂိုမြို့၌ ထိုးသတ်ခဲ့ရာ နာဗာရက်တီက ဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ရရှိကာ လက်ရှိချန်ပီယံဘွဲ့ကို ကာကွယ်နိုင်ခဲ့ကြောင်း ဖော်ပြခဲ့သည်။

နာဗာရက်တီသည် ရှစ်ချီမြောက်တွင် ဆွာရက်ဇ်အား ဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး ဆွာရက်ဇ်အတွက် ပထမဆုံးရှုံးပွဲဖြင့် ရင်ဆိုင်ခဲ့ရသည်။ နာဗာရက်တီအနေဖြင့် ဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ရခဲ့သော်လည်း ခြောက်ချီမြောက်တွင် အငြင်းပွားဖွယ်ရာဖြစ်ခဲ့ပြီး နာဗာရက်တီသည် ဦးခေါင်းဖြင့် တိုက်ခဲ့ခြင်းဖြစ်ရာ အဆိုပါတိုက်ချက်ကြောင့် ဆွာရက်ဇ် ပြင်းထန်စွာဒဏ်ရာရရှိသွားခဲ့သော်လည်း ကြိုးဝိုင်းဒိုင်က Foul အဖြစ် မသတ်မှတ်ခဲ့သည့်အတွက် အငြင်းပွားဖွယ်ရာဖြစ်ခဲ့ရသည်။

အဆိုပါ ဦးခေါင်းတိုက်ချက်ကြောင့်လည်း ဆွာရက်ဇ်အနေဖြင့် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ပြီး ၎င်းဒဏ်ရာရရှိခဲ့သောနေရာကို ဖိထိုးလာသော နာဗာရက်တီ၏ထိုးချက်ကြောင့် ဒိုင်ပွဲရပ်ရလဒ်ဖြင့် အရှုံးပေးခဲ့ရခြင်းဖြစ်သည်။

နာဗာရက်တီက "လက်ရှိချန်ပီယံဘွဲ့ကို ကာကွယ်နိုင်ခဲ့လို့ဝမ်းသာပါတယ်။ ပြီးပြည့်စုံတဲ့ စွမ်းဆောင်ရည်တွေ ပြသနိုင်ခဲ့တယ်လို့လည်း ခံစားမိတယ်။ ဦးခေါင်းနဲ့ မတော်တဆတိုက်မိခဲ့တာကိုတော့ စိတ်မကောင်းဖြစ်မိပါတယ်။ မတော်တဆဖြစ်သွားခဲ့တာပါ။ တမင်တကာရည်ရွယ်ပြီး လုပ်ခဲ့တာမဟုတ်ပါဘူး။ ကျွန်တော့်အနေနဲ့ ပထမအချီကနေ စတင်ပြီးတော့ ပွဲသိမ်းသွားတဲ့အထိ အားနည်းချက်မရှိခဲ့ဘူးလို့လည်းမြင်မိပါတယ်။ နှစ်ယောက်စလုံး မျက်ခုံးကွဲခဲ့ကြတယ်။ ဒဏ်ရာကိုလည်း ဆေးကုသမှုတွေခံယူခဲ့ကြရတယ်။ အကြိတ်အနယ်ရှိတဲ့ စိန်ခေါ်ပွဲဖြစ်ပါတယ်။ ဆွာရက်ဇ်လည်း ကမ္ဘာ့ချန်ပီယံတစ်ယောက်ရဲ့ စွမ်းဆောင်ရည်မျိုး ပြသနိုင်ခဲ့ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : AZL**

# ဘွန်ဒက်လီဂါပြိုင်ပွဲသို့ ဟမ်းဘတ်အသင်း တိုက်ရိုက်တန်းတက်ခွင့်ရရှိ

**ဘာလင် မေ ၁၁**

ဘွန်ဒက်လီဂါ လိဂ်-၂ ပြိုင်ပွဲအဖြစ်ကစားခဲ့သည့် ဟမ်းဘတ်အသင်းနှင့် ယူအယ်လ်အမ်အသင်းတို့ပွဲစဉ်တွင် ဟမ်းဘတ်အသင်းက ခြောက်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သောကြောင့် ပြိုင်ပွဲပြီးဆုံးရန် တစ်ပွဲအလိုတွင် တတိယနေရာမှ အယ်ဗာဘာက်စ်အသင်းကို ရမှတ် ဖြတ်တောက်နိုင်ခဲ့သဖြင့် ဘွန်ဒက်လီဂါပြိုင်ပွဲသို့ တိုက်ရိုက်တန်းတက်ခွင့်ရရှိခဲ့သည်။

ဘွန်ဒက်လီဂါ ချန်ပီယံဆု ခြောက်ကြိမ်ထိ ရရှိထားသည့် ဟမ်းဘတ်အသင်းသည် ၂၀၁၈ ခုနှစ်က လိဂ်-၂ ပြိုင်ပွဲသို့ တန်းဆင်းခဲ့ရပြီးနောက် လိဂ်-၂ ပြိုင်ပွဲတွင် အဆင့်(၄)နေရာဖြင့် ဘောလုံးရာသီငါးရာသီထိ ရပ်တည်နိုင်ခဲ့ကာ အဆင့်(၃)နေရာတွင် ဘောလုံးရာသီ နှစ်ရာသီထိ ရောက်ရှိခဲ့သောကြောင့် play-off ကစားခွင့် နှစ်ကြိမ်ရရှိခဲ့သော်လည်း နှစ်ကြိမ်စလုံး ရှုံးနိမ့်ခဲ့ပြီး တန်းတက်ခွင့်နှင့် လွဲချော်ခဲ့ကြောင်း သိရသည်။

ယခုနှစ် ဘောလုံးရာသီတွင် ဟမ်းဘတ်အသင်းသည် အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၃၃) တွင် ယူအယ်လ်အမ်အသင်းကို ခြောက်ဂိုးပြတ် အနိုင်ရခဲ့သဖြင့် ရမှတ် ၅၉ မှတ်ထိရရှိခဲ့ပြီး ဒုတိယနေရာမှ ကိုလုံးအသင်းကို ရမှတ်တစ်မှတ်အသာဖြင့် ဦးဆောင်နိုင်ခဲ့သည့်အပြင် တတိယနေရာမှ ရမှတ် ၅၅ မှတ်ရရှိခဲ့သည့် အယ်ဗာဘတ်အသင်းကို ရမှတ်လေးမှတ် ဖြတ်တောက်နိုင်ခဲ့သဖြင့် ပြိုင်ပွဲပြီးဆုံးရန် တစ်ပွဲအလိုတွင်



တိုက်ရိုက်တန်းတက်ခွင့် ရရှိခဲ့ခြင်းဖြစ်သည်။

ဘွန်ဒက်လီဂါလိဂ်-၂ ပြိုင်ပွဲ နောက်ဆုံးပွဲစဉ်တွင် တိုက်ရိုက်တန်းတက်ခွင့်အတွက် အဆင့်(၂)မှ ကိုလုံးအသင်း၊ အဆင့်(၃)မှ အယ်ဗာဘတ်အသင်း၊ အဆင့်(၄)မှ ပက်ဒါဘွန်းအသင်းတို့သည့် ရမှတ်ကွာဟမှု ကျဉ်းမြောင်းနေမှုကြောင့် တန်းတက်ခွင့် တစ်နေရာအတွက် အကြိတ်အနယ် ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

**Ref : Espn**

**Trs : ML**

# ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ရမှတ်အနည်းဆုံးဖြင့် တန်းဆင်းခဲ့သည့် ဒါဘီအသင်းစံချိန်ကို ဆောက်သမ်တန်အသင်း ကျော်ဖြတ်နိုင်ခဲ့



**လန်ဒန် မေ ၁၁**

ဆောက်သမ်တန် အသင်းသည် မန်စီးတီးအသင်းနှင့် ကစားခဲ့သည့် အမှတ်ပေးပြိုင်ပွဲတွင် ဂိုးမရှိသရေရလဒ် ရရှိအောင် ကစားနိုင်ခဲ့ပြီးနောက် အမှတ်ပေးပြိုင်ပွဲတွင် ရမှတ်အနည်းဆုံးဖြင့် တန်းဆင်းခဲ့ရသည့် ဒါဘီအသင်း၏ မှတ်တမ်းဆိုးကို ကျော်ဖြတ်နိုင်ခဲ့ကြောင်း သိရသည်။

ပရီးမီးယားလိဂ် ပြိုင်ပွဲတွင် ၂၀၀၈ ခုနှစ်က ဒါဘီအသင်းသည် အမှတ်ပေးပြိုင်ပွဲ ပြီးဆုံးချိန်တွင် ရမှတ် ၁၁ မှတ်သာရရှိခဲ့ပြီး တန်းဆင်းခဲ့ရသဖြင့် ပြိုင်ပွဲသမိုင်းတစ်လျှောက် ရမှတ်အနည်းဆုံးဖြင့် တန်းဆင်းခဲ့သည့် အသင်းအဖြစ် မှတ်တမ်းဆိုးတစ်ရပ် ပိုင်ဆိုင်ခဲ့ပြီး ယခုရာသီတွင် ဆောက်သမ်တန်အသင်းအနေဖြင့် အမှတ်ပေးပြိုင်ပွဲ ၃၅ ပွဲ ကစားပြီးချိန်ထိ ရမှတ် ၁၁ မှတ်သာ ရရှိခဲ့သောကြောင့် ဒါဘီအသင်း၏ စံချိန်နှင့် တူညီခဲ့သော်လည်း မန်စီးတီးအသင်းနှင့်ပွဲစဉ်တွင် ဂိုးမရှိ သရေရလဒ်ကစားနိုင်ခဲ့ကာ ရမှတ် တစ်မှတ် ရယူနိုင်ခဲ့သဖြင့် ရမှတ် ၁၂ မှတ်ရရှိခဲ့ကြောင်း သိရသည်။

ဆောက်သမ်တန် အသင်းသည် ပွဲစဉ် ၃၁ အပြီးတွင် နည်းပြဂျူရစ်ကို ရာထူးမှထုတ်ပယ်၍ ယာယီနည်းပြအဖြစ် နည်းပြဆိုင်မွန်ရက်စ်ကို ခန့်အပ်ခဲ့ရာ ပွဲစဉ်(၃၃)တွင် ဝက်စ်ဟမ်းအသင်းကို တစ်ဂိုးစီ သရေရလဒ် ကစားနိုင်ခဲ့သည့်အပြင် ယခုပွဲစဉ် (၃၆)တွင်လည်း မန်စီးတီးအသင်းကို ဂိုးမရှိ သရေရလဒ် ကစားနိုင်ခဲ့သဖြင့် အမှတ်ပေးပြိုင်ပွဲတွင် နှစ်ပွဲနိုင်၊ ခြောက်ပွဲသရေ၊ ၂၈ ပွဲရှုံးဖြင့် ရမှတ် ၁၂ မှတ်ရရှိခဲ့ပြီး ရမှတ်အနည်းဆုံးဖြင့် တန်းဆင်းရမည့် မှတ်တမ်းဆိုးကို ကျော်ဖြတ်နိုင်ခဲ့ကြောင်း သိရသည်။

**Ref : Daily mail**

**Trs : ML**

# Ballon d'Or ဆုအတွက် ပီအက်စ်ဂျီအသင်းမှ ဒမ်ဘီလီ ရေပန်းစားနေ

ပဲရစ် မေ ၁၁

ချန်ပီယံလိဂ်ပြိုင်ပွဲ ဗိုလ်လုပွဲသို့ ပီအက်စ်ဂျီအသင်းနှင့် အင်တာမီလန်အသင်းတို့ တက်ရောက်နိုင်ခဲ့ပြီးနောက် ပီအက်စ်ဂျီအသင်း တိုက်စစ်ကစားသမား ဒမ်ဘီလီအနေဖြင့် ကမ္ဘာ့အကောင်းဆုံးကစားသမားဆု(Ballon d'Or) အတွက် ရေပန်းအစားဆုံးဖြစ်နေကြောင်း သိရသည်။

အစောပိုင်းက ကမ္ဘာ့အကောင်းဆုံးကစားသမားဆု(Ballon d'Or) အတွက် ရေပန်းစားမှုတွင် လီဗာပူးအသင်း တိုက်စစ်ကစားသမား ဆာလာဟ်က ထိပ်ဆုံးမှ ရေပန်းစားနေသော်လည်း လီဗာပူးအသင်းအနေဖြင့် ကွာတားဖိုင်နယ်အဆင့်မှ ထွက်ခွာခဲ့ရပြီးနောက် ရေပန်းစားမှုများ လျော့ကျလာခဲ့ရသည်။

ဆာလာဟ်ပြီးလျှင် ကမ္ဘာ့အကောင်းဆုံး ကစားသမားဆု (Ballon d'Or)အတွက် ဘာစီလိုနာအသင်းမှ ရာဖင်ဟာနှင့် လမိုင်းယာမယ်တို့က ရေပန်းစားခဲ့သော်လည်း ဘာစီလိုနာအသင်းအနေဖြင့် ဆီမီးဖိုင်နယ်အဆင့်တွင် အင်တာမီလန်အသင်းကို ရှုံးနိမ့်ပြီး ပြိုင်ပွဲမှ ထွက်ခွာခဲ့ရပြီးနောက် ရေပန်းစားမှုများ လျော့ကျလာခဲ့ပြီး ဒမ်ဘီလီက ထိပ်ဆုံးသို့ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

ပီအက်စ်ဂျီအသင်း ဗိုလ်လုပွဲအဆင့် တက်ရောက်နိုင်ခဲ့ပြီးနောက် အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်း ပြသလျက်ရှိနေသည့် ဒမ်ဘီလီသည် ကမ္ဘာ့အကောင်းဆုံးကစားသမားဆု(Ballon d'Or) ဆုအတွက် အလေးပေးမှုတွင် ၂:၁လေးဖြင့် ထိပ်ဆုံးတွင် ရပ်တည်နေပြီး ၎င်း၏နောက်တွင် ဘာစီလိုနာအသင်းမှ လူငယ်ကစားသမား လမိုင်းယာမယ်က ၇:၂ လေးဖြင့် ရပ်တည်နေသည်။



ဒမ်ဘီလီသည် ယခုနှစ် ဘောလုံးရာသီတွင် ပီအက်စ်ဂျီအသင်းနှင့်အတူ ပြိုင်ပွဲစုံ ၄၆ ပွဲ ကစားပြီးချိန်တွင် ၃၃ ဂိုးထိ သွင်းယူထားပြီး ချန်ပီယံလိဂ်ပြိုင်ပွဲတွင်လည်း ရှစ်ဂိုးသွင်းယူထားကြောင်း သိရသည်။

Ref : Fotmob

Trs : STA

# မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ဘောလုံးနှင့် ဖူဆယ်ဒိုင်လူကြီးသင်တန်းများ အခမဲ့ဖွင့်လှစ်မည်

ရန်ကုန် မေ ၁၁

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က အခြေခံဘောလုံးနှင့် ဖူဆယ်ဒိုင်လူကြီးသင်တန်းများကို ရန်ကုန်မြို့ရှိ သုဝဏ္ဏအားကစားကွင်း သတင်းစာရှင်းလင်းပွဲခန်းမတွင် အခြေခံဘောလုံးဒိုင်လူကြီးသင်တန်းဖြစ်သည့် MFF Basic Referee Course 1/2025 သင်တန်းနှင့် ဖူဆယ်ဒိုင်လူကြီးသင်တန်းဖြစ်သည့် MFF Basic Futsal Referee Course 1/2025 သင်တန်းတို့ကို အခမဲ့ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အခြေခံ ဘောလုံးဒိုင်လူကြီးသင်တန်းဖြစ်သည့် MFF Basic Referee Course 1/2025 သင်တန်းကို သင်တန်းသားဦးရေ ၃၀ ထိ လက်ခံဖွင့်လှစ်ပေးသွားမည်ဖြစ်ပြီး သင်တန်းကို လာမည့် ဇွန် ၃ရက်မှ ၉ ရက်ထိ ခုနစ်ရက်ကြာ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်သည်။

အလားတူ MFF Basic Futsal Referee Course 1/2025 သင်တန်းကိုလည်း သင်တန်းသားဦးရေ ၃၀ထိလက်ခံ ဖွင့်လှစ်ပေးသွားမည်ဖြစ်ပြီး သင်တန်းကို လာမည့် ဇွန် ၁၁ ရက်မှ ၁၇ ရက်ထိ ခုနစ်ရက်ကြာ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်သည်။

အဆိုပါသင်တန်းတက်ရောက်လိုသူများအနေဖြင့် စည်းကမ်းချက်များအဖြစ် အသက် ၁၈ နှစ်ထက်မကြီးသူ ပညာအရည်အချင်း အနည်းဆုံး အထက်တန်းအဆင့်၊ ကျန်းမာကြံ့ခိုင်ပြီး ပြေးလွှားလှုပ်ရှားနိုင်သူ၊ မျက်မှန်တပ်သူမဖြစ်စေရဟုထုတ်ပြန်ထားပြီး သင်တန်းကာလပြီးဆုံးသည်ထိ တက်ရောက်နိုင်သူ ဖြစ်ရမည်ဖြစ်ကြောင်း သိရသည်။

STA

# Truist Championship ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို ရှိန်းလော်ရီနှင့် စထရာကာတို့ ပူးတွဲဦးဆောင်



ရောမ မေ ၁၁

အမေရိကန်နိုင်ငံ ပင်ဆယ်ဗေးနီးယားပြည်နယ် ဖီလာဒဲလ်ဖီးယားမြို့တွင် ကျင်းပနေသည့် Truist Championship ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့အပြီးတွင် အိုင်ယာလန် ဂေါက်သီးရိုက်ကစားသမား ရှိန်းလော်ရီနှင့် ဩစတြီးယား ဂေါက်သီးရိုက်ကစားသမား စထရာကာတို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၄ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယားကို ပူးတွဲဦးဆောင်နေကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမားများ ဖြစ်ကြသည့် ဂျက်စတင်သောမတ်စ်နှင့် မစ်ချယ်လ်တို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၁ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်နေပြီး ဂျပန်ဂေါက်သီးရိုက်ကစားသမား မက်ဆူယာမာက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၀ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်လျက်ရှိသည်။

စထရာကာက တတိယနေ့တွင် Birdies ငါးကျင်းရခဲ့ပြီးBogey တစ်ကျင်းရခဲ့သည့်အတွက် ရှိန်းလော်ရီနှင့်အတူ အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။

ရှိန်းလော်ရီက "တတိယနေ့မှာ ကစားနိုင်ခဲ့တဲ့ စွမ်းဆောင်ရည်အပေါ်မှာ အားရကျေနပ်မှု အပြည့်အဝရှိပါတယ်။ ဒါပေမဲ့ တတိယနေ့ရာသီဥတုက တော်တော်လေးကို ကစားရခက်ခဲစေပါတယ်။ အထူးသဖြင့် လေတိုက်နှုန်းမြင့်မားတဲ့အတွက် ကစားရခက်ခဲခဲ့တာပါ။ မှန်းဆရခက်တဲ့အတွက် စိတ်ရှည်ရှည်ထားပြီး ကစားခဲ့ရတယ်။ နောက်ဆုံးနေ့ကို အမှတ်ပေးဇယား ဦးဆောင်သူတစ်ယောက်အနေနဲ့ ကစားခွင့်ရမှာကိုလည်း စိတ်လှုပ်ရှားမိပါတယ်။ နောက်ဆုံးနေ့မှာရင်ဆိုင်ရမဲ့ အခက်အခဲတွေကို အကောင်းဆုံးကျော်ဖြတ်နိုင်မယ်လို့ ယုံကြည်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

# MNL League Cup 2025 ပြိုင်ပွဲတွင် ရတနာပုံအက်ဖ်စီ၊ ISPEနှင့် ဒဂုံစတားအသင်းတို့ အနိုင်ရရှိ



ရန်ကုန် မေ ၁၁

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် MNL League Cup 2025 ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင် ဆက်လက်ကျင်းပခဲ့ရာ ရတနာပုံအက်ဖ်စီ၊ ISPE နှင့် ဒဂုံစတားအသင်းတို့ နိုင်ပွဲများရရှိခဲ့ကြောင်း သိရသည်။

MNL League Cup 2025 ပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ တက္ကသိုလ်အားကစားကွင်းတွင် Glory Goal အသင်းနှင့် ISPE အသင်းတို့ ကစားခဲ့ရာ ISPE အသင်းက သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ISPE အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၄၂ မိနစ်နှင့် ပွဲချိန် ၄၅ မိနစ်ပြည့်ပြီး အချိန်ပို နှစ်မိနစ်တို့တွင် သိန်းဇော်သီဟနှင့် ပွဲချိန် ၆၃ မိနစ်တွင် စောဆေးကပေါ်ဆေးတို့က သွင်းယူပေးနိုင်ခဲ့သည်။

အလားတူ သုဝဏ္ဏအားကစားကွင်းတွင် မြဝတီအက်ဖ်စီအသင်းနှင့် ဒဂုံစတားအသင်းတို့ ကစားခဲ့ရာ ဒဂုံစတားအသင်းက သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ဒဂုံစတားအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၈ မိနစ်နှင့် ၂၄ မိနစ်တို့တွင် စွမ်းထက်နှင့် ပွဲချိန် ၇၆ မိနစ်တွင် ထက်ဖြိုးဝေတို့က သွင်းယူပေးနိုင်ခဲ့သည်။

ဆက်လက်ပြီး ပဒုမ္မာအားကစားကွင်းတွင် ငွေကြယ်ပွင့်လေးများအသင်းနှင့် ရတနာပုံအက်ဖ်စီအသင်းတို့ ကစားခဲ့ရာ ရတနာပုံအက်ဖ်စီ အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ရတနာပုံအက်ဖ်စီအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၇၁ မိနစ်တွင် ပြည့်မိုးနှင့် ပွဲချိန် ၈၂ မိနစ်တွင် စိုးမင်းဦးတို့က သွင်းယူပေးနိုင်ခဲ့သည်။

MNL League Cup 2025 ပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ် မေ ၁၂ ရက် ညနေ ၄ နာရီတွင် YUSC အားကစားကွင်းတွင် ရခိုင်ယူနိုက်တက်အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ ဆက်လက်ယှဉ်ပြိုင် ကစားမည်ဖြစ်ကြောင်း သိရသည်။

STA

# Italian Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် ဂျန်နစ်ခ်ဆင်နာက နာဗိုနီကို အနိုင်ရရှိ

ရောမ မေ ၁၁

အီတလီနိုင်ငံ ရောမမြို့တွင် ကျင်းပနေသည့် Italian Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်ပွဲစဉ်တစ်ပွဲအဖြစ် ကမ္ဘာ့အဆင့်(၁) အီတလီ တင်းနစ်ကစားသမား ဂျန်နစ်ခ်ဆင်နာက အာဂျင်တီးနား တင်းနစ်ကစားသမား နာဗိုနီနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ဂျန်နစ်ခ်ဆင်နာက (၆-၃၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိကာ တတိယအဆင့်သို့ တက်ရောက်သွားကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျန်နစ်ခ်ဆင်နာ အနေဖြင့် သုံးလပွဲပယ်ပြစ်ဒဏ် ကျခံခဲ့ရပြီးနောက် ပြိုင်ပွဲအတွင်း ပထမဆုံးအကြိမ် ပါဝင်ယှဉ်ပြိုင်ခွင့်ရခဲ့ပြီး ပွဲဦးထွက်တွင် အကောင်းဆုံးပုံစံဖြင့် အနိုင်ရခဲ့ခြင်းဖြစ်ပြီး ချန်ပီယံလက်စွမ်းမျိုးလည်း ပြသနိုင်ခဲ့သည်။

ဂျန်နစ်ခ်ဆင်နာက "အခုလိုပြိုင်ပွဲဝင်ခွင့်ရဖို့အတွက် အချိန်အကြာကြီး စောင့်ဆိုင်းခဲ့ရတယ်။ အခုလို ပြိုင်ပွဲပြန်ဝင်ခွင့်ရခဲ့တာကို အရမ်းဝမ်းသာမိသလို အရမ်းလည်း စိတ်လှုပ်ရှားမိပါတယ်။ ပွဲဦးထွက်မှာ အကောင်းဆုံးကစားနိုင်ခဲ့လို့လည်း ဝမ်းသာမိပါတယ်။ အခုမှ ပွဲဦးထွက်ဆိုတော့လည်း လိုအပ်ချက်တွေတော့ ရှိပါသေးတယ်။ ဒီထက်ပိုကောင်းအောင် ကစားနိုင်အုံးမယ်လို့ ယုံကြည်တယ်။ ပရိသတ်တွေရဲ့ အားပေးမှုကလည်း အံ့မခန်းပါပဲ။ အီတလီပရိသတ်တွေရဲ့ ကျွန်တော့်အပေါ်မှာထားတဲ့ မျှော်လင့်ချက်တွေကို အကောင်အထည်ဖော်နိုင်အောင် ကြိုးစားသွားမှာပါ"ဟု ပြောကြားခဲ့သည်။



ဂျန်နစ်ခ်ဆင်နာသည် တတိယအဆင့်တွင် နယ်သာလန်တင်းနစ်ကစားသမား ဒီဂျောင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : AZL

# ဂုဏ်သိက္ခာနှင့် အရည်အသွေးကိုပြသဖို့ စာမေးပွဲပြန်လည်ဖြေဆိုကြပါစို့

မောင်သောင်းဝင်း(တမန်ဟောင်း)

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှုသည် ထိုနိုင်ငံရှိ ပြည်သူအားလုံး ပညာတတ်မြောက်မှုနှုန်းအပေါ်တွင် များစွာမူတည်လျက်ရှိသောကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးသည် နိုင်ငံသားများ၏ပညာရည်မြင့်မားရေးအတွက် ရေတို၊ ရေရှည်စီမံချက်များ၊ သုတေသနလုပ်ငန်းများဆောင်ရွက်ရန် ငွေကြေးရင်းနှီးမြှုပ်နှံဆောင်ရွက်လျက်ရှိကြသည်။ ထို့အတူမြန်မာနိုင်ငံတွင်လည်း မျိုးဆက်သစ်ရင်သွေးငယ်များပညာရည်မြင့်မားရေးအတွက် ပညာရေးကဏ္ဍတွင် ငွေကြေးမြောက်မြားစွာကျခံသုံးစွဲပြီး အလေးထားဆောင်ရွက်လျက်ရှိသည်။

**ပြန်လည်ကျင်းပစစ်ဆေးမည်**

မတ်လ ၂၈ ရက်တွင် အင်အားပြင်းထန်သော မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့သည်။ ထိုငလျင်ကြီးကြောင့် ထိခိုက်ဆုံးရှုံးမှုများပြားခဲ့သည်။ အထူးသဖြင့် ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေတို့တွင် စစ်ဆေးခဲ့သည့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အဖြေလွှာများကို မန္တလေးတက္ကသိုလ်တွင် စာစစ်လုပ်ငန်းများဆောင်ရွက်နေစဉ် အဆိုပါငလျင်ကြီးကြောင့် အဖြေလွှာများမီးလောင်ပျက်စီးဆုံးရှုံးခဲ့သည်။ ထို့ကြောင့် အဆိုပါဒေသများရှိ ကျောင်းသား၊ ကျောင်းသူများအတွက်တရားမျှတမှု၊ ဂုဏ်သိက္ခာနှင့် စစ်မှန်သောအရည်အချင်းတို့ကို ဖော်ပြခွင့်ရရှိစေရန် တက္ကသိုလ်ဝင်စာမေးပွဲကို ၂၀၂၅ ခုနှစ် ဇွန်လ ၁၆ ရက်မှ ၂၁ ရက်နေ့ထိ ပြန်လည်ကျင်းပစစ်ဆေးသွားမည်ဖြစ်သည်။

**ဂုဏ်သိက္ခာနှင့် တရားမျှတမှု**

ပညာရေးဝန်ကြီးဌာနသည် ငလျင်ဒဏ်ကြောင့် အဖြေလွှာများမီးလောင်ပျက်စီးဆုံးရှုံးသွားသောကျောင်းသား၊ ကျောင်းသူများအတွက် တရားမျှတမှုဖြစ်စေရန်၊ ဂုဏ်သိက္ခာရှိစေရန်နှင့် Academic Career ကို အထောက်အကူပြုစေရန် တက္ကသိုလ်ဝင်စာမေးပွဲကို ပြန်လည်ကျင်းပသွားမည်ဖြစ်သည်။

အမှန်တော့ ကျောင်းသား၊ ကျောင်းသူများသည် တစ်ဦးနှင့်တစ်ဦး အရည်အချင်းမတူညီသကဲ့သို့ ကြိုးစားအားထုတ်မှုလည်း ကွဲပြားလျက်ရှိသည်။ ထို့ကြောင့် အဖြေလွှာမီးလောင်ပျက်စီးသွားသော စာစစ်ဌာနအားလုံးမှ ကျောင်းသား၊ ကျောင်းသူအားလုံးစာမေးပွဲအောင်မြင်ကြောင်း ရိုးရိုးအောင်စာရင်းသာထုတ်ပြန်လိုက်မည်ဆိုလျှင် Top Ten မှန်းထားသောသူများနှင့် ဂုဏ်ထူးမှန်းထားသောသူများနစ်နာနေမည်ဖြစ်သည်။ ထို့ပြင် ဖြေဆိုသူအကုန်လုံးအောင်မြင်သောခေတ်တွင် အောင်မြင်လာကြသော ကျောင်းသား၊ ကျောင်းသူများဟု အပြောခံရပေမည်ဖြစ်သည်။အထူးသဖြင့် Grade-12 အောင်မြင်ခြင်းသည် အသက်မွေးပညာတက္ကသိုလ်များဝင်ခွင့် အောင်လက်မှတ်တစ်ခုပင်ဖြစ်သည်။ ထို့ပြင်Grade-12 သည် နိုင်ငံတကာတက္ကသိုလ်များသို့ တက်မည်ဆိုလျှင် GCE O Levelနှင့်တူညီသည်။

**သင်ကြားပေးလျက်ရှိ**

နိုင်ငံတော်အစိုးရအနေဖြင့် ကျောင်းသား၊ ကျောင်းသူများ ပြန်လည်ဖြေဆိုနိုင်ရေးစာလေ့လာနိုင်ရန် လုံလောက်သောအချိန်ပေးထားသည်။ ကျောင်းသား၊ ကျောင်းသူများကိုပြန်လည်ဖြေဆိုရန် Camp သွင်းကာ Revision Class များ ဖွင့်လှစ်သင်ကြားပို့ချလျက်ရှိသည်။ အဆိုပါ Camp များတွင် တက္ကသိုလ်များမှ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများနှင့် ဆရာ၊ ဆရာမများက ဘာသာရပ်များအလိုက် စနစ်တကျပြန်လည်သင်ကြား ပို့ချပေးလျက်ရှိသည့်အပြင် နိုင်ငံ၏အနာဂတ်ဖြစ်သည့် ကျောင်းသား၊ ကျောင်းသူများ၏ စိတ်ဓာတ်ခွန်အားပြန်လည်မြှင့်တင်နိုင်ရန်အတွက်လည်း ဆောင်ရွက်ပေးလျက်ရှိသည်။ တက္ကသိုလ်ပါမောက္ခများကိုယ်တိုင် အရေးကြီးသည့် သင်ခန်းစာများကို Short to the Point သင်ကြားပို့ချပြီး ဆရာ၊ဆရာမများက ကျောင်းသား၊ ကျောင်းသူများကို လေ့ကျင့်သင်ကြားပို့ချပေးမည်ဖြစ်သည်။ ထို့ကြောင့် ကျောင်းသား၊ ကျောင်းသူများသည် Revision Class တက်ပြီးပြန်လည်ဖြေကြားလျှင်တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနိုင်မည်ဖြစ်သည်။

> ❖မန္တလေးငလျင်ကြီးသည် စာရေးသူတို့နိုင်ငံအတွက် စိန်ခေါ်မှုကြီးတစ်ခုဖြစ်ခဲ့သည်။ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ထိုစိန်ခေါ်မှုမှသည် အခွင့်အလမ်းတစ်ခုကိုရရှိအောင် ဆောင်ရွက်သွားနိုင်သည်။ မိမိတို့၏စိတ်ဓာတ်ကြံ့ခိုင်မှုပြသနိုင်ခြင်း၊ မိမိတို့၏ကြိုးစားအားထုတ်မှုကို သက်သေပြသနိုင်ခြင်းနှင့် မိမိတို့၏အနာဂတ်အိပ်မက်အတွက် သူများထက်နှစ်ဆကြိုးစားနိုင်မှုကို မြန်မာနိုင်ငံအပြင် ကမ္ဘာသို့လည်းသက်သေပြသနိုင်မည်ဖြစ်သည်။ ❖

**စီစဉ်ဆောင်ရွက်ပေးလျက်ရှိ**

ထို့ပြင် နိုင်ငံတော်အစိုးရသည် လေ့ကျင့်သင်ကြားရေးစခန်းများရှိ ကျောင်းသား၊ ကျောင်းသူများအတွက် စားဝတ်နေရေး၊ နေထိုင်စားသောက်ရေး၊ ကျန်းမာရေးနှင့်လုံခြုံရေးစောင့်ရှောက်မှုများပေးသွားမည်ဖြစ်သည်။ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းမလာနိုင်သည့် ကလေးများအတွက်လည်း Online Class ဖွင့်လှစ်ပေးမည်ဖြစ်သည်။ ထို့ပြင် Education Channel မှလည်း သင်ခန်းစာများကို အမြဲမပြတ် ထုတ်လွှင့်ပေးသွားမည်ဖြစ်သည်။ ပုဂ္ဂလိကကျောင်းများ၏ Youtube Channel Telegram များ၌လည်း သင်ခန်းစာများလေ့လာနိုင်မည်ဖြစ်သည်။ ထို့ပြင် ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းသားများလိုအပ်သည့် Textbook များ၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်၊ ခဲဖျက် စသည့် သင်ထောက်ကူပစ္စည်းများကိုလည်း ကူညီပံ့ပိုးပေးလျက်ရှိသည်။

နေ့စဉ်စားသောက်ရေးတွင် နံနက်စာ၊ နေလယ်စာနှင့် ညစာများကို နိုင်ငံတော်မှအခမဲ့ကျွေးမွေးသည်။ နေထိုင်ရေးအတွက်လည်း အိပ်ရာခင်း၊ ခေါင်းအုံး၊ စောင်၊ ခြင်ထောင်၊ သွားတိုက်ဆေး၊ သွားပွတ်တံ၊ ဆပ်ပြာမှအစ အသေးစိတ် ဖြည့်ဆည်းပေးထားသည်။ ကျန်းမာရေးအတွက် ဆေးဝါးများကိုလည်း အလုံအလောက်ထားရှိသည်။ စာသင်ချိန်အနေဖြင့် ဘာသာရပ်အလိုက် နေ့စဉ်ခြောက်ဘာသာသင်ကြားပေးလျက်ရှိပြီး တစ်ဘာသာကိုတစ်နာရီနှုန်းနှင့် ပြန်လည်သင်ကြားပေးလျက်ရှိသည်။ ညဘက်တွင် သင်ခန်းစာများကို ပြန်လည်ဆောင်ရွက်ပေးသည်။ နိုင်ငံတော်အနေဖြင့် လိုအပ်ချက်မရှိအောင် ဖြည့်ဆည်းပေးထားပြီးဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မိမိတို့ရည်မှန်းချက်အတိုင်းအောင်မြင်ပေါက်မြောက်အောင် ကြိုးစားကြရမည်ဖြစ်သည်။

**နိုင်ငံတကာတွင်လည်းရှိ**

နိုင်ငံတကာတွင်လည်းသဘာဝဘေးကြောင့် စာမေးပွဲပြန်လည်ကျင်းပခဲ့ရသည့် ဖြစ်စဉ်များရှိခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၊ အာသံပြည်နယ်ရှိ Johart ကျောင်းကို မီးလောင်မှုဖြစ်ခဲ့သည်။ မီးလောင်မှုဖြစ်စဉ်ကြောင့် ကျောင်းသား၊ ကျောင်းသူများသည် စာမေးပွဲပြန်လည်ဖြေကြားခဲ့ရသည်။ ဂျပန်နိုင်ငံတွင်လည်း ၂၀၁၁ ခုနှစ်တွင် မြေငလျင်နှင့် ဆူနာမီကြောင့် စာမေးပွဲများပြန်လည်ကျင်းပခဲ့ရပြီး ၂၀၁၄ ခုနှစ်တွင်လည်း စာမေးပွဲများကို ရက်ရွှေ့ဆိုင်းခဲ့ရသည်။

မန္တလေးငလျင်ကြီးသည် စာရေးသူတို့နိုင်ငံအတွက် စိန်ခေါ်မှုကြီးတစ်ခုဖြစ်ခဲ့သည်။ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ထိုစိန်ခေါ်မှုမှသည် အခွင့်အလမ်းတစ်ခုကိုရရှိအောင် ဆောင်ရွက်သွားနိုင်သည်။ မိမိတို့၏စိတ်ဓာတ်ကြံ့ခိုင်မှုပြသနိုင်ခြင်း၊ မိမိတို့၏ကြိုးစားအားထုတ်မှုကို သက်သေပြသနိုင်ခြင်းနှင့် မိမိတို့၏အနာဂတ်အိပ်မက်အတွက် သူများထက်နှစ်ဆကြိုးစားနိုင်မှုကိုမြန်မာနိုင်ငံအပြင် ကမ္ဘာသို့လည်းသက်သေပြသနိုင်မည်ဖြစ်သည်။

**ဘဝအချိုးအကွေ့**

စင်စစ်အားဖြင့် တက္ကသိုလ်ဝင်စာမေးပွဲသည် လူငယ်တို့၏ဘဝအချိုးအကွေ့ တစ်ခုပင်ဖြစ်သည်။ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် အောင်မြင်သည့် ကျောင်းသား၊ ကျောင်းသူတစ်ဦးသည် မိမိကြိုက်နှစ်သက်ရာဘာသာရပ်တစ်ခုခုကို စိတ်ကြိုက်ရွေးချယ်ပြီး တက္ကသိုလ်ပညာကို ဆက်လက် လေ့လာဆည်းပူးနိုင်မည်ဖြစ်သည်။ အထူးသဖြင့်အသက်မွေးဝမ်းကျောင်းပညာတက္ကသိုလ်များကိုတက်ရောက်ခွင့်ရရှိကြမည်ဖြစ်သည်။ ဘဝစိတ်ကူးအိပ်မက်များကို ဆက်လက်ထုဆစ်ပုံဖော်နိုင်ပြီးတိုင်းပြည်အတွက် သားကောင်းရတနာများဖြစ်လာကြမည်ဖြစ်သည်။ ထို့ကြောင့် တက္ကသိုလ်ဝင်စာမေးပွဲသည် လူငယ်များ၏အနာဂတ်ဘဝကို အဆုံးအဖြတ်ပေးနိုင်သဖြင့် အထူးအလေးထားဖြေဆိုကြရမည်ဖြစ်သည်။

**ဂုဏ်သိက္ခာနှင့် အရည်အသွေးကိုပြသဖို့**

လူအမျိုးမျိုးစိတ်အထွေထွေဆိုသည့်အတိုင်း တချို့သောမိဘပြည်သူများသည် တက္ကသိုလ်ဝင်စာမေးပွဲကို ပြန်လည်ဖြေဆိုခိုင်းခြင်းမပြုဘဲ အဖြေလွှာများ မီးလောင်ပျက်စီးဆုံးရှုံးသွားသော ကျောင်းသား၊ကျောင်းသူအားလုံးကိုစာမေးပွဲအအောင်ပေးစေချင်သည်။ မိဘများသည် လတ်တလောကြုံတွေ့နေရသည့် ငလျင်ဘေးဒဏ်ကြောင့် ကျောင်းသား၊ ကျောင်းသူများကို သနားစာနာစိတ်ဖြင့်ပြောဆိုခြင်းလည်းဖြစ်နိုင်သည်။ ထိုသို့ လုပ်ဆောင်မည်ဆိုလျှင် လတ်တလော ကောင်းမွန်သည်ဟု တွေးမြင်ယူဆနိုင်သော်လည်း အဆိုပါလုပ်ဆောင်ချက်ကြောင့် ကျောင်းသား၊ ကျောင်းသူများ၏အနာဂတ်ကို များစွာထိခိုက်နစ်နာစေနိုင်သည်။

ကျောင်းသားလူငယ်များသည် အနာဂတ်နိုင်ငံတော်တွင် ပုခုံးပြောင်းတာဝန်များကို ထမ်းဆောင်ကြမည့်သူများဖြစ်သည်။ ထိုသို့ ထမ်းဆောင်ကြရာတွင် မိမိတို့၏အရည်အချင်းအလိုက် သင့်လျော်သောနိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ထိုသို့နိုင်ငံ့တာဝန်များ ထမ်းဆောင်နိုင်ရန်အတွက် ကျောင်းသား၊ ကျောင်းသူများသည် အနည်းဆုံးတက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ထားရှိရန်လိုအပ်သည်။ တက္ကသိုလ်ဝင်စာမေးပွဲသည် ကျောင်းသား၊ ကျောင်းသူများအတွက် လမ်းဆုံနေရာတစ်ခုဖြစ်သည်။ မိမိတို့၏ကြိုးစားမှုအပေါ်မူတည်ကာ သက်ဆိုင်ရာတက္ကသိုလ်များသို့ ဆက်လက်တက်ရောက်ခွင့်ရရှိကြမည်ဖြစ်သည်။

ယခုပြန်လည်ကျင်းပသွားမည့် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဖြေဆိုသူ ကျောင်းသားဦးရေ ၆၃၀၀၀ ခန့်ရှိပြီး စာစစ်ဌာန ၂၀၀ နီးပါးရှိသည်။ ယခင်မတ်လတွင် ဖြေဆိုခဲ့သည့် ကလေးများနှင့် အခုပြန်လည်ဖြေဆိုမည့် ကလေးများ၏ စာမေးပွဲအောင်စာရင်းကို တစ်ပြိုင်တည်း တစ်ချိန်တည်းကြေညာသွားမည်ဖြစ်သည်။ ပညာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံစာစစ်ဦးစီးဌာနသည်ကျောင်းသား၊ကျောင်းသူများ၏ အရည်အသွေးကို တရားမျှတပြီး တိကျမှန်ကန်စွာ စစ်ဆေးအကဲဖြတ်ကာ ပညာရေးကိုမြှင့်တင်ရန် ဆိုသည့် ရည်မှန်းချက်ချမှတ်ထားရှိသည်။ ၎င်းရည်မှန်းချက်နှင့်အညီ တက္ကသိုလ်ဝင်စာမေးပွဲ၏ အရည်အသွေးနှင့် အသိအမှတ်ပြုခံရမှုအပေါ် တိကျခိုင်မာမှုရှိအောင် ဆောင်ရွက်လျက်ရှိသည်။ထို့ကြောင့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ဂုဏ်သိက္ခာနှင့် အရည်အသွေးပြသနိုင်ရန် တက္ကသိုလ်ဝင်စာမေးပွဲကြီးပြန်လည်ဖြေဆိုကြပါစို့ဟု ရေးသားလိုက်ရပေသည်။

**ကိုးကား**

- နေ့စဉ်ထုတ်သတင်းစာများ


## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)

၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)

၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)

၄။ Myawady Webportal (https://myawady.net.mm)

၅။ Myanmar National Portal (https://myanmar.gov.mm)

# တာတေနှင့် ကျီးသားစားတဲ့ရွာ ဇာတ်လမ်းကို မေလတတိယပတ်အတွင်း Shwe Stream Application မှ ထုတ်လွှင့်ပြသမည်ဖြစ်




**ရန်ကုန် မေ ၁၁**

တာတေနှင့်ကျီးသားစားတဲ့ရွာ ဇာတ်လမ်းကို မေလတတိယပတ်အတွင်း Shwe Stream Application မှ ထုတ်လွှင့်ပြသမည် ဖြစ်ကြောင်း ဒါရိုက်တာ ရွှေဇင်မင်းကျော်က ပြောပြ၍သိရသည်။

တာတေနှင့် ကျီးသားစားတဲ့ရွာ ဇာတ်လမ်းသည် စာရေးဆရာ တာတေ၏ဝတ္ထုကို (အေဝမ်း) ဦးလှဝင်းက ဇာတ်ညွှန်းခွဲထားကာ ထက်ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ ရွှေဇင်မင်းကျော်က တာဝန်ယူ ပုံဖော်ရိုက်ကူးထား ကြောင်း သိရသည်။

"ဒီဇာတ်လမ်းကလဲ ပရိသတ် သဘောကျတဲ့ လျှို့ဝှက်ဆန်းကြယ် ဂမ္ဘီရ ဇာတ်လမ်းတွဲတွေထဲက ဇာတ်လမ်းတစ်ပုဒ်ပါပဲ။ အခု ဇာတ်လမ်းကတော့ ရွာတစ်ရွာမှာ ကျီးကန်းတွေ အုပ်လိုက်ပျံဝဲပြီး လူနှစ်ယောက်ကို ကိုက်သတ်သွားခဲ့တယ်။ ရွာထဲက လူတွေလဲ ရူးကုန်ကြတယ်။ ဒီလိုနဲ့ ရွာသူကြီးတွေလဲ တာတေတို့ဆီလာပြီးအကူအညီတောင်းခဲ့ကြတယ်။ ဘာလို့ ဒီလိုတွေဖြစ်ကုန်တာလဲ အဲဒီအဖြစ်အပျက်ကြီးကို တာတေ ဘယ်လိုဖြေရှင်းပေးမလဲဆိုတာကို ကြည့်ရှုခံစားပေးကြပါ။ တာတေဇာတ်လမ်းတော်တော်များကို Channel K ရုပ်သံလိုင်း၊ SKYNET ရုပ်သံလိုင်း၊ Hey Play Application ကနေ ပြသနေပါတယ်"ဟု ဒါရိုက်တာ ရွှေစင်မင်းကျော်က ပြောပြသည်။

တာတေနှင့်ကျီးသားစားတဲ့ရွာ ဇာတ်လမ်းတွင် သရုပ်ဆောင် နေခနဲ၊ ဟန်ဝင်းဇော်၊ အလီ၊ ရဲထက်ဉာဏ်၊ ယွန်းသဒ္ဒါဟန်၊ ယွန်းနဒီမောင်၊ ဒိုမီနို၊ မစံပယ်၊ စိမ်းနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# Reptilia လျှို့ဝှက်သည်းဖိုဇာတ်ကား၌ မင်းသမီး မစ်ကီမက်ဒီဆင် ပါဝင်မည်ဖြစ်

**နယူးယောက် မေ ၁၁**

Reptilia အမည်ရှိ လျှို့ဝှက်သည်းဖို ရုပ်ရှင်ဇာတ်ကားသစ်တွင် မင်းသမီး မစ်ကီမက်ဒီဆင် ပါဝင်သရုပ်ဆောင်မည် ဖြစ်ကြောင်း မေ ၁၀ ရက် သတင်းများအရ သိရသည်။

Reptilia ဇာတ်ကားတွင် မင်းသမီး မစ်ကီမက်ဒီဆင်သည် မင်းသမီး ကားစတန်ဒန့်နှင့်အတူ သရုပ်ဆောင်ရမည် ဖြစ်ကြောင်း သိရသည်။

Reptilia ဇာတ်ကားကို ဒါရိုက်တာ အလက်ဂျန်ဒရိုလန့်ဒက်အီချာဗာရီရာက တာဝန်ယူရိုက်ကူးမည် ဖြစ်ကြောင်း သိရသည်။

Reptilia ဇာတ်ကားသည် ထူးဆန်းသည့် ရေသူမတစ်ဦးနှင့် သွားဆရာဝန်တစ်ဦးတို့၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

အဆိုပါ ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာ လန့်ဒက်အီချာဗာရီရာက ဇာတ်ညွှန်းရေးဆရာ ဂျူမာရီမင်းနှင့် အတူ ပူးတွဲရေးသားထားသည်။

Reptilia ဇာတ်ကားရိုက်ကူးမှုကို ယခုနှစ် ဆောင်းရာသီအတွင်း စတင်ရန် စီစဉ်ထားကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**





# တေးသံရှင် ဝေလ၏ တစ်ကိုယ်တော်တေးဂီတဖျော်ဖြေပွဲကို မင်္ဂလာတောင်ညွန့်မြို့နယ် The Heart of Rangoon–THOR Bar ၌ ပြုလုပ်မည်




**ရန်ကုန် မေ ၁၁**

တေးသံရှင်ဝေလ၏တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် The Heart of Rangoon –THOR Bar ၌ မေ ၂၂ ရက်တွင် ပြုလုပ်မည်ဖြစ်ကြောင်း တေးသံရှင် ဝေလက ပြောပြ၍ သိရသည်။

တေးသံရှင်ဝေလ၏တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင် ဝေလ၏သီဆိုဖျော်ဖြေမှုကို Mercury IX Music Band မှ အကောင်းဆုံးတီးခတ်ပံ့ပိုးပေးမည်ဖြစ်ကြောင်း သိရသည်။

"The Heart of Rangoon–THOR Bar မှာ မေ ၂၂ ရက်မှာ Mercury IX Music Band နဲ့အတူ ဖျော်ဖြေသွားမှာဖြစ်ပါတယ်။ လွယ်လွယ်လေးနဲ့ရခဲ့တော့၊ ခင်လေးစိမ်းတယ်တို့လို ရင်ထဲစွဲနေမယ့် မိတ်ကပ်မကြိုက်တဲ့သီချင်းတွေကို အတူတူဆိုကြရအောင် ဆုံကြပါစို့"ဟု တေးသံရှင် ဝေလက ပြောပြသည်။

တေးသံရှင်ဝေလ၏တစ်ကိုယ်တော်ဖျော်ဖြေမှုအစီအစဉ်ကို The Heart of Rangoon–THOR Bar ၌ မေ ၂၂ ရက် ည ၆ နာရီ မိနစ် ၃၀ မှ စတင်မည်ဖြစ်ကြောင်း သိရသည်။ ASH

# Godzilla X Kong ဇာတ်ကားသစ်၏ တရားဝင်ဇာတ်ကားနာမည် Legendary ကြေညာ

**နယူးယောက် မေ ၁၁**

Legendary ရုပ်ရှင်ကုမ္ပဏီသည် Godzilla X Kong ဇာတ်ကား၏ တရားဝင်ဇာတ်ကားနာမည်ကို မေ ၁၀ ရက်က ကြေညာခဲ့ကြောင်း သိရသည်။

Godzilla X Kong ဇာတ်ကား၏ တရားဝင်ဇာတ်ကားနာမည်မှာ Godzilla X Kong: Supernova ဖြစ်ကြောင်း သိရသည်။

Godzilla X Kong: Supernova ဇာတ်ကားကို ဒါရိုက်တာ ဂရန့်စပူတိုရီက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဒေးဗစ်ကယ်လာဟာမ်နှင့် မိုက်ကယ်လွိုက်တို့က ရေးသားပေးထားကြောင်း သိရသည်။

လက်ရှိတွင် Godzilla X Kong: Supernova ဇာတ်ကား၏ ဇာတ်လမ်း ဇာတ်အိမ်အသေးစိတ်ကို မသိရသေးကြောင်း သိရသည်။

Godzilla X Kong: Supernova ဇာတ်ကားတွင် မင်းသမီး ကိတ်သလင်းဒီဗားၤ မင်းသား ဒန့်စတီဗင်၊ ဂျက်အိုကွန်နယ်နှင့် ဆပ်နီးတို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် Legendary ရုပ်ရှင်ကုမ္ပဏီသည် Godzilla X Kong: Supernova ဇာတ်ကား ရိုက်ကူးထုတ်လုပ်နေမှုကို စတင်နေပြီဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**




# ရန်ကုန်တိရစ္ဆာန်ဥယျာဉ်အတွင်း Happy Monsoon & Back to School ပွဲတော်ကို မေ ၁၆ ရက်မှ ၁၈ ရက်ထိ ကျင်းပပြုလုပ်မည်

**ရန်ကုန် မေ ၁၁**

ရန်ကုန်တိုင်းဒေသကြီးရှိရန်ကုန် တိရစ္ဆာန်ဥယျာဉ်အတွင်း Happy Monsoon & Back to School ပွဲတော်ကို မေ ၁၆ ရက်မှ မေ ၁၈ ရက်ထိ ကျင်းပပြုလုပ်သွားမည် ဖြစ်ကြောင်း ရန်ကုန်တိရစ္ဆာန် ဥယျာဉ်အုပ်ချုပ်ရေးမှူး ဦးသန်းမြင့်ထွန်းက ပြောပြ၍ သိရသည်။

အဆိုပါ ပွဲတော်အချိန်ကာလ အတွင်း သားငယ်၊ သမီးငယ်များ၏ Baby Talent Show၊ ရင်သပ်ရှုမောဖွယ် မျက်လှည့်ပြကွက်များ၊ JOY Band ၏ တေးဂီတဖျော်ဖြေတင်ဆက်မှုများ၊ ချစ်စရာကောင်းသည့် ငှက်လိမ္မာလေးများနှင့် ဓာတ်ပုံရိုက်ကူးခြင်း၊ Yangon Zoo (Education Department) မှ တိရစ္ဆာန်လေးများ၏ စိတ်ဝင်စားဖွယ်ကောင်းသည့် ထူးခြားချက်လေးများနှင့် အထွေထွေဗဟုသုတများကို ဆွေးနွေးပြောပြပေးသွားမည့် Talk Show အစီအစဉ်များ ပါဝင်ကြောင်း သိရသည်။

"ရန်ကုန် တိရစ္ဆာန်ဥယျာဉ်မှာ ကျင်းပမဲ့ Happy Monsoon & Back to School ပွဲတော်ကတော့ ကျောင်းပြန်တက်ရတော့မဲ့ သားငယ်၊ သမီးငယ်တွေနဲ့အတူ မိုးကာလကို ကြိုဆိုတဲ့ပွဲလေးဖြစ်ပါတယ်။ တိရစ္ဆာန်ငယ်လေးတွေရဲ့ စိတ်ဝင်စားဖွယ်ကောင်းတဲ့ ထူးခြားချက်လေးတွေနဲ့ တိရစ္ဆာန်ငယ်လေးတွေနဲ့ပတ်သက်တဲ့ အထွေထွေဗဟုသုတတွေကို ဆွေးနွေးပြောပြပေးမဲ့ Talk Show အစီအစဉ်တွေလဲပါရှိမှာဖြစ်ပါတယ်။ ဒါ့အပြင် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ရဲ့ ပင်မအစီအစဉ်တွေဖြစ်တဲ့ မျက်လှည့်ပြပွဲ၊ ငှက်လိမ္မာလေးတွေနဲ့ ဓာတ်ပုံရိုက်ကူးတာ၊ ဓာတ်ပုံလှလှလေးတွေရိုက်ကူးနိုင်မဲ့ Photo Booth တွေအပြင် တေးဂီတဖျော်ဖြေပွဲကိုလဲ ထည့်သွင်းထားမှာဖြစ်သလို သားသား၊ မီးမီးတို့ပါဝင်ယှဉ်ပြိုင်လို့ရမဲ့ ဂိမ်းအစီအစဉ်များလဲ ပါဝင်မှာဖြစ်ပါတယ်။ လာရောက်လည်ပတ်ကြတဲ့ မိဘပြည်သူတွေအတွက် ကျောင်းသုံးနဲ့ လူသုံးကုန်ပစ္စည်းတွေနဲ့ စားသောက်ဖွယ်ရာတွေ ရောင်းချပေးမဲ့ ဈေးဆိုင်ခန်းများစွာလဲ ပါဝင်သွားမှာပဲ ဖြစ်ပါတယ်"ဟု ရန်ကုန်တိရစ္ဆာန်ဥယျာဉ် အုပ်ချုပ်ရေးမှူး ဦးသန်းမြင့်ထွန်းက ပြောပြသည်။

ရန်ကုန်တိရစ္ဆာန်ဥယျာဉ်သည် အရှေ့တောင်အာရှတွင် သက်တမ်းအရင့်ဆုံး ဥယျာဉ်တစ်ခုဖြစ်ပြီး ၁၉၀၆ ခုနှစ် ဇန်နဝါရီ ၂၅ ရက်က စတင်ဖွင့်လှစ်ခဲ့တာဖြစ်ကာ လက်ရှိ တိရစ္ဆာန်မျိုးစိတ်ပေါင်း ၃၅၀ ခန့်ရှိကာ တိရစ္ဆာန်အကောင်ရေ ၁၄၀၀ ခန့်ရှိကြောင်း၊ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်သည် မြေဧက ၅၇ ဧက ကျယ်ဝန်းကြောင်း၊ သဘာဝ သမိုင်းပြတိုက်အပြင် ဆင်ပြတိုက်ကိုပါ တိုးချဲ့ဖွင့်လှစ်ထားကြောင်း သိရသည်။ ASH

# SAC Chairman Prime Minister Senior General Min Aung Hlaing, his wife Daw Kyu Kyu Hla, council members and their wives join water-pouring ceremony at banyan trees on full moon of Kason


Senior General Min Aung Hlaing and his wife Daw Kyu Kyu Hla pour water on a Buddha statue.

**Nay Pyi Taw May 11**

The water-pouring ceremony at banyan trees is one of 12 seasonal festivals of Myanmar Buddhist people. On the full moon of Kason 1387 Myanmar Era, a festival of pouring water on banyan trees dedicated to sacred Bo trees in commemoration of the Buddha Day which falls on the full moon of Kason 1387 Myanmar Era was held at the Maha Bodhi banyan tree in the precinct of Maravijaya Buddha Park in Nay Pyi Taw Union Territory this afternoon.

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing and his wife Daw Kyu Kyu Hla watered the Maha Bodhi banyan tree.

Also present at the ceremony were SAC Vice-Chairman Deputy Prime Minister Vice-Senior General Soe Win and his wife Daw Than Than Nwe, the Council Secretary and his wife, the Joint Secretary and his wife, council members and their wives, Union-level dignitaries, Union ministers and their wives, the Nay Pyi Taw Council Chairman, senior Tatmadaw officers from the Office of the Commander-in-Chief, the commander of Nay Pyi Taw Command, officials and religious associations.

The Senior General and his wife offered flowers, water and oil lamps to the Maravijaya Buddha Image.

The auspicious ceremony of pouring water on banyan trees on the full moon of Kason was opened with three-time recitation of Namo Tassa. The master of ceremonies recited Maha Bodhi Rukkha Sincanapuja Gatha and the congregation called Sadhu three times.

The Senior General and his wife, the Vice-Senior General and his wife, the Council Secretary and his wife, the Joint Secretary and his wife, council members and their wives, and Union-level dignitaries and their wives sprayed scented water and poured water on the Maha Bodhi banyan tree. They all then went round the banyan tree clockwise.

Yogies from religious association members also sprayed scented water and poured water on the Maha Bodhi banyan tree. The master of ceremonies read the paper on sharing of merits gained. The congregation shared merits gained and recited Buddha Sasanam Ciram Titthatu three times to close the ceremony.

Under the patronage of the Senior General and his wife, Vice-Senior General Soe Win and his wife Daw Than Than Nwe, Chief of the General Staff (Army, Navy and Air) General Kyaw Swa Lin and his wife, Commander-in-Chief (Navy) Admiral Htein Win and his wife, Commander-in-Chief (Air) General Tun Aung and his wife, senior Tatmadaw officers from the Office of the Commander-in-Chief (Army, Navy and Air) and their wives, officers, warrant officers, corporals and other ranks and their families poured water on Maha Bodhi banyan trees at Lawkachantha Hsutaungpyae Pagoda in Zeyathiri Township.

The full moon of Kason is the most significant one in Buddhism. It shows religiously prominent occurrences, stating that hermit Sumeda, the embryo Buddha, accepted a great prediction of Dipankara Buddha to become the Gotama Buddha in the Badda world. Moreover, Prince Siddhatta was born on the full moon day of Kason. The Gotama Buddha-to-be attained the Supreme Enlightenment at dawn of Kason full moon day. The Gotama Buddha attained Parinibbana on the full moon day of Kason.

*See Page 13*


Senior General Min Aung Hlaing and his wife Daw Kyu Kyu Hla water the Maha Bodhi banyan tree.


Vice-Senior General Soe Win and his wife Daw Than Than Nwe water the Maha Bodhi banyan tree.

## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win, wife Daw Than Than Nwe offer alms, lunch meals to Sayadaws attending grand auspicious ceremony commemorating full moon day of Kason Buddha Day (1387 M.E)



Vice-Senior General Soe Win and his wife Daw Than Than Nwe offer meals to Sayadaws.

**Nay Pyi Taw May 11**

An auspicious ceremony to offer alms and lunch meals to Sayadaws attending the grand auspicious ceremony commemorating the full moon day of Kason Buddha Day (1387 M.E) was held at Agga Dipati Sasana Beikmandaygyi in the Mara Vijaya Buddha Park in Nay Pyi Taw this morning and Chairman of the Board of Patrons for Organizing Auspicious Ceremonies Commemorating the Full Moon Day of Kason Buddha Day of the State Administration Council Vice Chairman of the SAC Deputy Prime Minister Vice-Senior General Soe Win and wife Daw Than Than Nwe offered alms and lunch meals to Sayadaws.

The ceremony was attended by specially invited Sayadaws led by Chairman of the State Sangha Maha Nayaka Committee Presiding Nayaka of Min Kyaung Pahtamapyn Buddhist Learning Centre in Thanlyin Township in Yangon Region Agga Maha Pandita Agga Maha Saddhama Jotikadhaja Dr Bhaddanta Candima Bhivamsa and Secretary of the SSMNC Maha Nayaka of Masoeyein Taikthit in Maha Aungmyay Township in Mandalay Persiding Sayadaw of Dhamma Samidhi Monastery Agga Maha Pandita Agga Maha Saddhama Jotikadhaja Maha Dhamma Kathika Bahujana Hitadara Bhaddanta Vasettha Bhivamsa and the Vice-Senior General and wife were accompanied by the SAC secretary and wife, SAC members and their wives, union-level officials, union ministers and their wives, the chairman of Nay Pyi Taw Council, senior officers from the Office of the Commander-in-Chief of Defence Services and their wives, the commander of the Nay Pyi Taw Command and officials.

Before the ceremony commenced, the Vice-Senior General offered meals in an emerald bowl, fruits, flowers, water and lights to Mara Vijara Naung Taw Gyi Buddha Image in the Agga Dapiti Sasana Beikman Taw Gyi.

Then, the ceremony was opened by reciting Namotassa three times and paying obeisance to the Buddha image and the congregation led by the Vice-Senior General and wife received the nine precepts from the chairman Sayadaw of the SSMNC before meditating on Metta Sutta recited by Sayadaws.

Afterward, the Vice-Senior General and wife and the SAC secretary and wife offered alms to the chairman Sayadaw and the secretary Sayadaw respectively. Members of the SAC and other officials and their wives offered alms to other Sayadaws.

Then, the congregation meditated on Anumodana sermons delivered by the chairman Sayadaw and shared merits gained for alms before concluding the ceremony by reciting Buddha Sasanam Ciran Titatu three times.

After the ceremony, the Vice-Senior General and wife and the congregation offered lunch meals to Sayadaws led by the chairman Sayadaw.

100



A Sayadaw receiving alms.



*From Page 12*

As such, these occurrences were recorded as the great prediction, birthing, enlightenment and Parinibbana. As such, Buddhists set the full moon day of Kason as a sacred day as the full moon day of Kason becomes the greatest occurrences not only for Lord Gotama Buddha but for all Lord Buddhas. The water-pouring festival at banyan trees on full moon of Kason is not only a joyous and spiritually uplifting religious event worthy of merit, but also a celebration held as part of Myanmar's cultural heritage. According to reports, the day before the full moon of Kason, it is customary to spray fragrant scented water on the banyan trees that will be watered during the festival, and to prepare the sacred Bodhi tree platform to appear serene and dignified—activities regarded as meritorious deeds.

100

**Members of religious associations seen at the water-pouring ceremony at banyan trees on full moon day of Kason.**

# Buddha Day ceremony marking Full Moon Day of Kason in 1387 ME held



Vice-Senior General Soe Win makes cash donation.



Sitagu Sayadaw presents an honorary certificate to Vice-Senior General Soe Win at the ceremony marking the full moon day of Kason in Nay Pyi Taw.

**Nay Pyi Taw May 11**

The auspicious Buddha Day ceremony marking the Full Moon Day of Kason in the year 1387 ME was held this evening at the Agga Dhipati Sasana Beikman within the Maravijaya Buddha Park in the Union Territory of Nay Pyi Taw.

The ceremony was graced by the State Ovādācariya Sanghanāyaka of the Shwekyin Nikāya Chancellor of the Sitagu International Buddhist Universities and Sitagu Hospitals Abhidhaja Mahārattha Guru Agga Mahā Saddhamma Jotika Mahādhammakathika Bahujana Hitadhara Sitagu Sayadaw Dr. Bhaddanta Ñāṇissara. Also in attendance were Vice Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win and his wife, Daw Than Than Nwe, the Secretary and members of the SAC, and their spouses, Union-level officials, Union Ministers and their spouses, the Chairman of the Nay Pyi Taw Council, senior military officers from the Office of the Commander-in-Chief and their spouses, the Commander of Nay Pyi Taw Command, Deputy Ministers, Wut associations from various ministries and devotees.

The ceremony began with the recitation of Namo Tassa three times and paying homage to the Buddha. Led by the Deputy Prime Minister and his wife, the congregation received the Nine Precepts from the Sitagu Sayadaw and respectfully listened to his Dhamma sermon on the significance of the Full Moon Day of Kason (Buddha Day).

Following this, the Deputy Prime Minister made a cash donation, which was received by Union Minister for Religious Affairs and Culture U Tin Oo Lwin. The Sitagu Sayadaw then presented an honorary certificate to the Deputy Prime Minister.

Subsequently, Union Minister U Tin Oo Lwin presented a commemorative tribute to the Sitagu Sayadaw.

The ceremony concluded with the congregation listening to a sermon from the Sayadaw, sharing the merits gained. The event ended with the recitation of Buddha Sāsanaṃ Ciraṃ Tiṭṭhatu three times. 100

# KhinU Township finishes cultivation of more than 15,000 acres of pre-monsoon green gram

**KhinU May 11**

Statistics of KhinU Township Agriculture Department mentioned that a total of 15,553 acres of pre-monsoon green gram has been planted in KhinU Township of Sagaing Region.

In 2025-26 cold season cultivation period, local authorities earmarked cultivation of 19,480 acres of pre-monsoon green gram in KhinU Township but farmers started cultivation of such a crop in April. So far, they have planted 15,553 acres of crops.

This year, in KhinU Township, over 19,000 acres have been targeted for pre-monsoon green gram (mung bean) cultivation. As of today, more than 15,000 acres have already been planted. Efforts are ongoing to ensure that the full targeted acreage is successfully cultivated.

U Nay Win Naing, head of the KhinU Township Agriculture Department, said:

"There are educational initiatives to promote the expansion of green gram cultivation. Farmers are also being educated on using quality and pure seeds to achieve better yields."

In Khin-U Township, the local Agriculture Department is educating farmers on selecting quality and pure seeds suited to the region, proper planting techniques, pest and disease prevention, systematic use of fertilizers, and improving yield outcomes.

During this year's winter cropping season, the department is also collaborating with farmers to support the cultivation of various types of pulses, with an emphasis on high yield and quality. This includes supplying quality seeds, necessary supplements, and post-harvest technologies.

206

# Japanese PM reaffirms push for tariff elimination with U.S.

**Tokyo May 11**

Japanese Prime Minister Shigeru Ishiba on Sunday emphasized Japan's strong stance on eliminating U.S. tariff measures, including those on automobiles, during trade negotiations.

Speaking on a Fuji TV program, Ishiba said Japan is investing in the United States and creating jobs. "If Japan's automobile industry is weakened, we will no longer be able to invest in America."

Referring to the U.S. policy of lowering tariffs to 10 percent for up to 100,000 cars produced in Britain annually, Ishiba acknowledged it as "one possible model," but reiterated that Japan will firmly seek zero tariffs.

Japan is currently subject to a 25 percent tariff on its automobile exports to the United States. In 2024, Japan's automobile exports to the United States totaled 6.0261 trillion yen (about 41 billion U.S. dollars), making up 28.3 percent of Japan's total exports to the country.

According to the Japan Automobile Manufacturers Association, approximately 1.37 million vehicles were exported to the United States in 2024.

Xinhua

# California governor warns of "code red" economic emergency due to high tariffs

**Sacramento May 11**

In a recent advertisement, California Governor Gavin Newsom warned the American public of the "real" and "serious" consequences of recent high tariffs, describing the situation as a "code red" economic emergency.

"California is now the fourth-largest economy in the world. Innovation, manufacturing, agriculture. And we've done it by reducing trade barriers and delivering for American consumers," Newsom said in the ad posted online Friday.

"But the Trump administration is putting all of that at risk, halting delivery of essential goods through our ports. Today, it's school backpacks. In a few months, it'll be Christmas toys," he said.

In an interview released on Saturday, Newsom explained that he aired the advertisement on the conservative Fox News channel this weekend, hoping the U.S. administration "understand and absorb the impacts."

Furthermore, Newsom depicted a more dangerous situation in his interview, saying a "code red" economic emergency had been triggered by the reckless tariff policies, which had already severely impacted California's major ports.

The Port of Oakland in northern California had suffered a 20 percent decline in cargo volumes, while the ports of Long Beach and Los Angeles in southern California have reported a 35 percent drop, with cargo bookings plummeting by 60 percent, said the governor.

Xinhua

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ဆိုက်ပရပ်စ် Swarmly Aero ကုမ္ပဏီက DEFEA 2025 ပြပွဲတွင် X23 Ares တိုက်ခိုက်ရေးဒရုန်းသစ်ကို ထုတ်ဖော်ပြသခဲ့




ဂရိနိုင်ငံ အေသင်မြို့တွင် ကျင်းပနေသည့် DEFEA 2025 ပြပွဲတွင် ဆိုက်ပရပ်စ်နိုင်ငံအခြေစိုက် Swarmly Aero ကုမ္ပဏီသည် သံချပ်ကာ၊ အကာအကွယ်ပါသော သို့မဟုတ် ရေတပ်ပစ်မှတ်များကိုတိကျစွာတိုက်ခိုက်ရန်အတွက် ဒီဇိုင်းထုတ်ထားသည့် တိုက်ခိုက်ရေးဒရုန်းအသစ် X23 Ares ကို ထုတ်ဖော်ပြသခဲ့ကြောင်း Army Recognition သတင်းဌာနက မေ ၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

X23 Ares မော်ဒယ်သည် စွမ်းအားပြင်းဖောက်ခွဲရေးခဲယမ်းများနှင့်အဆင့်မြင့်လမ်းညွှန်ထိန်းကျောင်းရေး စနစ်များတပ်ဆင်ထားသော နည်းဗျူဟာမြောက်မျိုးဆက်သစ် ဒရုန်းအမျိုးအစားဖြစ်ပြီး ဘက်မညီစစ်ပွဲများနှင့် လက်ရှိပဋိပက္ခများ၏စစ်ဆင်ရေးလိုအပ်ချက်များကိုဖြည့်ဆည်းပေးနိုင်မည့် တိုက်ခိုက်ရေးစွမ်းအားစုတစ်ရပ်လည်းဖြစ်သည်။

X23 Ares တိုက်ခိုက်ရေးဒရုန်းသည် အလေးချိန် ၁ ဒသမ ၁ ကီလိုဂရမ် RDX-based ထိပ်ဖူးတပ်ဆင်ထားသော အလေးချိန် ၃ ဒသမ ၂ ကီလိုဂရမ်ရှိသော Quad-copter အမျိုးအစားဖြစ်သည်။ အလိပ်လိုက်တစ်သားတည်းဖြစ်နေသော သံချပ်ကာ(RHA)ကို အထူ ၄၀၀ မီလီမီတာထိထိုးဖောက်၍ အချိန်အတော်ကြာပေါက်ကွဲလောင်ကျွမ်း တိုက်ခိုက်နိုင်စွမ်းရှိသော ပုံသွင်းခဲယမ်းကို ထိပ်ဖူးတွင်ပေါင်းစပ်အသုံးပြုထားသည်။ သံချပ်ကာများနှင့် အခိုင်အမာဘန်ကာနေရာများကို အဖျက်စွမ်းအားအမြင့်မားဆုံးသက်ရောက်မှုဖြစ်စေရန် ရည်ရွယ်တပ်ဆင်ထားခြင်းဖြစ်သည်။ ပစ်မှတ်ကိုတိုက်ရိုက်ထိမှန်ပေါက်ကွဲအောင် တိုက်ခိုက်လေ့ရှိပြီး ထိပ်ဖူးနောက်ရှိအကန့်တစ်ခုတွင် အလေးချိန် ၃ ဂရမ်ရှိသော သတ္တုအပိုင်းအစများ ၄၀၀ ခုထိထည့်သွင်းထားကာ အစိတ်စိတ်အမြွှာမြွှာ ပြန့်ကြဲတိုက်ခိုက်နိုင်စေမည်ဖြစ်သည်။ ဒရုန်းကိုယ်ထည်နောက်ဘက်ပိုင်းတွင် ဖိုက်ဘာကြိုးမှမှတစ်ဆင့် ဒရုန်းပစ်လောင်ချာနှင့် ဆက်သွယ်ထားသည့် အီလက်ထရွန်နစ်စနစ်ခွဲတစ်ခုပါရှိမည်ဖြစ်သည်။

ထိပ်ဖူးတွင် non-contact အီလက်ထရွန်နစ် ဖောက်ခွဲရေးကိရိယာတပ်ဆင်ထားပြီး ပစ်မှတ်အမျိုးအစားနှင့်သင့်တော်မည့်အခြေအနေကို တိကျစွာပြုလုပ်နိုင်စေသည်။ ၎င်းတွင် မရည်ရွယ်ဘဲပေါက်ကွဲခြင်းမှကာကွယ်ရန် ဘေးကင်းလုံခြုံရေးစနစ်နှင့်အတူ စနက်တံကိုချက်ချင်းဖောက်ခွဲတိုက်ခိုက်ခြင်းနှင့် ပစ်မှတ်အနီးရောက်မှ ဖောက်ခွဲတိုက်ခိုက်ခြင်းတို့ ရွေးချယ်နိုင်သည့်စနစ်တစ်ရပ်ကို အထူးပြုလုပ်ထားသည်။

X23 Ares တိုက်ခိုက်ရေးဒရုန်းသည် အကွာအဝေး ၂၀ ကီလိုမီတာအတွင်း တစ်နာရီ ၇၀ မှ ၉၀ ကီလိုမီတာအမြန်နှုန်းဖြင့် ပျံသန်းစစ်ဆင်နိုင်စွမ်းရှိသည်။ ၎င်းဒရုန်းကို အီလက်ထရွန်နစ်အလင်း၊ အနီအောက်ရောင်ခြည်(EO/IR) စနစ်ဖြင့်လမ်းညွှန်ထိန်းကျောင်းထားပြီး ပစ်မှတ်ကို အဆုံးသတ်တိုက်ခိုက်သည့်အဆင့်တွင် အထောက်အကူပြုနိုင်ရန် ဉာဏ်ရည်တုနည်းပညာကို အသုံးပြုထားသေးသည်။ အော်ပရေတာနှင့် ဒရုန်းကြားရှိ ဖိုက်ဘာကြိုးဖြင့် ထိန်းချုပ်ချိတ်ဆက်မှုသည် အီလက်ထရွန်နစ်ပြတ်တောက်မှု (Jamming)ကိုတားဆီးကာ လုပ်ငန်းစဉ်တစ်လျှောက် လုံခြုံပြီးထောက်လှမ်း၍မရနိုင်သော ဆက်သွယ်ရေးကိုအာမခံချက်ပေးနိုင်မည်ဖြစ်သည်။

X 23 တိုက်ခိုက်ရေးဒရုန်းကိုစစ်မြေပြင်တွင်အလွယ်တကူသယ်ဆောင်တိုက်ပွဲဝင်နိုင်မည့် ခရီးဆောင်ကွန်တိန်နာတစ်ခုမှ လွှတ်တင်နိုင်ပြီး လိုက်လျောညီထွေရှိနိုင်မည့် တိုက်ပွဲဝင်ဖြန့်ကြက်မှုစွမ်းရည်ကို ပြသလျက်ရှိသည်။ အဆိုပါ တိုက်ခိုက်ရေးဒရုန်းသည် မစ်ရှင်ပေါ်မူတည်၍ ထိပ်ဖူးအမျိုးအစားအမျိုးမျိုးကို တပ်ဆင်နိုင်ရန် ဒီဇိုင်းထုတ်ထားပြီး အများဆုံးအလေးချိန် ၃ ဒသမ ၅ ကီလို ဂရမ်အထိသယ်ဆောင်နိုင်မည်ဖြစ်သည်။Swarmly Aero ကုမ္ပဏီ၏ VTOL Poseidon H10 ဒရုန်းသည် ရေပန်းစားပြီး လက်ရှိတွင် ယူကရိန်းတပ်ဖွဲ့များတွင် အသုံးပြုလျက်ရှိသည်။ ၂၀၂၃ ခုနှစ်က ကုမ္ပဏီသည် ရေတပ်စစ်ဆင်ရေးအတွက် တီထွင်ဖန်တီးထားသည့် မောင်းသူမဲ့ရေယာဉ် B5 Hydra ကို မိတ်ဆက်ပြသခဲ့သေးသည်။ X23 Ares တိုက်ခိုက်ရေးဒရုန်းဖြင့် ကုမ္ပဏီသည် ပြောင်းလွယ်ပြင်လွယ်ဖွဲ့စည်းပုံ၊တိကျသောတိုက်ပွဲဝင်နိုင်မှုနှင့် ရန်သူမှ ထောက်လှမ်းခံရနိုင်မှုနည်းပါးစေရန် စသည်တို့အပေါ်အာရုံစိုက်၍ အဝေးထိန်း လက်နက်စွမ်းအားများကို တိုးချဲ့ကြိုးပမ်းလာခြင်း ဖြစ်ကြောင်း သိရသည်။

DEFEA 2025: New X23 Ares Drone from Cyprus Designed to Strike Armored Vehicles with Shaped Charge Warhead. ကို ဘာသာပြန်ဆိုထားပါသည်။

## အမေရိကန်ရေတပ်က အစိုင်အခဲလောင်စာသုံး ပေါင်းစည်းရော့ကတ်ရမ်ဂျက်စနစ်ကို မောင်းသူမဲ့လေယာဉ်မှ ပထမဆုံးအကြိမ် ပစ်လွှတ်စမ်းသပ်




အမေရိကန်ရေတပ်၏ လေကြောင်းစစ်ဆင်ရေးစစ်လက်နက်ပစ္စည်းဌာနချုပ် (NAWCWD) သည် အစိုင်အခဲလောင်စာသုံးပေါင်းစည်း ရော့ကတ်ရမ်ဂျက်(SFIRR)စနစ်ကို မောင်းသူမဲ့လေယာဉ်မှ ပထမဆုံးအကြိမ် ပစ်လွှတ်စမ်းသပ်ခဲ့ကြောင်း The Defense Post သတင်းဌာနက မေ ၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါပရောဂျက်သည် သမားရိုးကျအရည်လောင်စာသုံးရမ်ဂျက်အင်ဂျင်စနစ်များကိုပိုမိုပေါ့ပါးပြီး ကရိကထနည်းပါးသည့် အစိုင်အခဲလောင်စာသုံးပေါင်းစည်းရော့ကတ်ရမ်ဂျက်တွန်းအားပေးစနစ်များဖြင့်အစားထိုးရန် ရည်ရွယ်လုပ်ဆောင်နေခြင်းလည်းဖြစ်သည်။ ပစ်ခတ်ထိန်းချုပ်မှုစနစ်ကို BQM-34 ဒရုန်းတွင်ပေါင်းစပ်ထားပြီး မြန်နှုန်းမြင့်ရောက်ရှိရန်နှင့် တာဝေးပျံသန်းလုပ်ဆောင်နိုင်စေရန်ပစ်လွှတ်ရေးအဖြစ် အသုံးပြုထားခြင်းလည်းဖြစ်သည်။

မောင်းသူမဲ့လေယာဉ်၊ ဒရုန်းများမှ ပစ်လွှတ်မှုများနှင့် ပေါင်းစပ်ထားသည့် အစိုင်အခဲလောင်စာသုံး ပေါင်းစည်းရော့ကတ်ရမ်ဂျက်စနစ်သည် အမေရိကန်စစ်ဘက်အနေဖြင့် ပိုမိုမြင့်မားသောအကွာအဝေးများမှ ပစ်မှတ်များကိုတိုက်ခိုက်နိုင်စေပြီး ဘေးကင်းလုံခြုံစွာဖြင့် စစ်ဆင်ရေးကို သိသိသာသာချဲ့ထွင်နိုင်စေမည်ဖြစ်သည်။ ဤတိုးတက်ဖွံ့ဖြိုးမှုသည် အလေးချိန်မြင့်မားသော payload စွမ်းရည်နှင့် လှုပ်ရှားစစ်ကစားနိုင်စွမ်းကို တိုးမြှင့်ပေးနိုင်မည်ဖြစ်သည်။ စမ်းသပ်မှုအတွက် အမေရိကန်ရေတပ်၏ လေကြောင်းစစ်ဆင်ရေး စစ်လက်နက်ပစ္စည်းဌာနချုပ် (NAWCWD)သည် လွန်ခဲ့သည့် ၁၂ လအတွင်း တွန်းကန်အားစနစ်၊ လေကြောင်းစနစ်နှင့်ပစ်ခတ်မှုထိန်းချုပ်ရေးနည်းပညာများကို အဆင့်မြှင့်တင်ရန် ကြိုးပမ်းလုပ်ဆောင်လာခဲ့ခြင်းဖြစ်သည်။

အမေရိကန်တပ်ဖွဲ့များသည် စစ်ဆင်ရေးစွမ်းရည်များ တိုးမြင့်လာစေရန် အဆင့်မြင့် နည်းပညာများတွင် စမ်းသပ်မှုများစဉ်ဆက်မပြတ် လုပ်ဆောင်လျက်ရှိပြီး ယခုလအစောပိုင်းတွင် အမေရိကန်ရေတပ်သည် Conventional Prompt Strike ဟုအမည်ပေးထားသော ပထမဆုံးပင်လယ်ရေအောက်အခြေစိုက် အသံထက်မြန်သော ဟိုက်ပါဆောနစ်ဒုံးကျည်စမ်းသပ်ပျံသန်းမှုတစ်ရပ်ကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်သည်။ စမ်းသပ်မှုတွင် အအေးခံဓာတ်ငွေ့ဖြင့် လွှတ်တင်သည့်နည်းလမ်းကို ပထမဆုံးအကြိမ်အသုံးပြုခဲ့ပြီး ဒုံးကျည်ကိုမီးမလောင်မီ ဒုံးပစ်လောင်ချာမှ ဘေးကင်းစွာထုတ်လွှတ်ကာ ဒုံးပစ်လောင်ချာအတွင်း မီးလောင်ကျွမ်းလေ့ရှိသည့် သမားရိုးကျအပူဓာတ်ငွေ့လွှတ်တင်သည့်နည်းလမ်းနှင့် ကွဲပြားစွာလုပ်ဆောင်နိုင်ခဲ့သည်။ တစ်ချိန်တည်းတွင် အမေရိကန်လေတပ်သည် မောင်းသူမဲ့တိုက်ခိုက်ရေးလေယာဉ်နှစ်စင်းဖြစ်သည့် YFQ-42A နှင့် YFQ-44A တို့ကို ပူးပေါင်းတိုက်ခိုက်ရေးလေယာဉ် (Collaborative Combat Aircraft )အစီအစဉ်အရ မြေပြင်စမ်းသပ်မှုကို စတင်လာနိုင်ခဲ့သည်။ စမ်းသပ်မှုများတွင် တွန်းကန်အား၊ လေကြောင်းထိန်းစနစ်၊ အလိုအလျောက်လုပ်ဆောင်မှုစနစ်နှင့် မြေပြင်ထိန်းချုပ်မှုစနစ်တို့ကို အဓိကထားလုပ်ဆောင်ပြီး ယခုနှစ်နှောင်းပိုင်းတွင် ပျံသန်းစမ်းသပ်မှုများ ပြုလုပ်နိုင်အတွက် ဒရုန်းများ ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

US Launches Solid Fuel Rocket Ramjet From Drone in First-Ever Test ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး





မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ပန်း၊ ရေချမ်းနှင့် ဆီမီးများကပ်လှူပူဇော်ပြီး ဖူးမြော်ကြည်ညိုကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ မဟာဗောဓိညောင်ပင်တော်အား ညောင်ရေသွန်းလောင်းပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ် မဟာဗောဓိညောင်ပင်တော်အား ညောင်ရေသွန်းလောင်းပူဇော်စဉ်။

ရှေ့ဖုံးမှအဆက်

တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ကောင်စီအဖွဲ့ဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်တာဝန်ရှိသူများ၊ဝတ်အသင်းအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့သည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်းနှင့် ဆီမီးများကပ်လှူပူဇော်ပြီး ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို ကျင်းပရာ "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး အခမ်းအနားမှူးက မဟာဗောဓိရုက္ခသိဋ္ဌနပူဇာဂါထာတော်ကို ရွတ်ဖတ်ပူဇော်၍ သာဓုသုံးကြိမ်ခေါ်ဆိုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်ဇနီး၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေးနှင့် ဇနီးတို့က မဟာဗောဓိညောင်ပင်တော်အား ညောင်ရေသွန်းလောင်းပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီးတို့က မဟာဗောဓိညောင်ပင်တော်အား ညောင်ရေသွန်းလောင်းပူဇော်စဉ်။

ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့်ဇနီးများသည် သတ်မှတ်ထားသည့်နေရာများအလိုက် နေရာယူကြပြီး မဟာဗောဓိညောင်ပင်တော်အား အမွှေးနံ့သာရည်များပက်ဖျန်းပူဇော်ကာ ညောင်ရေသွန်းလောင်းပူဇော်ကြသည်။ ထို့နောက် မဟာဗောဓိညောင်ပင်တော်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ရေသပ္ပာယ်ကြပြီး မဟာဗောဓိညောင်ပင်တော်အား လက်ယာရစ်လှည့်လည်ပူဇော်ကြသည်။

ယင်းနောက် ဝတ်အသင်းအဖွဲ့များအလိုက် ယောဂီများက မဟာဗောဓိညောင်ပင်တော်အား အမွှေးနံ့သာရည်များပက်ဖျန်းပူဇော်ပြီး ညောင်ရေသွန်းလောင်းပူဇော်ကြသည်။ ထို့နောက် အခမ်းအနားမှူးက အောင်ဆုမင်္ဂလာအမျှဝေစာတမ်းအား ဖတ်ကြားပြီး ကုသိုလ်အမျှပေးဝေကြကာ "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု"သုံးကြိမ် ရွတ်ဆိုဆုတောင်းပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အလားတူ ဇေယျာသီရိမြို့နယ် လောကချမ်းသာဆုတောင်းပြည့်အသင်း ဘုရားကြီးရှိ မဟာဗောဓိညောင်ပင်များကိုလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့အမှူးပြု၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်၊ မိသားစုများက ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ခဲ့ကြသည်။

အဆိုပါ ကဆုန်လပြည့်နေ့သည် ဒီပင်္ကရာမြတ်စွာဘုရားက ဂေါတမဘုရားအလောင်းတော် သုမေဓာရှင်ရသေ့အား "ဘဒ္ဒကမ္ဘာတွင် ဘုရားအဖြစ်ကိုရလိမ့်မည်" ဟုဗျာဒိတ်တော်စကားမိန့်ကြားတော်မူသောနေ့၊ ဘုရားအလောင်းတော်သိဒ္ဓတ္ထမင်းသား ဖွားမြင်သောနေ့၊ သဗ္ဗညုဘုရားရှင်အဖြစ်သို့ ရောက်တော်မူသောနေ့၊ ပရိနိဗ္ဗာန်စံတော်မူသောနေ့ ယင်းနေ့များသည် ကဆုန်လပြည့်နေ့များတွင်



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဝတ်အသင်းအဖွဲ့များအလိုက် ယောဂီများက လက်ယာရစ်လှည့်လည်ပူဇော်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ် မဟာဗောဓိညောင်ပင်တော်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ရေသပ္ပာယ်ကြစဉ်။



ဝတ်အသင်းအဖွဲ့များအလိုက် ယောဂီများက မဟာဗောဓိညောင်ပင်တော်အား အမွှေးနံ့သာရည်များပက်ဖျန်းပူဇော်ပြီး ညောင်ရေသွန်းလောင်းပူဇော်ပွဲကျင်းပစဉ်။

ပင်ဖြစ်သဖြင့် "ဗျာဒိတ်ဖွားမြင် ဗောဓိပင်၊ စံဝင်နိဗ္ဗာန်နန်း"ဟုမှတ်တမ်းပြုကြပြီး ကဆုန်လပြည့်ဗုဒ္ဓနေ့ဟူ၍ ဗုဒ္ဓဘာသာဝင်များက နေ့ထူးနေ့မြတ်အဖြစ် အထွတ်အမြတ်ထားကာ ကျင်းပပူဇော်လေ့ရှိကြောင်း၊ ကဆုန်လပြည့်နေ့၏ထူးခြားချက်မှာ ဂေါတမမြတ်စွာ ဘုရားသာလျှင်မကဘဲ သဗ္ဗညုမြတ်စွာဘုရားရှင်တို့၏ ဖွားမြင်တော်မူသောနေ့၊ ဘုရားဖြစ်တော်မူသောနေ့၊ ပရိနိဗ္ဗာန်ပြုသောနေ့များမှာလည်း ကဆုန်လပြည့်နေ့ပင်ဖြစ်၍ ကဆုန်လပြည့်နေ့ကို "ဗုဒ္ဓနေ့"ဟု သတ်မှတ်ခြင်းဖြစ်ကြောင်း၊ ကဆုန်ညောင်ရေသွန်းပွဲတော်သည် ကုသိုလ်ယူဖွယ်ရာ၊ ဝမ်းသာကြည်နူးဖွယ်ရာ ဘာသာရေးဆိုင်ရာပွဲတော်တစ်ခုဖြစ်သည့်အပြင် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် တစ်ရပ်အဖြစ်ကျင်းပပြုလုပ်သည့် ပွဲတော်ဖြစ်ကြောင်းနှင့် ကဆုန်လပြည့်နေ့မတိုင်မီ တစ်ရက်အလိုတွင် ညောင်ရေသွန်းလောင်းကြမည့် ညောင်ပင်များကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခြင်း၊ မဟာဗောဓိပင်ပလ္လင်တော်အား ကြည်ညိုစဖွယ်ဖြစ်အောင်ပြင်ဆင်ခြင်းစသည့်ကုသိုလ်ယူဖွယ်များကို ပြုလုပ်လေ့ရှိကြကြောင်း သတင်းရရှိသည်။ (၅၀၁)



ဇေယျာသီရိမြို့နယ် လောကချမ်းသာဆုတောင်းပြည့်အသင်းဘုရားကြီးရှိ မဟာဗောဓိညောင်ပင်များကို အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်၊ မိသားစုများက ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ကြစဉ်။



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မစိုးရိမ်တိုက်သစ် မဟာနာယက ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေးနှင့် ဇနီးတို့က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

☆ **ကျောဖုံးမှအဆက်**

ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသတို့ အမှူးပြုသည့် ဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ဇနီးတို့နှင့်အတူ ကောင်စီအတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားမစတင်မီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီးအတွင်းရှိ မာရဝိဇယနောင်တော်ကြီးဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်၊ သောက်တော်ရေချမ်းနှင့် ဆီမီး ကပ်လှူပူဇော်သည်။



ဆရာတော်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် ဇနီးတို့က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်းနှင့် ဇနီးတို့က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

ထို့နောက် အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်ဇနီး အမှူးပြုသော ဥဒ္ဓေ့ပရိသတ်များက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်ဇနီးတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီးအားလည်းကောင်း၊ ကောင်စီအတွင်းရေးမှူးနှင့် ဇနီးတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဆရာတော်ကြီးအားလည်းကောင်း၊ ကောင်စီအဖွဲ့ဝင်များနှင့် ဇနီးများ၊ အခမ်းအနားသို့ တက်ရောက်လာသည့် အကြီးအကဲများနှင့်ဇနီးများက ဆရာတော်ကြီးများအားလည်းကောင်း လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဆရာတော်ကြီးထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီးအမှူးပြုသည့် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# ရေကြောင်းလူငယ် အခြေခံနှင့်တန်းမြင့်သင်တန်းများမှ သင်တန်းသား၊ သင်တန်းသူများ စခန်းပေါင်းစုံ စွမ်းရည်ပြိုင်ပွဲများ ပြုလုပ်၊ အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းများမှ သင်တန်းသား၊ သင်တန်းသူများ စခန်းသွင်းလေ့ကျင့်ရန်နှင့် ပြိုင်ပွဲများကျင်းပရန် နေပြည်တော်ကောင်စီနယ်မြေသို့ ရောက်ရှိ



ရေကြောင်းလူငယ် အခြေခံနှင့်တန်းမြင့်သင်တန်းများမှ သင်တန်းသား၊ သင်တန်းသူများ စခန်းပေါင်းစုံ စွမ်းရည်ပြိုင်ပွဲများ ပြုလုပ်စဉ်။



အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းများမှ သင်တန်းသား၊ သင်တန်းသူများ စခန်းသွင်းလေ့ကျင့်ရန်နှင့် ပြိုင်ပွဲများကျင်းပရန် နေပြည်တော်ကောင်စီနယ်မြေသို့ တပ်မတော်လေယာဉ်ဖြင့် ထွက်ခွာစဉ်။

**နေပြည်တော် မေ ၁၁**

တပ်မတော်(ရေ)က ၂၀၂၅ ခုနှစ် ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများကို လေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းအမှတ်စဉ်(၁/၂၀၂၅) စခန်းပေါင်းစုံမှ သင်တန်းသား၊ သင်တန်းသူများသည် ရန်ကုန်မြို့ရှိ ဧရာဝတီရေတပ်စခန်းဌာနချုပ်၌ စခန်းပေါင်းစုံတွေ့ဆုံပွဲ ပြုလုပ်ကြသည်။

ထို့နောက် စခန်းပေါင်းစုံမှ သင်တန်းသား၊ သင်တန်းသူများ၏ စခန်းပေါင်းစုံပြိုင်ပွဲများကို ဧရာဝတီရေတပ်စခန်းဌာနချုပ် သီဟသူရထွန်းတင်ခန်းမ၊ စစ်ရေးပြကွင်းနှင့် အမှတ်(၄) ရေတပ်ဖောတံတားတို့၌ ပြုလုပ်ရာ တပ်မတော်အရာရှိကြီးများ၊ သင်တန်းသား၊ သင်တန်းသူများ၊ သင်တန်းနည်းပြများနှင့် အုပ်ချုပ်သူများ တက်ရောက်ကြသည်။ ပြိုင်ပွဲတွင် ရေကြောင်းလူငယ် သင်တန်းစခန်း ၁၁ ခုမှ သင်တန်းသား၊ သင်တန်းသူများက သင်တန်းအလိုက် စစ်ရေးပြပြိုင်ပွဲများ၊ ရေတပ်သားဘာသာရပ်ဆိုင်ရာ ရေး၊ ဖြေစာမေးပွဲ၊ ကြိုးချည်ကြိုးထိုးလက်တွေ့ပြိုင်ပွဲ၊ ရေတိုင်းခြင်းလက်တွေ့ ပြိုင်ပွဲနှင့် ပွဲစင်တပ်ဖွဲ့တာဝန်ဖွဲ့စည်းဆောင်ရွက်မှု လက်တွေ့ပြိုင်ပွဲများကို ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

အလားတူ အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၅)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၅) သင်တန်းများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် သင်တန်းစခန်း ၁၅ ခုတွင် စုစုပေါင်း သင်တန်းသား ၈၀၄ ဦးကို ၂၀၂၅ ခုနှစ် ဧပြီ ၂၂ ရက်မှစတင်၍ သင်ကြားပို့ချလျက်ရှိရာ နယ်မြေဒေသအသီးသီးရှိ သင်တန်းစခန်း ၁၅ ခုမှ သင်တန်းသား၊ နည်းပြ၊ အုပ်ချုပ်သူများသည် လေယာဉ်၊ ရဟတ်ယာဉ် လိုက်ပါပျံသန်းရန်၊ ပြိုင်ပွဲများကျင်းပရန်၊ လေ့လာရေးခရီးစဉ်များ ဆောင်ရွက်ရန်နှင့် စုပေါင်းသင်တန်းဆင်းပွဲ ကျင်းပရန်အတွက် နေပြည်တော်ကောင်စီနယ်မြေသို့ တပ်မတော်လေယာဉ်များ၊ တပ်မတော်မော်တော်ယာဉ်များဖြင့် စုံလင်စွာ ရောက်ရှိခဲ့ပြီး သက်ဆိုင်ရာတာဝန်ရှိသူများက လိုက်ပါပို့ဆောင်ခြင်းနှင့် ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# ၁၃၈၇ ခုနှစ် ကဆုန်လပြည့် (ဗုဒ္ဓနေ့) ဓမ္မသဘင်မင်္ဂလာအခမ်းအနား ဆင်ယင်ကျင်းပ




နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယဥက္ကဋ္ဌ သောဌသမ ရွှေကျင်သာသနာပိုင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏အဓိပတိ အဘိဇမဟာရဋ္ဌဂုရု အဘိဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ် အမှူးပြုသော ဒေ့ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြစဉ်။

**နေပြည်တော် မေ ၁၁**

၁၃၈၇ ခုနှစ် ကဆုန်လပြည့် (ဗုဒ္ဓနေ့) ဓမ္မသဘင်မင်္ဂလာအခမ်းအနားကို ယနေ့ ညပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း ရှိ အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်၌ ဆင်ယင်ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယဥက္ကဋ္ဌ သောဌသမ ရွှေကျင်သာသနာပိုင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိ အဘိဇမဟာရဋ္ဌဂုရု



နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယဥက္ကဋ္ဌ သောဌသမ ရွှေကျင်သာသနာပိုင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏အဓိပတိ အဘိဇမဟာရဋ္ဌဂုရု အဘိဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းထံ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။

အဘိဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာဓမ္မကထိက ဗဟုဇနဟိတဓရသီတဂူဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ ကြွရောက်ချီးမြှင့်တော်မူပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်နှင့်အတူ ကောင်စီအတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနများမှ ဝတ်အသင်းအဖွဲ့များနှင့် တရားနာ ဒေ့ပရိသတ်များ နာယူကြည်ညိုကြသည်။

ဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ဇနီး အမှူးပြုသောဒေ့ပရိသတ်များက သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ ထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး သီတဂူဆရာတော်ကြီး ဟောကြားတော်မူသည့် ကဆုန်လပြည့်(ဗုဒ္ဓနေ့)ဆိုင်ရာ ဓမ္မကထာဒေသနာတော်ကို ရိုသေလေးမြတ်စွာနာယူကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ဓမ္မပူဇာအလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က ကပ္ပိယကာရကအဖြစ် လက်ခံရယူပြီး သီတဂူဆရာတော်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်အား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က သီတဂူဆရာတော်ကြီးအား မော်ကွန်းတင်ဂုဏ်ပြုပူဇော်လွှာ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက်သီတဂူဆရာတော်ကြီးထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး "ဗုဒ္ဓသာသနံစိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ ရင်ပြင်နီ၌ ကျင်းပပြုလုပ်ခဲ့သည့် ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ် ၈၀ ပြည့်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနား၌ ပါဝင်ချီတက်ခဲ့သည့် ဗိုလ်မှူးချုပ်မျိုးဆက်အောင် ဦးဆောင်သော မြန်မာ့တပ်မတော်ကိုယ်စားပြုစစ်ရေးပြအဖွဲ့ကို ကြိုဆိုနှုတ်ဆက်

**နေပြည်တော် မေ ၁၁**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ ရင်ပြင်နီ၌ ၂၀၂၅ ခုနှစ် မေ ၉ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် ၁၉၄၁ – ၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ် ၈၀ ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနား၌ ပါဝင်ချီတက်ခဲ့သည့် ဗိုလ်မှူးချုပ်မျိုးဆက်အောင် ဦးဆောင်သော မြန်မာ့တပ်မတော်ကိုယ်စားပြုစစ်ရေးပြအဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့မှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိကြသည်။

ထိုသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ ရင်ပြင်နီ၌ ၂၀၂၅ ခုနှစ် မေ ၉ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် ၁၉၄၁– ၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီး အောင်ပွဲ နှစ် ၈၀ ပြည့်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနား၌ ပါဝင်ချီတက်ခဲ့ကြသော ဗိုလ်မှူးချုပ်မျိုးဆက်အောင် ဦးဆောင်သော မြန်မာ့တပ်မတော် ကိုယ်စားပြုစစ်ရေးပြအဖွဲ့ကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများက မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ သွားရောက် ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)




အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက် ၁၉၄၁ – ၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီး အောင်ပွဲ နှစ် ၈၀ပြည့်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနား၌ ပါဝင်ချီတက်ခဲ့သည့် မြန်မာ့တပ်မတော်ကိုယ်စားပြု စစ်ရေးပြအဖွဲ့ကို ကြိုဆိုနှုတ်ဆက်စဉ်။

# ကဆုန်လပြည့်(ဗုဒ္ဓနေ့) ကဆုန်ညောင်ရေသွန်းပွဲတော်ကို တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပ

နေပြည်တော် မေ ၁၁

ကဆုန်လပြည်နေ့ဖြစ်သည့် ယနေ့သည် ဘုရားအလောင်းတော် သုမေဓာရှင်ရသေ့ဘဝတွင် ဒီပင်္ကရာမြတ်ဘုရားခြေတော်ရင်း၌ နိယတဗျာဒိတ်ပန်းဆင်မြန်းခဲ့သောနေ့ဖြစ်ခြင်း၊ သိဒ္ဓတ္ထမင်းသားအဖြစ် ဖွားမြင်သောနေ့ဖြစ်ခြင်း၊ မြတ်စွာဘုရားရှင်သည် ဗောဓိဟူသည့် သဗ္ဗညုတဉာဏ်တော်ကိုရရှိပြီး ဘုရားအဖြစ်သို့ ရောက်ရှိတော်မူသော နေ့ဖြစ်ခြင်းနှင့် မြတ်စွာဘုရားပရိနိဗ္ဗာန်စံဝင်တော်မူသော နေ့ဖြစ်ခြင်းတို့ကြောင့် ဗုဒ္ဓဘာသာဝင်သူတော်စင်တို့အတွက် အလွန်ပင်ထူးခြားမွန်မြတ်သည့်နေ့ထူးနေ့မြတ် ဖြစ်သည်။

မဟာဗောဓိပင်ဆိုသည်မှာ ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားဖွားမြင်တော်မူသောနေ့တွင် အတူတကွဖြစ်ထွန်းပေါ်ပေါက်ခဲ့သည့် ဖွားဖက်တော် ခုနစ်ပါးထဲတွင် တစ်ပါးအပါအဝင်ဖြစ်ပြီး သမ္မာသမ္ဗုဒ္ဓဘုရားအဖြစ်သို့ ရောက်ရှိစေရန်များစွာအထောက်အကူပြုခဲ့သည့်အတွက် မဟာဗောဓိပင်သည် ပရိဘောဂစေတီထိုက်သော စေတီတော်တစ်ဆူလည်းဖြစ်သည်။ ကဆုန်လသည် မြေခတ်တွင် ရေပြတ်လပ်သည့် နွေကာလဖြစ်သည့်အတွက် ဗောဓိပင်တော်များကို ကဆုန်ညောင်ရေသွန်းလောင်းခြင်းသည် မဟာဗောဓိပင်များ စိမ်းလန်းစိုပြည်၍ အခက်အလက်တို့ ဝေဆာစေခြင်း၊ သက်တမ်းရှည်စေခြင်းနှင့် သက်တော်ထင်ရှားရှိသော ဘုရားရှင်အား ပူဇော်ရာရောက်ခြင်းတို့ကြောင့် တည်ငြိမ်အေးချမ်း၍ သာယာဝပြောသော နိုင်ငံအဖြစ် တည်ရှိစေရုံသာမက နိုင်ငံသူ၊ နိုင်ငံသားများအားလုံးကိုလည်း နှလုံးစိတ်ဝမ်းအေးချမ်းစေလျက် တူညီသောအကျိုးတရားများကို ဖြစ်ထွန်းစေမည်ဖြစ်သည်။

ကဆုန်ညောင်ရေ သွန်းလောင်းခြင်းသည် ညောင်ပင်များကို ညှိုးနွမ်းခြောက်သွေ့ခြင်းမရှိဘဲ ရှင်သန်သကဲ့သို့ ဘုရားရှင်၏သာသနာတော်သည်ရှင်သန်လျက်ရှိနေမည်သာဖြစ်ပါကြောင်းနှင့် ဗုဒ္ဓမြတ်စွာဘုရားရှင်သည် ကဆုန်လပြည့်နေ့တွင် မဟာဗောဓိပင်ကို အမှီပြု၍ သဗ္ဗညုတဉာဏ်တော်ကို ရရှိတော်မူခဲ့ခြင်းကြောင့် ဗုဒ္ဓဘာသာဝင်များက မြတ်စွာဘုရားရှင်အား ရည်မှန်းအာရုံပြု၍ ကျင်းပလေ့ရှိသည့် မြန်မာ့ရိုးရာ ဆယ့်နှစ်လရာသီပွဲတော်များအနက် ကဆုန်လပြည့်(ဗုဒ္ဓနေ့) ကဆုန်ညောင်ရေသွန်းပွဲတော် ကို အစဉ်အလာအရ ကျင်းပသည့်ပွဲတော်အဖြစ်သတ်မှတ်ခဲ့သည်မှာ ယနေ့တိုင်ပင်ဖြစ်သည်။

ထိုသို့ကဆုန်ညောင်ရေသွန်းလောင်းပွဲများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဘုရားပုထိုးစေတီများ၌ ထုံးတမ်းစဉ်လာများအတိုင်း ယနေ့တွင် စည်ကားသိုက်မြိုက်စွာကျင်းပပြုလုပ်ကြရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများ၊ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ၊ ဝတ်အသင်းအဖွဲ့များ တက်ရောက်ကြပြီး သတ်မှတ်နေရာများအလိုက် မဟာဗောဓိပင်များကို ညောင်ရေသွန်းလောင်းလှူကြ၍ အမွှေးနံ့သာရည်များ ပက်ဖျန်းခြင်းများကို စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ကြသည်။

ထို့ပြင် ဗုဒ္ဓဘာသာဝင်များအနေဖြင့် မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဥပုသ်သီလဆောက်တည်ခြင်း၊ ပဋ္ဌာန်းဒေသနာတော်နှင့် ပရိတ်တရားတော်များ ရွတ်ပွားပူဇော်ခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ ဘုရား၊ စေတီ၊ ပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၌ ကုသိုလ်ဒါနသီလပွားများခြင်းစသည့် သူတော်ကောင်းတရားများကို အားထုတ်ဆောင်ရွက်ကြသည့်အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌လည်း အများပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် စည်ကားသိုက်မြိုက်စွာ လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)



နေပြည်တော်တိုင်းစစ်ဌာနချုပ်၌ ၁၅ ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းပွဲတော် ကျင်းပစဉ်။


အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ် မဟာဗောဓိညောင်ပင်အား ကဆုန်ညောင်ရေသွန်းလောင်းပူဇော်စဉ်။


အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက် မဟာဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းပူဇော်စဉ်။


ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ သကျမာရဇိန်စေတီတော်၌ မဟာဗောဓိညောင်ပင်အား ရေစင်သွန်းလောင်းပူဇော်ပွဲကျင်းပစဉ်။

# ဝင်္ကြွေးကြေ ဆုတောင်းပြည့်စေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပွဲ ပြုလုပ်


ဝင်္ကြွေးကြေ ဆုတောင်းပြည့်စေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပွဲ ပြုလုပ်စဉ်။

နေပြည်တော် မေ ၁၁

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ချမ်းမြသာစည်ရပ်ကွက် စတုဘုမ္မိကကျောင်းတိုက်အတွင်းရှိ သေလာပဗ္ဗဒဆင်ဖြူတော်တောင်တွင် တည်ထားကိုးကွယ်လျက်ရှိသော ဝင်္ကြွေးကြေ ဆုတောင်းပြည့် စေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူပွဲကို ယနေ့နံနက်ပိုင်းတွင်ပြုလုပ်ရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် တာဝန်ရှိသူများ၊ စေတနာရှင်အလှူရှင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ဒေသခံပြည်သူ များတက်ရောက်ကြသည်။

ဦးစွာ စေတနာရှင်အလှူရှင်များက စေတီတော်အထွတ်တွင် တင်လှူပူဇော်မည့် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်အား ပင့်ဆောင်၍ စေတီတော်ကြီးအား လက်ယာရစ် လှည့်လည်ပူဇော်ကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက မင်္ဂလာပန်းရထားဖြင့် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်အား စေတီတော်အထွတ်သို့ အစီအစဉ်အတိုင်း ပို့ဆောင်တင်လှူပူဇော်ကာ ရတနာရွှေမိုး၊ ငွေမိုးများ ရွာသွန်းပေးကြသည်။


ယင်းနောက် ကြွရောက်လာကြသော ဆရာတော်၊ သံဃာတော်များက စေတီတော်ကြီးအတွင်း ဗုဒ္ဓါဘိသေကအနေကဇာတင်လှူကြသည်။ ၎င်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် စေတနာရှင်အလှူရှင်များက ဆရာတော်၊သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

## မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်းဖြစ်ပေါ်နိုင်

နေပြည်တော် မေ ၁၁

ယနေ့ညနေ ၄ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် လေထုမငြိမ်မသက်မှုများဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ မုတ်သုံလေဝင်ရောက်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ အပူပျံတက်တိမ်များဖြစ်ထွန်းမှုအားကောင်းခြင်းကြောင့်လည်းကောင်း ယနေ့ညနေမှ မေ ၁၉ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့်သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)



# လျှင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၁၁

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့သည့် နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေး အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပိုင်နှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ ပတ္တမြားရပ်ကွက်ရှိ စစ်ကိုင်းပညာရေးတက္ကသိုလ်အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သော Grade-12 ပြန်လည်ဖြေဆိုမည့် စခန်းသွင်းလေ့ကျင့်သင်ကြားနေသော ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ နေထိုင်စားသောက်ရေးနှင့် အခက်အခဲမရှိ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးသက်ပိုင်က အဖွင့်အမှာစကားပြောကြားကာ တာဝန်ရှိသူအသီးသီးက ဆွေးနွေးတင်ပြကြပြီး တင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ တောင်ဖီလာတောင်ရှိ ပတ္တမြားစေတီ၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော ပတ္တမြားစေတီနှင့် သာသနိက အဆောက်အအုံများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်ပြီး ဒုတိယဗိုလ်ချုပ်ကြီးသက်ပိုင်နှင့် တာဝန်ရှိသူများသည် ပါရမီရပ်ကွက်ရှိ နှစ် ၇၀၀ ပြည့် အားကစားခန်းမ၌ စစ်ကိုင်းမြို့ရှိ ရပ်ကွက်ခြောက်ရပ်ကွက်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနက ငလျင်ဘေးဒဏ်သင့်ပြည်သူများအား ဆန်ရိက္ခာဖိုး၊ အိမ်ဆောက်ပစ္စည်းဖိုး၊ သေဆုံး၊ ဒဏ်ရာရ မိသားစုဝင်များအတွက် ထောက်ပံ့ငွေကျပ် ၄၇၃၇၅၀၀၀၀ နှင့် အာဆီယံလူသားချင်းစာနာထောက်ထားမှုကူညီရေး ညှိနှိုင်းမှုဗဟိုဌာန(AHA Center) က မီးဖိုချောင်သုံးပစ္စည်းများ ထောက်ပံ့ပေးအပ်နေမှုများကို ကြည့်ရှုအားပေးသည်။ ၎င်းနောက် နှစ် ၇၀၀ ပြည့်အားကစားကွင်း ငလျင်ဒဏ်သင့်ပြည်သူများ စောင့်ရှောက်ရေးစခန်းရှိ ပြည်သူများအား ကြည့်ရှုအားပေးပြီး တန်ဖိုးသင့်လူနေအိမ် နမူနာပုံစံဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ ပိုးတန်းရပ်ကွက်ရှိ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းတွင် ငလျင်ဒဏ်သင့်ပြည်သူများ စောင့်ရှောက်ရေးစခန်း၌ ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များနှင့် စည်းကမ်းစနစ်တကျရှိစေရေးတို့ကို စခန်းရှိ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပိုင် စစ်ကိုင်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ငလျင်ဒဏ်သင့်ပြည်သူများ စောင့်ရှောက်ရေးစခန်း၌ ပြည်သူများကို ကြည့်ရှုအားပေးစဉ်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်သည် တာဝန်ရှိသူများလိုက်ပါလျက် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အင်းဝတံတားသို့သွားရောက်၍ ယာယီရှင်းလင်းဆောင်တည်ဆောက်နေမှု အခြေအနေများအားလည်းကောင်း၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်း(MEC)မှ တာဝန်ယူဆောင်ရွက်နေသော ခုံးအမှတ် ၄/၅ တွင် အပျက်အစီးများ ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းခွင်၌ တံတား၏ ဝဲ၊ ယာ ကားလမ်းရှိ ဖြတ်တောက်ထားရှိသော ကျောက်ပြားများ၊ လက်ရန်းသံဘောင်ဖြတ်စများကို ကမ်းပါးပေါ်သို့ ဝန်ချီစက်ဖြင့် သယ်ယူရွှေ့ပြောင်းနေမှု အခြေအနေများအားလည်းကောင်း၊ ဝန်ချီစက်တင်သင်္ဘောများ လုပ်ငန်းနေရာရွှေ့ပြောင်းဆောင်ရွက်နေမှု အခြေအနေများအားလည်းကောင်း သွားရောက်ကြည့်ရှု၍ လုပ်ငန်းများဆောင်ရွက်စဉ် လုံခြုံမှုရှိစေရေးနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေး လုပ်ငန်းစဉ်များအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် တာဝန်ရှိသူများအား တံတားအပျက်အစီးများ ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်း ပြီးစီးမှုများကို နေ့စဉ်မှတ်တမ်းတင်ထားရှိရန် ပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

၎င်းနောက် မဟာအောင်မြေမြို့နယ် သံလျက်မှော်အနောက်ရပ်ကွက် အကွက်အမှတ်(၄၀၂)ရှိ ရွှေဘိုကျောင်းတိုက်သို့ သွားရောက်၍ ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တစန္ဒောဘာသအား ဖူးမြော်ကြည်ညို၍ ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းသည်။ ယင်းနောက် အဆိုပါကျောင်းတိုက်အတွင်း ဖွင့်လှစ်ထားသော ငလျင်ဘေးသင့်ပြည်သူများ ယာယီကယ်ဆယ်ရေးစခန်းတွင် ငလျင်ဘေးသင့်ပြည်သူအိမ်ထောင်စု ၈၉ စုအတွက် ဆန်၊ ဆီ၊ ကုလားပဲ စသည့်ပံ့ပိုးပစ္စည်းများကို ပေးအပ်ရာ ငလျင်ဒဏ်သင့်ပြည်သူများက လက်ခံရယူသည်။

ထို့နောက် ငလျင်ဘေးသင့်ပြည်သူများအတွက် သောက်သုံးရေရရှိအောင် ဆောင်ရွက်ထားရှိမှု အခြေအနေများအားလည်းကောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုများအား လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား ကူးစက်ရောဂါများ မဖြစ်ပွားစေရေး၊ မီးဘေးအန္တရာယ်ကင်းရှင်းစေရေး စီစဉ်ဆောင်ရွက်ထားရှိရန် မှာကြားပြီး ငလျင်ဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက် အားပေးစကားပြောကြားသည်။

၎င်းနောက် အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက်ရှိပန်းစုံကျောင်းတိုက်အတွင်း ဖွင့်လှစ်ထားသော ငလျင်ဘေးသင့်ပြည်သူများ ယာယီကယ်ဆယ်ရေးစခန်းသို့ သွားရောက်၍ ငလျင်ဘေးသင့်ပြည်သူများနှင့်တွေ့ဆုံကာ အားပေးစကားပြောကြားသည်။ ယင်းနောက် ငလျင်ဘေးသင့်ပြည်သူ အိမ်ထောင်စု ၁၇၅ စုအတွက် ဆန်၊ ဆီ၊ ကုလားပဲစသည့်ထောက်ပံ့ပစ္စည်းများအား ပေးအပ်ရာ ငလျင်ဒဏ်သင့်ပြည်သူများက လက်ခံရယူခဲ့ကြသည်။

ထို့နောက် တာဝန်ရှိသူများအား အချိန်အခါမဟုတ် မိုးများရွာသွန်းနေခြင်းကြောင့် ဖျားနာရောဂါများ၊ ဝမ်းရောဂါကဲ့သို့သော ကူးစက်ရောဂါများ မဖြစ်ပွားစေရေး၊ အမှိုက်များအား စွန့်ပစ်ကန်ဖြင့် စနစ်တကျစွန့်ပစ်နိုင်စေရေး၊ ယာယီနေထိုင်သူများကို စနစ်တကျမှတ်တမ်းပြုစုထားရှိစေရေးတို့အား မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်သည် တာဝန်ရှိသူများနှင့်အတူ မန္တလေးမြို့ အမရပူရမြို့နယ်ရှိ ရွှေကြက်ကျဆုတောင်းပြည့်မြတ်စွာဘုရားသို့ သွားရောက်၍ ဌာပနာပစ္စည်းများကို သမိုင်းဝင်အောင်မြေရွှေကြက်ကျဆုတောင်းပြည့်ရုပ်ပွားတော်မြတ်ကြီး၏ ဌာပနာတိုက်အတွင်းသို့ သွင်းလှူပူဇော်ခဲ့ပြီး အလှူငွေများ ပေးအပ်လှူဒါန်းသည်။

၎င်းနောက် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို ရှေးမူမပျက်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အင်းဝတံတား၌ အပျက်အစီးများဖယ်ရှားရှင်းလင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက် မန္တလေးမြို့ မန္တလေးတောင်တော်သို့ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော မွန်းတည့်သိမ်ဘုရားပြုပြင်နေမှုအခြေအနေများအား လည်းကောင်း၊ စန္ဒာမုခိဘုရားပြုပြင်နေမှု အခြေအနေများအားလည်းကောင်း၊ ဆုတောင်းပြည့်ဘုရားရင်ပြင်တော်ရှိ ဂန္ဓကုဋိတိုက်ပြုပြင်နေမှု၊ အမိုးခုံးတိုင်များ ပြုပြင်နေမှု၊ ဓာတ်လှေကား၊ စက်လှေကားများပြန်လည်ပြုပြင်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လုပ်ငန်းပြီးစီးမှုအခြေအနေများအားလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင်သည် ကျောက်ဆည်မြို့နယ် မြန်မာသံတော်မြတ် ကုမ္ပဏီလီမိတက် အုတ်စက်ရုံတွင် ကျောက်မီးသွေးမှုန့်တို့ဖြင့် ရောစပ်ထုတ်လုပ်ထားသော အရည်အသွေးကောင်းမွန်သော အဆင့်မြင့်အုတ်များ ထုတ်လုပ်နေမှု၊ စက်ရုံလည်ပတ်နေမှု အခြေအနေများအား တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသပြီး စက်ရုံအတွင်းရှိ ကျောက်မီးသွေးမှုန့် ကုန်ကြမ်းများမှ တစ်ဆင့် အရည်အသွေးမြင့် အုတ်များ ထွက်ရှိလာမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ငလျင်ဘေးဒဏ်သင့်ဒေသများသို့ စက်ရုံမှ ထွက်ရှိသော အုတ်များအား ဦးစားပေးစနစ်ဖြင့် ရောင်းချပေးနိုင်ရေး၊ အရည်အသွေးမကျဆင်းစေရေးနှင့် အုတ်များတိုးမြှင့်ထုတ်လုပ်နိုင်ရေးတို့အား မှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ကျောက်ဆည်ခရိုင် ဖျောက်ဆိပ်ပင်ကျေးရွာအုပ်စုရှိ သုခိစံ ကုမ္ပဏီ ကျောက်မီးသွေးတွင်း၌ ကျောက်မီးသွေးများ စုပုံထားရှိမှုအခြေအနေများနှင့်ဘိလပ်မြေစက်ရုံများသို့ကျောက်မီးသွေး ကုန်ကြမ်းများပေးသွင်းနေမှု အခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဘိလပ်မြေစက်ရုံများ လည်ပတ်နိုင်ရေးအတွက် လိုအပ်သော ကျောက်မီးသွေး ကုန်ကြမ်းများအား စက်ရုံများသို့ ပေးသွင်းရာတွင် အရည်အသွေးပြည့်မီစွာ ပေးသွင်းနိုင်ရေး၊ ဘိလပ်မြေစက်ရုံများ လည်ပတ်ရန်အတွက် လိုအပ်ချက်များအတိုင်း အလျဉ်မီစွာပေးသွင်းနိုင်အောင် ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရန်နှင့် မီးဘေးလုံခြုံမှု စနစ်တကျရှိစေရန် မှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၎င်းနောက် ကူမဲမြို့နယ်အတွင်းရှိ ငလျင်ဘေးဒဏ်ကြောင့် ပျက်စီးသွားသော ပြည်သူများ၏ အဆောက်အအုံများ ပြန်လည်ပြုပြင် တည်ဆောက်နိုင်ရန်အတွက် လိုအပ်လျက်ရှိသော ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများအား စက်ရုံထုတ် အထူးဈေးနှုန်းဖြင့် အမှန်တကယ်လိုအပ်လျက်ရှိသော ငလျင်ဘေးဒဏ်သင့်ပြည်သူများ၏ လက်ဝယ်သို့ စနစ်တကျ တိုက်ရိုက်ရောင်းချပေးနေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအား အဆောက်အအုံများ ပြန်လည်တည်ဆောက်ရာတွင် နားလည်တတ်ကျွမ်းသူများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ငလျင်ဒဏ်အင်အား ရစ်ချ်တာစကေး အဆင့် ၈ အထိခံနိုင်သည့် အဆောက်အအုံများ တည်ဆောက်သွားရန် လိုအပ်ကြောင်း မှာကြားပြီး မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ၏ တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် မြစ်သားမြို့နယ် ပေါက်မြိုင်ကျေးရွာအုပ်စုရှိ Mandalay Rising Star ကုမ္ပဏီလီမိတက် MRS အုတ်စက်ရုံသို့ သွားရောက်၍ အုတ်များထုတ်လုပ်နေမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးသည်။ ၎င်းနောက် ငလျင်ဘေးဒဏ်သင့်ဒေသများသို့ စက်ရုံမှထွက်ရှိသော အုတ်များအား ဦးစားပေးစနစ်ဖြင့်ရောင်းချပေးနိုင်ရေး၊ အရည်အသွေးကောင်းမွန်စေရေးနှင့် အုတ်များတိုးမြှင့်ထုတ်လုပ်နိုင်ရေးတို့ကို မှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ မီဒီယာများအား ဖြေကြားချက်

ဒီ ရုရှားနိုင်ငံရဲ့ နှစ် ၈၀ ပြည့် မျိုးချစ်စစ်ပွဲကြီးက ရုရှားနိုင်ငံမှာပဲကျင်းပတာပေ့ါ။ အမှန်ကတော့ ဒီမျိုးချစ်စစ်ပွဲကြီးဆိုတာ ရုရှားနိုင်ငံတစ်နိုင်ငံတည်း အတွက် သက်ဆိုင်တာမဟုတ်ပါဘူး။ အရင်တုန်းက ကမ္ဘာမှာ ဖက်ဆစ်စနစ်၊နာဇီစနစ်ဆိုတဲ့ အစွန်းရောက်မှုတွေရှိခဲ့တယ်။ ဒီဖက်ဆစ်စနစ်၊ နာဇီစနစ်ကို ဆန့်ကျင်တိုက်ခိုက်တဲ့ကိစ္စပဲ။ ဖက်ဆစ်စနစ်၊ နာဇီစနစ်ကိုဆန့်ကျင်တိုက်ခိုက်တဲ့ကိစ္စဆိုတာက ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်း ခင်ဗျားတို့ ကျွန်တော်တို့ သိတဲ့အတိုင်းပဲ၊ ဖက်ဆစ်စနစ်ရဲ့ဆိုးကျိုးတွေ ကျွန်တော်တို့ခံစားခဲ့ရပါတယ်။ မြန်မာပြည်သူ တစ်ရပ်လုံးလည်း နှိပ်စက်ခံခဲ့ရပါတယ်။ ဒီလိုပဲ အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ နိုင်ငံတွေမှာလည်း ဖက်ဆစ်စနစ်ရဲဆိုးကျိုးတွေခံခဲ့ရတယ်။ ဥပမာ- ဖက်ဆစ်စနစ်ရဲ့ ဆိုးကျိုးကိုသိချင်ရင် မြန်မာနိုင်ငံမှာဆို ဘာဆိုတဲ့ဝတ္ထုစာအုပ်ရှိတယ်။ ဖတ်ကြည့်ပါ။ ဒါဖြစ်ရပ်မှန်တွေကို ရေးသားထားတာ၊ ဖြစ်ရပ်မှန်တွေနဲ့သမိုင်းကြောင်းကြီးကို အခြေခံပြီးရေးသားထားတာပါ။ ဒီလိုပဲ ကျွန်တော်တို့ အိမ်နီးနားချင်း တရုတ်နိုင်ငံမှာဆိုလည်း နမ့်နင်းလူသတ်မှုတို့ဘာတို့ရှိခဲ့တယ်။ ဒီလိုပဲ အရှေ့ဥရောပထဲပါတဲ့ ရုရှားဟာဆိုလည်း အရှေ့ဥရောပမှာ ဒီနာဇီစနစ်ကို အဓိကထားပြီးတော့ တိုက်ခိုက်ခဲ့တဲ့နိုင်ငံပေ့ါ။ သူ့ရဲ့လူဦးရေ ၂၆ သန်းလောက် အသက်ပေးသွားရတာရှိတယ်။ ၂၆ သန်းဆိုတဲ့လူဦးရေဟာ ခုခေတ်လူဦးရေနဲ့ ချိန်ဆကြည့်မယ်ဆိုရင်တောင် အတော်များတဲ့လူဦးရေဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ သူတို့ကအောင်ပွဲလုပ်ကြတာဖြစ်တယ်။

ဒါက ယခင်က အတိတ်သမိုင်းကြောင်းဖြစ်ပါတယ်။ အခုခေတ်သမိုင်းကြောင်းကိုကြည့်မယ်ဆိုရင် ကျွန်တော်တို့ခဏခဏပြောနေတဲ့ ခေတ်သစ်ကိုလိုနီဝါဒရှိမယ်။ ခေတ်သစ်မှာ စီးပွားရေးလက်ဝါးကြီးအုပ်မှုတွေရှိတယ်။ ခေတ်သစ်မှာ နိုင်ငံကြီးတွေက နိုင်ငံငယ်တွေအပေါ်မှာ လွှမ်းမိုးလိုတဲ့ဆန္ဒတွေ အမြဲရှိပါတယ်။ ဒါတွေကိုတော့ ကျွန်တော်တို့က ပူးပေါင်းပြီးတော့တိုက်ဖျက်သွားရမယ်။ ပူးပေါင်းပြီးတော့ ဆန့်ကျင်သွားရမှာဖြစ်တယ်လို့ပြောချင်တယ်။

ဒီနေရာမှာ မြန်မာ့တပ်မတော်အနေနဲ့လည်း ဒီနှစ် ၈၀ ပြည့်အခမ်းအနားမှာ ဒါကျွန်တော်တို့ ပထမဦးဆုံးအကြိမ်အနေနဲ့ပါဝင်ပြီးတော့ ဆောင်ရွက်ခဲ့တယ်။ စစ်ရေးပြလျှောက်ခဲ့တယ်။ ဂုဏ်ပြုချီတက်ခဲ့တယ်။ ဒီအတွက်လည်း မြန်မာ့တပ်မတော်အနေနဲ့က နိုင်ငံတကာတပ်မတော်တွေနဲ့အညီ နံပါတ်တစ် နိုင်ငံတကာတပ်မတော်တွေနဲ့အညီ မြန်မာ့တပ်မတော်သည် ဒါရင်ပေါင်တန်းနိုင်တဲ့ တပ်မတော်တစ်ရပ်ဖြစ်တယ်။ နံပါတ်နှစ် မြန်မာ့တပ်မတော်သည် နိုင်ငံတကာတပ်မတော်တွေနဲ့အတူ အဆင့်မီ



ဆောင်ရွက်နိုင်တဲ့ တပ်မတော်ရှိတယ်ဆိုတာ ထင်ထင်ရှားရှားပြသတာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ယခင်ကတည်းကပြောခဲ့တယ်။ တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်ဆိုတဲ့စကားကိုပြောခဲ့တယ်။ ဒါကို တချို့သောတပ်မတော်မှေးမှိန်အောင်လုပ်ချင်တဲ့သူတွေက ဆန့်ကျင်ဘက်စကားတွေ ပြောကြတာပေ့ါဗျာ။ သို့သော် ခုခေတ်မှာကြည့်လိုက်ပါ။ မိမိရဲ့တိုင်းပြည်ရဲ့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ မိမိတိုင်းပြည်ရဲ့ ဂုဏ်ကျက်သရေရှိရေးပေ့ါနော်။ ဒီအတွက် ကာကွယ်ရေးအင်အားတောင့်တင်းဖို့လိုတယ်။ တပ်မတော်အင်အားတောင့်တင်းဖို့လိုတယ်။ မိမိရဲ့အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲဖို့ဆိုရင် ရှိသေခံ့ညားလောက်တဲ့ ကာကွယ်ရေးအင်အားစုရှိဖို့လိုပါတယ်။ ဒါတွေကို ကျွန်တော်တို့ တစ်နိုင်ငံလုံး တစ်နိုင်ငံသားလုံးက သိရှိဖို့သဘောပေါက်ဖို့၊ ဂုဏ်ယူဖို့လိုတယ်။ ဒါတွေကို ကျွန်တော်တို့ဖော်ဆောင်ဖို့လိုတယ်။ ဖော်ဆောင်နိုင်အောင်လည်း အခွင့်အရေးရခဲ့တယ်လို့ ကျွန်တော့်အနေနဲ့ ပြောချင်ပါတယ်။

တရုတ်နိုင်ငံသမ္မတကြီးနဲ့ တွေ့ဆုံတဲ့အခါမှာပေ့ါ။ မြန်မာနိုင်ငံအတွက် အချက်သုံးချက်ပဲပြောလိုတယ်။ နံပါတ်တစ်အချက်ကတော့ မြန်မာရဲ့အချုပ်အခြာအာဏာ၊ ဖွံ့ဖြိုးတိုးတက်မှုဒါတွေကို တရုတ်နိုင်ငံအနေနဲ့ အိမ်နီးချင်းကောင်းပီသစွာ မြန်မာနိုင်ငံဘက်က ရပ်တည်ထောက်ခံလျက်ရှိတယ်။ နံပါတ်နှစ်အနေနဲ့က ပြည်တွင်းငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီးတော့ မြန်မာနိုင်ငံရဲ့ပြည်တွင်းငြိမ်းချမ်းရေးပေ့ါ။ တရုတ်သည် သူများရဲ့ပြည်တွင်းရေးမှာ ဝင်ရောက်မစွက်ဖက်ရေးမူဝါဒကို လက်ခံကျင့်သုံးလျက်ရှိတယ်။

ဒါ့ပြင် ကျွန်တော်တို့နှစ်နိုင်ငံလုံးက ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး ငါးရပ်ကို လက်ခံကျင့်သုံးလျက်ရှိတယ်။ မြန်မာနိုင်ငံရဲ့ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး သူ့ရဲ့အိမ်နီးချင်းနိုင်ငံတစ်ခုဖြစ်တယ်။ သူ့ရဲ့အနောက်ဘက်ထွက်ပေါက်တစ်ခုဖြစ်တဲ့အတွက် မြန်မာနိုင်ငံရဲ့ပြည်တွင်းငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး တရုတ်နိုင်ငံအနေနဲ့ကောင်းတဲ့ဘက်က ရှုမြင်ပြီးတော့၊ ကောင်းတဲ့ဘက်က မျှော်မှန်းပြီး မြန်မာနိုင်ငံပြည်တွင်းငြိမ်းချမ်းရေးကို ဆောင်ရွက်ပေးလျက်ရှိတယ်။ ဒါတွေကိုလည်း ဆက်လက်ဆောင်ရွက်ပေးသွားမယ်ဆိုတာမျိုးရခဲ့တယ်။ နံပါတ်သုံးအချက်ကတော့ ကျွန်တော်တို့ ရွေးကောက်ပွဲပေ့ါ။ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီးတော့ မြန်မာနိုင်ငံရဲ့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို နိုင်ငံတော်ဝန်ကြီးချုပ်ပြောခဲ့ပြီးသား။ ဒီနှစ်နှစ်ကုန်ပိုင်းမှာကျင်းပပေးမှာဖြစ်တယ်။ တရုတ်နိုင်ငံအနေနဲ့ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး ကြိုတင်ပြင်ဆင်မှုတွေ ဆောင်ရွက်သွားမယ့်ဟာတွေနဲ့ ပတ်သက်ပြီးတော့ထောက်ခံအားပေးတာကို တွေ့ရတယ်။ ကျွန်တော့်အနေနဲ့သတင်းကောင်းပါးလိုတာကတော့ မြန်မာပြည်သူလူထုယခင်ကတည်းက လိုလားတောင့်တခဲ့တဲ့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၊ ပါတီစုံဒီမိုကရေစီစနစ်ဆိုတာသည် ယခင်ကတည်းကတိုင် တပ်မတော်ရဲ့ဖော်ဆောင်မှုနဲ့ကျွန်တော်တို့ရရှိခဲ့တယ်။ မဲလိမ်မဲခိုးမှုတွေကြောင့် တပ်မတော်အနေနဲ့ နိုင်ငံတော်တာဝန်ကိုရယူခဲ့တယ်။ ခုချိန်မှာတော့ မြန်မာပြည်သူလူထုလိုလားတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို ကျွန်တော်တို့အနေနဲ့ဆက်လက်ဖော်ဆောင်သွားမှာဖြစ်ကြောင်း သတင်းကောင်းပါးလိုပါတယ်။

အဓိကပထမဦးဆုံးအပိုင်းပြောချင်တာကတော့ နိုင်ငံရေးပါတီတွေရဲ့အပိုင်းပေ့ါ။နိုင်ငံရေးပါတီတွေရဲ့အပိုင်းမှာ ကြိုတင်ပြင်ဆင်မှုတွေလုပ်ဆောင်ရမှာရှိတယ်။ပြီးရင် ပြည်သူလူထုကိုအသိပေးပညာပေးရမှာရှိတယ်။ ဒါတွေကိုလည်း ဆက်လက်လုပ်ဆောင်သွားဖို့ ကျွန်တော့်အနေနဲ့ နံပါတ်တစ်ပြောလိုတယ်။ နံပါတ်နှစ်ကတော့ ကျွန်တော်တို့ပြည်သူလူထုရဲ့အပိုင်းပါ။ပြည်သူလူထုရဲ့အပိုင်းမှာ ကျွန်တော်တို့သည် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ၊ ပါတီစုံဒီမိုကရေစီစနစ်ကိုအလိုရှိတယ်လို့ပြောပြီးပြီ။ ပါတီစုံဒီမိုကရေစီစနစ်ကိုအလိုရှိရင် ငြိမ်းချမ်းစွာတရားမျှတရေးရွေးကောက်ပွဲကျင်းပနိုင်ဖို့က အခြေခံလိုအပ်ချက်ဖြစ်တယ်။

ဒီရွေးကောက်ပွဲကို ငြိမ်းချမ်းစွာကျင်းပနိုင်ဖို့အတွက် ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကူညီပံ့ပိုးပေးကြပါ။ ဒီမိုကရေစီရဲ့ဆန့်ကျင်ဘက်ဖြစ်တဲ့ အကြမ်းဖက်ဝါဒကို ပြတ်ပြတ်သားသားဆန့်ကျင်ကြပါလို့ ကျွန်တော့်အနေနဲ့ပြောချင်ပါတယ်။ ဒီရုရှားနဲ့မြန်မာရဲ့ဆက်ဆံရေးကကြာပါပြီ၊ ခိုင်မြဲတဲ့ဆက်ဆံရေးဖြစ်တယ်။ ပထမဦးဆုံးဆက်ဆံရေးကတော့ တပ်မတော်အချင်းချင်း ဆက်ဆံရေးကနေစခဲ့တာပေ့ါ။ ယခင်တပ်မတော်အစိုးရလက်ထက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီလက်ထက်ကတည်းက နေစခဲ့တာဖြစ်ပါတယ်။ အခုအချိန်မှာတော့ ဒီရုရှားနဲ့မြန်မာရဲ့ဆက်ဆံရေးဟာ တပ်မတော်နယ်ပယ်တင်မကဘဲနဲ့ ကဏ္ဍပေါင်းစုံမှာပါ ဖွံ့ဖြိုးတိုးတက်လာပြီဖြစ်တယ်။ ဆက်လက်ပြီးလည်းဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ ဒီအတွက်လည်း ဒီရုရှားကိုရောက်တဲ့အခါမှာ ကျွန်တော်တို့မြန်မာတွေရောက်တဲ့အခါမှာပေ့ါနော်။ ဒီအစိုးရတွေ ကျွန်တော်တို့ အစိုးရအချင်းချင်းတို့၊ တပ်မတော်အချင်းချင်းတော့ ကျွန်တော်မပြောသေးဘူး။ပြည်သူအချင်းချင်း၊ ပြည်သူအချင်းချင်းဆက်ဆံရေးပေ့ါ။ ရုရှားပြည်သူတွေရဲ့ မြန်မာပြည်သူလူထုအပေါ်မှာအမြင်၊ မြန်မာပြည်သူတွေရဲ့ ရုရှားပြည်သူလူထုအပေါ်မှာအမြင်ဟာ တိုးတက်ခိုင်မာနေတယ်လို့မြင်ပါတယ်။ ဒီအတွက်လည်း ကျွန်တော်တို့လိုလိုလားလားရှိတယ်လို့ မြင်ပါတယ်။ ဒီအတွက်လည်း ကျွန်တော်ဂုဏ်ယူပါတယ်။ ဒီနိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ ခရီးစဉ်မှာ နှစ် ၈၀ ပြည့် ရုရှားရဲ့မဟာမျိုးချစ်အောင်ပွဲ၊ အဲ့ဒီမှာ ကျွန်တော်တို့ နိုင်ငံခေါင်းဆောင်တွေ တော်တော်များများတက်ကြတယ်။ နိုင်ငံခေါင်းဆောင်တွေ တော်တော်များများတက်ကြတဲ့အခါမှာ ဒီမြန်မာနိုင်ငံ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အနေနဲ့ ဒီခေါင်းဆောင်တွေနဲ့ တွေ့ဆုံခဲ့တယ်။ တွေ့ဆုံခဲ့ပြီးတော့ကျ စကားပြောခဲ့တယ်။ မြန်မာနိုင်ငံရဲ့အခြေအနေကို ပိုမိုနားလည်သဘောပေါက်အောင် စွမ်းဆောင်နိုင်ခဲ့တယ်။ မြန်မာနိုင်ငံရဲ့ဖြစ်ရပ်မှန်တွေနဲ့ပတ်သက်ပြီးပြောပြနိုင်ခဲ့တယ်။ ရှင်းရှင်းပြောရရင်တော့ မြန်မာကို ကမ္ဘာက နိုင်ငံတကာက ပိုမိုနားလည်နိုင်အောင်စွမ်းဆောင်နိုင်ခဲ့တယ်လို့ ကျွန်တော့်အနေနဲ့ပြောချင်ပါတယ်။

(ဖဝ၁)

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကိုစိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

# ဇလုတ်ကြီးကျေးရွာ နယ်မြေခံတပ်ရင်းသို့ လာရောက်တိုက်ခိုက်သည့် KNLA နှင့် PDF အမည်ခံအကြမ်းဖက်သမားများကို တပ်မတော်စစ်ကြောင်းများက တိုက်ခိုက်ချေမှုန်း

နေပြည်တော် မေ ၁၁

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ဇလုတ်ကြီးကျေးရွာရှိ နယ်မြေခံတပ်ရင်းကို KNLA နှင့် PDF အမည်ခံအကြမ်းဖက်သမားများက မေ ၈ ရက်တွင် သိမ်းပိုက်နိုင်ခဲ့သဖြင့် လက်နက်ကြီး၊ လက်နက်ငယ် အမြောက်အမြားသိမ်းဆည်းနိုင်ခဲ့ကြောင်း၊ တပ်မတော်မှ ဘာသာရေးကျောင်း၊ ဘုန်းတော်ကြီးကျောင်းများကို လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်သောကြောင့် အရပ်သားပြည်သူများတိုက်ပွဲ ရှောင်နေရကြောင်း ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် မဟုတ်မမှန်လုပ်ကြံ၍ သတင်းမှားများ ဖြန့်ချိဝါဒဖြန့်လျက်ရှိသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက မေ ၆ ရက် ရက်စွဲဖြင့် ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးထုတ်ပြန်ထားသည့် ကာလအတွင်း KNLA နှင့် PDF အမည်ခံအကြမ်းဖက်သမားများက မေ ၈ ရက် နံနက် ၅ နာရီခန့်မှစ၍ ဇလုတ်ကြီးကျေးရွာရှိ နယ်မြေခံတပ်ရင်းတစ်ရင်းကို သာလွန်အင်အားဖြင့် အလစ်အငိုက်ဝင်ရောက်တိုက်ခိုက်ခဲ့သဖြင့် တပ်ရင်းဌာနချုပ်ရှိ အရာရှိ၊ စစ်သည်၊ ရဲမေများက စနစ်တကျ ပြန်လည်ခုခံတိုက်ခိုက်ခဲ့ရာ ထိတွေ့တိုက်ပွဲများ မေ ၁၀ ရက်ထိ ပြင်းထန်စွာဖြစ်ပွားခဲ့သည်။ အကြမ်းဖက်သမားများအနေဖြင့် ထိခိုက်ကျဆုံးမှုများပြားသော်လည်းအင်အားထပ်မံဖြည့်တင်း၍ တိုက်ခိုက်လာခြင်း၊ မိမိအရာရှိ၊ စစ်သည်အချို့ ထိခိုက်ဒဏ်ရာရရှိမှုများလာခြင်းတို့ကြောင့် တပ်ရင်းဌာနချုပ်အတွင်းမှ ခေတ္တဆုတ်ခွာပေးထားခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူများ တပ်ရင်းဌာနချုပ်အတွင်းစုပြုံဝင်ရောက်ချိန်၌ တန်ပြန် လေကြောင်းပစ်ကူ၊ အမြောက်နှင့် လက်နက်ကြီးပစ်ကူများဖြင့် နည်းဗျူဟာမြောက်ပစ်ခတ်ခြင်းကို စစ်မြေပြင်ကွပ်ကဲရေးမှူးများက အချိန်ကိုက် စတင်ဆောင်ရွက်ခဲ့သည်။

တစ်ချိန်တည်းမှာပင် အဆိုပါအကြမ်းဖက်သမားများ ဝင်ရောက်တိုက်ခိုက်ခဲ့သည့်နေရာသို့ တပ်မတော်စစ်ကူစစ်ကြောင်းများမှုလစီစဉ်ထားရှိသည့် စစ်ကူ၊ ပစ်ကူစီမံချက်အတိုင်း ထပ်မံဖြည့်တင်း၍ တန်ပြန်တိုက်ခိုက်မှုပြုလုပ်ခဲ့ရာ အကြမ်းဖက်သမားများ အကျအဆုံးများစွာဖြင့် မေ ၁၀ ရက် ညနေပိုင်းတွင် နယ်မြေခံတပ်၏ အရှေ့ဘက်သို့ဖရိုဖရဲဖြင့် ပြန်လည်ဆုတ်ခွာထွက်ပြေးသွားခဲ့ပြီး အကြမ်းဖက်သမားများ ခေတ္တဝင်ရောက်နေရာယူထားသည့် နယ်မြေခံတပ်ရင်းကို တပ်မတော်စစ်ကြောင်းများက မေ ၁၁ ရက် နံနက်ပိုင်းတွင်ပြန်လည်ထိန်းချုပ် သိမ်းပိုက်နိုင်ခဲ့သည်။ ဖြစ်စဉ်နေရာအနီးဝန်းကျင်နှင့် ပတ်ဝန်းကျင်ရှိ ကျေးရွာများအတွင်း၌ သောင်းကျန်းသူများ အခြေပြုနေထိုင်နိုင်ခြင်းမရှိစေရေး တပ်မတော်စစ်ကြောင်းများက လုံခြုံရေးလုပ်ငန်းများဆက်လက်ရှင်းလင်းဆောင်ရွက်လျက်ရှိသည်။

ဖြစ်စဉ်တွင် မိမိတပ်မတော်မှ အရာရှိ၊ စစ်သည်အချို့ ကျဆုံး၊ ဒဏ်ရာရရှိခဲ့ပြီး အကြမ်းဖက်သမားများထံမှလည်း အလောင်း ခြောက်လောင်း၊ လက်နက်ငယ်မျိုးစုံ ၁၀ လက်၊ ကျည်အိမ်များ၊ ခဲယမ်းနှင့် ဗုံးသီးများသိမ်းဆည်းရရှိခဲ့ပြီး တိုက်ပွဲဖြစ်ပွားစဉ်အတွင်း ခေတ္တတိမ်းရှောင်နေသည့် စစ်သည်၊ ရဲမေများသည် တပ်မတော်စစ်ကြောင်းများနှင့် ပြန်လည်ပူးပေါင်းနိုင်ခဲ့ပြီး လိုအပ်သောကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

သို့ဖြစ်၍ အကြမ်းဖက်အားပေးတရားမဝင်မီဒီယာများ၏ လုပ်ကြံသတင်းမှားများအပေါ် တိုင်းရင်းသားပြည်သူများ သတိပြုနိုင်ရန်နှင့် ယာယီပစ်ခတ်တိုက်ခိုက်မှုထုတ်ပြန်ကြေညာထားသည့် ကာလအတွင်း လက်နက်ကိုင်အဖွဲ့များအနေဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ တပ်စခန်းများအား တိုက်ခိုက်ခြင်း၊ တပ်ဌာနချုပ်များကို နှောင့်ယှက်တိုက်ခိုက်ခြင်းများဆောင်ရွက်လာပါက တပ်မတော်အနေဖြင့် ပြည်သူလူထုကိုကာကွယ်သောအားဖြင့် လိုအပ်သည့် အရေးယူတုံ့ပြန်မှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)



အကြမ်းဖက်သမားများ ခေတ္တထိန်းချုပ်ထားသည့် ဇလုတ်ကြီးကျေးရွာရှိ နယ်မြေခံတပ်ရင်းကို တပ်မတော်စစ်ကြောင်းများက ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီး တပ်ရင်းတန်းစီကွင်း၌တွေ့ရှိရသည့် မှတ်တမ်းဓာတ်ပုံ။



တပ်မတော်စစ်ကြောင်းများကို တပ်ရင်းဗဟိုကင်း၌ တွေ့ရှိရသည့် မှတ်တမ်းဓာတ်ပုံ။



တပ်မတော်စစ်ကြောင်းများကို တပ်ရင်းဌာနချုပ်ရုံး၌ တွေ့ရှိရသည့် မှတ်တမ်းဓာတ်ပုံ။




အကြမ်းဖက်သမားများထံမှ အလောင်းများရရှိမှု မှတ်တမ်းဓာတ်ပုံ။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ၂၀၂၅ ခုနှစ် မေ ၁၁ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)


သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၇၁၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# ပညာရေးဝန်ကြီးဌာန ရန်ကုန်အဝေးသင်တက္ကသိုလ် သတ္တဗေဒဌာနမှ ကထိက ဒေါ်ဝင်းဝင်းအောင် ပျောက်ဆုံးမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း




ဒေါ်ဝင်းဝင်းအောင် မိတ္ထီလာတက္ကသိုလ် အမှတ်(၁)ဂိတ်မှ ထွက်ခွာသွားမှုအား စီစီတီဗီမှတ်တမ်းတွင် တွေ့ရစဉ်။




hanhninsu41@gmail အကောင့်ဖြင့် ဒေါ်ဝင်းဝင်းအောင်၏ သားဖြစ်သူ မောင်ရဲလင်းမြတ်ဟိန်း၏ fk28643333@gmail သို့ ဆက်သွယ်လာမှုကို တွေ့ရစဉ်။

**နေပြည်တော် မေ ၁၁**

၁။ ပညာရေးဝန်ကြီးဌာန ရန်ကုန်အဝေးသင်တက္ကသိုလ် သတ္တဗေဒဌာနမှ ကထိက ဒေါ်ဝင်းဝင်းအောင်သည် ၂၀၂၅ ခုနှစ် မေ ၇ ရက်တွင် တာဝန်ကျနေရာမှ အကြောင်းမဲ့ပျက်ကွက်လျက်ရှိကြောင်း သိရှိရသဖြင့် စုံစမ်းစိစစ်မှုများ ဆောင်ရွက်ခဲ့ပါသည်။ စိစစ်ချက်များအရ ဒေါ်ဝင်းဝင်းအောင်သည် ငလျင်ဘေးဒဏ်ကြောင့် မန္တလေးတိုင်းဒေသကြီးမှ တက္ကသိုလ်ဝင်တန်း ပြန်လည်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများကို အနီးကပ်သင်ကြားပို့ချပေးနိုင်ရေးအတွက် မေ ၁ ရက်တွင် ရန်ကုန်အဝေးသင်တက္ကသိုလ်မှ အခြားနည်းပြများနှင့်အတူ မိတ္ထီလာတက္ကသိုလ်သို့ရောက်ရှိလာခဲ့ပြီး မေ ၂ ရက်မှ စတင်၍ အထက(၂)ပျော်ဘွယ်၌ သင်ကြားပို့ချမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

၂။ မေ ၇ ရက် ၀၅:၄၅ နာရီခန့်တွင် ဒေါ်ဝင်းဝင်းအောင်သည် မိတ္ထီလာတက္ကသိုလ်မှ ပျော်ဘွယ်မြို့သို့ မထွက်ခွာမီ ၎င်း၏ မိတ်ဆွေများနှင့်တွေ့ဆုံရန်ဟူသော အကြောင်းပြချက်ဖြင့် အဖွဲ့ခေါင်းဆောင်ဖြစ်သူ ဒေါ်မူမူအေးထံ ဖုန်းဖြင့် ခွင့်တိုင်ကြားခဲ့သော်လည်း ပုံမှန်သင်တန်းဆင်းချိန်ထိ တာဝန်ကျနေရာသို့ ရောက်ရှိလာခြင်းမရှိဘဲ အကြောင်းမဲ့ ပျက်ကွက်ခဲ့ကြောင်း၊ ထို့နောက် တာဝန်ရှိသူများက ဒေါ်ဝင်းဝင်းအောင်ထံ ဆက်သွယ်သော်လည်း တစ်စုံတစ်ရာ ဆက်သွယ်မှုမရရှိခဲ့ဘဲ ၂၁:၃၀ နာရီခန့်တွင် ဒေါ်ဝင်းဝင်းအောင်၏သားဖြစ်သူ မောင်ရဲလင်းမြတ်ဟိန်း၏ gmail သို့ အကြမ်းဖက်အဖွဲ့အစည်းများ အသုံးပြုသည့် hanhninsu41@gmail.com မှ "Your Mon Condition is ok. After Little Checking and will free"ဟု ပေးပို့လာခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။

၃။ ထို့ကြောင့် ဒေါ်ဝင်းဝင်းအောင် ပျောက်ဆုံးမှုနှင့်ပတ်သက်၍ လိုအပ်သော စုံစမ်းစိစစ်မှုများဆောင်ရွက်ခဲ့ရာ မိတ္ထီလာတက္ကသိုလ်ရှိ စီစီတီဗီမှတ်တမ်းများအရ ဒေါ်ဝင်းဝင်းအောင်သည် ၀၅:၄၇ နာရီခန့်တွင် ၎င်းနေထိုင်သည့် မိတ္ထီလာတက္ကသိုလ် ကံ့ကော်ဆောင်မှ ၎င်းပိုင်အသုံးဆောင်ပစ္စည်းများပါရှိသည့် အိတ်အသေးတစ်လုံးနှင့်အတူ တက္ကသိုလ်အမှတ်(၁) ဂိတ်မှ ထွက်ခွာသွားခဲ့ကြောင်း၊ ထို့နောက် မိတ္ထီလာတက္ကသိုလ်အနီးရှိ အရှေ့ဦး လက်ဖက်ရည်ဆိုင်၌ တစ်ဦးတည်း နံနက်စာစားသုံးခဲ့ပြီး ၀၇:၀၀ နာရီခန့်တွင် လက်ဖက်ရည်ဆိုင်ရှေ့သို့ ရောက်ရှိလာသော ယာဉ်အမှတ်(စိစစ်ဆဲ) Toyota Passo(ခဲရောင်) မော်တော်ယာဉ်ပေါ်သို့ ၎င်း၏ သဘောဆန္ဒဖြင့် လိုက်ပါသွားခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။

၄။ ဒေါ်ဝင်းဝင်းအောင်သည် ရခိုင်ပြည်နယ် စစ်တွေမြို့၌ မွေးဖွားခဲ့သည့် ရခိုင်လူမျိုးတစ်ဦးဖြစ်ပြီး သူငယ်တန်းမှ ဘွဲ့ရရှိသည်ထိ ရခိုင်ပြည်နယ် စစ်တွေမြို့တွင် ပညာသင်ကြားခဲ့ကြောင်း၊ ထို့ပြင် တက္ကသိုလ်များ၌ နည်းပြဆရာမအဖြစ် တာဝန်မထမ်းဆောင်မီ ကာလများတွင်လည်း စစ်တွေမြို့ရှိ အခြေခံပညာအထက်တန်းကျောင်း၊ အခြေခံပညာမူလတန်းကျောင်းအချို့တွင် မူလတန်းပြ၊ အလယ်တန်းပြရာထူးများဖြင့် တာဝန်ထမ်းဆောင်ခဲ့ဖူးကြောင်း စိစစ်တွေ့ရှိရပါသည်။

၅။ သတင်းစုံစမ်းဖော်ထုတ်ချက်များအရ ဒေါ်ဝင်းဝင်းအောင်သည် ၎င်းပျောက်ဆုံးဖြစ်စဉ်ကာလမတိုင်မီ AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့နှင့် ကြိုတင်ကြံစည်ဆက်သွယ်မှုများရယူခဲ့ပြီး မေ ၇ ရက်တွင် ဆားလင်းကြီး PDF အကြမ်းဖက်အဖွဲ့မှ ဇေယျာမင်းဌေး၏ ချိတ်ဆက်ကူညီမှုဖြင့် မိတ္ထီလာမြို့မှ ဆားလင်းကြီးမြို့နယ် ကျားတက်ကျေးရွာသို့ သွားရောက်ခဲ့ပြီး ၎င်းမှတစ်ဆင့် AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့မှ ဇော်အေးထွန်းထံသို့ ဆက်လက်သွားရောက်၍ AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ အခြေပြုရာနယ်မြေအတွင်းရှိ ပညာရေးဆိုင်ရာလုပ်ငန်းများ၌ ပူးပေါင်းကူညီနိုင်ရေးအတွက် ကြိုတင်ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ အကြမ်းဖက်အဖွဲ့အစည်းများအနေဖြင့် ငလျင်ဘေးဒဏ်ကြောင့် တက္ကသိုလ်ဝင်တန်းပြန်လည်ဖြေဆိုရန် အင်တိုက်အားတိုက် ကြိုးပမ်းပြင်ဆင်နေကြသည့် မိဘ၊ ဆရာများ၊ ကျောင်းသား၊ ကျောင်းသူများ၏ ပညာသင်ကြားရေးကို အနှောင့်အယှက်ဖြစ်စေရန်အတွက် လည်းကောင်း၊ သင်ကြားရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည့် ဆရာ၊ ဆရာမများကို အကြောက်တရားဖြင့်ခြိမ်းခြောက်လွှမ်းမိုးနိုင်ရေးအတွက် လည်းကောင်း ရည်ရွယ်၍ ဒေါ်ဝင်းဝင်းအောင်နှင့် ချိတ်ဆက်ကာ သတင်းမှားများ ထုတ်လွှင့်ဝါဒဖြန့်ချိခဲ့ခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။



ရန်ကုန်အဝေးသင်တက္ကသိုလ် သတ္တဗေဒဌာနမှ ဒေါ်ဝင်းဝင်းအောင်ကို တွေ့ရစဉ်။




၆။ ထို့ပြင် အကြမ်းဖက်အားပေး တရားမဝင် ပြည်ဖျက်မီဒီယာများမှလည်း အစိုးရ၏ အုပ်ချုပ်မှုယန္တရား ယိုယွင်းစေပြီး တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်နှင့် ပြည်သူလူထု အထိတ်တလန့်ဖြစ်ပေါ်စေရန်အတွက် ဖြစ်စဉ်အမှန်ကို ဖုံးကွယ်၍ မဟုတ်မမှန် လုပ်ကြံသတင်းမှားများကို လိမ်လည်ရေးသား ထုတ်လွှင့်ဖြန့်ချိလျက်ရှိကြောင်း စိစစ်တွေ့ရှိရပါသည်။

၇။ အကြမ်းဖက် အဖွဲ့အစည်းများသည် တည်ငြိမ်အေးချမ်းစွာ ပညာသင်ကြားလိုသည့် ကျောင်းသား၊ ကျောင်းသူများကို အနှောင့်အယှက်ဖြစ်ပေါ်စေရန် အဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသကဲ့သို့ နိုင်ငံ့ဝန်ထမ်းဥပဒေများနှင့်အညီ တာဝန်ထမ်းဆောင်လျက်ရှိကြသည့် ဆရာ၊ ဆရာမများကိုလည်း ၎င်းတို့၏ အကြမ်းဖက်လုပ်ငန်းများတွင် ပူးပေါင်းပါဝင်လာစေရေး နည်းလမ်းမျိုးစုံဖြင့် စည်းရုံးသိမ်းသွင်းလျက်ရှိကြောင်း၊ ထို့ကြောင့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အကြမ်းဖက်အဖွဲ့အစည်းများ၏ စည်းရုံးသိမ်းသွင်းမှုမခံရစေရေး အထူးသတိပြုကြရန်နှင့် မိဘပြည်သူများအနေဖြင့်လည်း အကြမ်းဖက်အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်နေသည့် နိုင်ငံ့ဝန်ထမ်းများနှင့်ပတ်သက်သော သတင်းအချက်အလက်များရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးပို့စေလိုကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။ (ဗဟိုသ)

# ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်တွင် ငွေကျပ် ၄ ဒသမ ၅ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား သိန်း ၃၀ ဖမ်းဆီးရမိ



**နေပြည်တော် မေ ၁၁**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၈ ရက် ညနေ ၃ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ညောင်ခါးရှည်ကျေးရွာအနီးတွင် မန္တလေးမှ ဘားအံသို့ ကျော်ဇင်ဦးမောင်းနှင်ပြီး မမွန်မွန်ငြိမ်းလိုက်ပါလာသည့် MITSUBISHI FUSO ၁၂ ဘီး မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုးငွေကျပ် ၄ ဒသမ ၅ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား သိန်း ၃၀ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ အဆိုပါ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများကို ရှမ်းပြည်နယ်မှ ကရင်ပြည်နယ်သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်ဖော်ထုတ်လျက် ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ (ဗဟိုသ)

ပြစ်မှုကျူးလွန်သူများကို သိမ်းဆည်းရမိ မော်တော်ယာဉ်၊ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူတွေ့ရစဉ်။

# ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၃၃၄၂ ဧကစိုက်ပျိုးမည်



ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

ယင်းမာပင် မေ ၁၁

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၃၃၄၂ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ယင်းမာပင်ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ယင်းမာပင်ခရိုင်တွင် မြေပဲ ၃၃၃၄၂ ဧက စိုက်ပျိုးရန် လျာထားပြီး လက်ရှိအချိန်တွင် မြေပဲများ စိုက်ပျိုးနိုင်ရေးအတွက် လယ်ယာမြေများထွန်ယက်လျက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ယင်းမာပင်ခရိုင်အတွင်း မြေပဲ ဧက ၃၀၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ မြေပဲကို ဒီလထဲမှာစိုက်ပျိုးဖို့အတွက် ဆောင်ရွက်နေပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ အတွက်လဲ ဆောင်ရွက်ပေးသွားမယ်။ ဆီထွက်သီးနှံအနေနဲ့ ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာတဲ့အနေအထားမှာရှိပါတယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ယင်းမာပင်ခရိုင်တွင် မြေပဲစိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၃၁၀၅ ဧက၊ ကနီမြို့နယ်တွင် ၂၉၃၈၁ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ၇၈၈ ဧကနှင့် ပုလဲမြို့နယ်တွင် ၆၈ ဧက စုစုပေါင်း ၃၃၃၄၂ ဧကဖြစ်ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ငါးစည်ဖောင်းခြောက်ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

ဖျာပုံ မေ ၁၁

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ငါးစည်ဖောင်းခြောက် ပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ်ပင်လယ်ငါးခြောက် ရောင်းဝယ်ရေးပွဲရုံ ပိုင်ရှင် ဒေါ်သီတာက ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်းက ငါးစည်ဖောင်းခြောက်ပိဿာချိန် ၄၂၀၀၀ သာတင်ပို့ရောင်းချနိုင်ခဲ့ပြီး ဧပြီ ၁ ရက်မှ ၃၀ ရက်ထိ တစ်လအတွင်း ငါးစည်ဖောင်းခြောက် ပိဿာချိန် ၆၅၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ငါးစည်ဖောင်းခြောက်တွေက ပင်လယ်ငါးတွေဖြစ်တဲ့ ငါးရွှေ၊ နတ်ကတော်ငါး၊ ငါးရောင်၊ ငါးပုတ်သင် စတဲ့ငါးတွေရဲ့ ဝမ်းဗိုက်ကိုခွဲပြီး အတွင်းကရရှိတဲ့ စည်ဖောင်းတွေကို စနစ်တကျ သန့်စင်နေပူလှန်း အခြောက်ခံပြီး ရရှိတာဖြစ်ပါတယ်။ ငါးစည်ဖောင်းခြောက်တွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုအား ကောင်းလာတာကြောင့် အရောင်းအဝယ် ကောင်းလာခဲ့တာပါ"ဟု ဖျာပုံမြို့နယ် ပင်လယ်ငါးခြောက် ရောင်းဝယ်ရေးပွဲရုံ ပိုင်ရှင် ဒေါ်သီတာက ပြောပြသည်။



ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငါးစည်ဖောင်းခြောက် တစ်ပိဿာ ဈေးနှုန်းများအနေဖြင့် ငါးရွှေ ငါးစည်ဖောင်းခြောက် တစ်ပိဿာလျှင် ငွေကျပ် ၇၆၀၀၀၊ နတ်ကတော် ငါးစည်ဖောင်းခြောက် တစ်ပိဿာလျှင် ငွေကျပ် ၆၅၀၀၀၊ ငါးရောင် ငါးစည်ဖောင်းခြောက် တစ်ပိဿာလျှင် ငွေကျပ် ၃၅၅၀၀၊ ငါးပုတ်သင်ငါးစည်ဖောင်းခြောက် တစ်ပိဿာလျှင် ငွေကျပ် ၇၇၀၀၀ စသည်ဖြင့် အကြီးအသေးအပေါ်မူတည်ပြီး ဈေးအနည်းအများရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# မိုင်းဆတ်မြို့နယ် နောင်ဖာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

မိုင်းဆတ် မေ ၁၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် မိုင်းဆတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မယ်နင်ကျေးရွာအုပ်စု နောင်ဖာကျေးရွာ၌ ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းဆတ်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်သီတာဟန်က နောင်ဖာကျေးရွာရှိ ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန်နှင့်တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးပေးရခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မိုင်းဆတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းစိုးဌေးက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ခရိုင်ဦးစီးမှူး ဒေါ်မြင့်သီတာဟန်က မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ်သိန်း ၂၀၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက နောင်ဖာကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသားအသင်းသူ ၄၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၂၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ချိုသန်းညွန့်

# ပန်းတိုင်သို့

– မိုး နေဒဏ် ကြမ်းလို့လည်း
ပန်းတို့က ဘယ်မဖြို၊
မုန်တိုင်းထန် မိုးစက်အရှူးမှာ
ထိုးထွက်ဖူးငုံ၊
နေသင့်လို့ ခွင့်ခိုက်ကြုံ
ပွင့်လိုက်ရုံ့ ဘယ်မနေး၊
ရင့်ရော်ကာ ကြွေရလည်း
မြေခအောင်မွေး။

– တောတောင်နယ် လမ်းရှည်လေးအတိုင်း
စမ်းရေအေး စီးဆင်းညံ၊
ကျောက်တောင်တွေ လိုက်တားလို့
တိုက်စားတဲ့အသံ၊
ကျောက်သားထု ကျောက်နံရံ
ဘယ်လောက်ခံခံ နောက်ပြန်မလှည့်၊
ကိုယ်လိုရာ ခရီးပြင်းဆီ
စီးဆင်းနေရဲ့။

– ကောင်းတစ်ခါ ဆိုးတစ်လှည့်နဲ့
အပြိုးဖွဲ့တဲ့ လောကဓံ၊
တို့အားမာန် နွဲ့သွားအောင်
လှည့်ဖြားဖို့ကြံ၊
စိတ်ရင်းက ပန်းရဲ့သဏ္ဌာန်
စမ်းရဲ့ဟန် သတ္တိမွေး၊
နှမ်းမှိုင်ကာ တုန်ယင်မနေပါနဲ့
ပန်းတိုင်ဆီ နောက်မကျအောင်
အိုကွယ် . . .
လျှောက်ကြစို့လေး။ ။

လွမ်းလေးကို(သရက်)

# ပွင့်ဖြူမြို့နယ် လက်ခုပ်ကျေးရွာ၌ အခြေခံစက်ချုပ်သင်တန်းဖွင့်

ပွင့်ဖြူ မေ ၁၁

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲကို မေ ၁၀ ရက် နံနက်ပိုင်းက လက်ခုပ်ကျေးရွာဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်နှင့် ပွင့်ဖြူမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးကျော်သူရတို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှငွေမောင်က သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြဆရာများက သင်တန်းတွင် ပို့ချမည့် ဘာသာရပ်များနှင့်သင်တန်းတက်ရောက်ရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော တာဝန်ရှိသူများက သင်တန်းသူများထံ သင်ထောက်ကူပစ္စည်းများ အသီးသီးပေးအပ်ကြသည်။

အဆိုပါသင်တန်းသို့ သင်တန်းသူ ဦးရေ ၂၀ တက်ရောက်ကြပြီး အခြေခံစက်ချုပ်နည်းအမျိုးမျိုးကို စာတွေ့လက်တွေ့ဖြင့် မေ ၁၀ ရက်မှ ဇွန် ၂၄ ရက်ထိ အခမဲ့ သင်ကြားပို့ချ ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဇင်မာ

# မြေကြီးကရွှေသီးစေရန် မြေဆီလွှာအာဟာရကြွယ်ဝဖို့ ကြိုးပမ်းလုပ်ဆောင်စို့

စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားစေရေးအတွက် လယ်ယာမြေများအားလုံးသည် မြေဆီသြဇာထက်သန်ပြီး အာဟာရဓာတ်ကြွယ်ဝနေရမည်ဖြစ်သည်။ စိုက်ပျိုးမြေဆီလွှာသည် အပင်များရှင်သန်ကြီးထွားမှုအတွက် အဓိကမရှိမဖြစ်လိုအပ်သော ရေနှင့်အပင်အာဟာရဓာတ်များကို ပေးဆောင်သည့် သတ္တုဓာတ်၊ မြေဆွေးဓာတ်၊ ရေ၊ လေတို့ဖြင့် ဖွဲ့စည်းထားသော ကမ္ဘာ့မြေမျက်နှာပြင်ပေါ်ရှိ အပေါ်ဆုံးအလွှာပါးလေးဖြစ်သည်။ မြေဆီလွှာသည် ရေကိုထိန်းညှိပေးခြင်း၊ စက်ရုံ၊ အလုပ်ရုံနှင့် သတ္တုတွင်းလုပ်ငန်းများမှ ထွက်ရှိလာသော အန္တရာယ်ရှိစေနိုင်သည့် ဓာတ်ကြွင်းများနှင့် လေထုညစ်ညမ်းမှုများကို လျှော့ချခြင်းနှင့် စစ်ထုတ်ခြင်း၊ ကာဗွန်၊ နိုက်ထရိုဂျင်၊ ဖော့စဖရတ်နှင့် အခြားအာဟာရဓာတ်များစွာကို မြေဆီလွှာထဲတွင် သိမ်းဆည်းပေးနိုင်ခြင်းစသည့် အရေးပါသော လုပ်ဆောင်မှုများကိုလည်း ဆောင်ရွက်ပေးသည်။ ထို့ကြောင့် သက်ရှိဂေဟစနစ်တွင် အပင်များ၊ လူသားများနှင့် တိရစ္ဆာန်များ ရေရှည်တည်တံ့နေစေရန်အတွက် မြေဆီလွှာ၏ အရည်အသွေးနှင့်အာဟာရကို ကောင်းမွန်စွာ ထိန်းသိမ်းထားရန် အထူးလိုအပ်သည်။

လျင်မြန်စွာပေါက်ကွဲလာသော လူဦးရေအတွက် စားရေရိက္ခာလုံလောက်စွာ ပံ့ပိုးနိုင်ရန်မြေဆီလွှာကို အနားမပေးဘဲ စိုက်ပျိုးလာခြင်း၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ ဓာတ်မြေသြဇာအစရှိသော ဓာတုသွင်းအားစုများကို လိုအပ်သည်ထက်ပိုမို၍ အလွန်အကျွံသုံးစွဲမိခြင်းတို့ကြောင့် မြေဆီလွှာအရည်အသွေးနှင့်အာဟာရဓာတ်များ ကျဆင်းလျက်ရှိပါသည်။ မြေဆီလွှာရေရှည်တည်တံ့ကောင်းမွန်စေရန်နှင့် မြေဆီလွှာအဆင့်အတန်းကျဆင်းလာခြင်းများကို အချိန်မနှောင်းမီ ထိန်းသိမ်းကာကွယ်ရန် ရည်ရွယ်၍ အပင်အာဟာရဓာတ်ဆိုင်ရာ ဘက်စုံစီမံမှုနည်းစနစ်များကို လိုက်နာကျင့်သုံးရန် လိုအပ်လာပါသည်။

**ဘက်စုံအပင်အဟာရဓာတ်ဆိုင်ရာကြွယ်ဝရေး**

သီးနှံအထွက်နှုန်းတိုးစေရန် တောင်သူအများစုသည် ဓာတ်မြေသြဇာများကိုသာ အားပြုထည့်သွင်းအသုံးပြုလေ့ရှိပြီး မြေဆီလွှာကျန်းမာရေးအတွက် မြေဆီလွှာကို ပြုပြင်ထိန်းသိမ်းမှုများလွန်စွာအားနည်းနေပါသေးသည်။ ဓာတ်မြေသြဇာဆိုသည်မှာ အပင်အတွက် ၎င်းဓာတ်မြေသြဇာတွင်ပါဝင်သည့် အာဟာရဓာတ်ကိုသာပေးနိုင်စွမ်းရှိပြီး အသုံးပြုသည့် နှုန်းထားမှန်ကန်ခြင်းမရှိပါက ကောင်းကျိုးထက်ဆိုးကျိုးများစွာဖြစ်စေနိုင်သည့်အပြင် ရေရှည်တွင်မြေနှင့်ရေသယံဇာတများကို ထိခိုက်ပျက်စီးစေသည်။ ဘက်စုံအပင်အာဟာရဓာတ်ဆိုင်ရာစီမံမှုဆိုသည်မှာ မြေဆီလွှာ၏အရည်အသွေးနှင့် အပင်အာဟာရဓာတ်ပံ့ပိုးမှုများကို အကောင်းမွန်ဆုံးထိန်းသိမ်းနိုင်ရန် အပင်အာဟာရအရင်းအမြစ်အမျိုးမျိုးကိုပေါင်းစပ်၍ မှန်ကန်ကောင်းမွန်စွာ ဆောင်ရွက်သောနည်းစနစ်များကို ဆိုလိုသည်။ အဓိကအားဖြင့် မြေဆီလွှာ၏အရည်အသွေးများဖြစ်သော လေဝင်လေထွက်ကောင်းမွန်မှု၊ ဖွဲ့စည်းတည်ဆောက်မှု၊ အပင်အာဟာရဓာတ်အမျိုးမျိုးနှင့် ရေထိန်းသိမ်းနိုင်မှုများကိုမြှင့်တင်ပေးနိုင်သည့်အပြင် လေထုထဲသို့ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကိုလည်း လျှော့ချပေးနိုင်ပါသည်။ ဘက်စုံအာဟာရဓာတ်ကြွယ်ဝစေရန် ဆောင်ရွက်ရာတွင် လိုအပ်သည့်ပမာဏကိုသာသုံးစွဲခြင်း၊ ပြန်၍အသုံးပြုခြင်းနှင့် ပြန်လည်ပြုပြင်၍ အသုံးပြုခြင်းဟူသော နည်းလမ်းသုံးသွယ်ဖြင့် ချဉ်းကပ်ဆောင်ရွက်နိုင်သည်။

**လိုအပ်သည့်ပမာဏအားသုံးစွဲခြင်း**

ဓာတ်မြေသြဇာများကို စိုက်ပျိုးရေးဦးစီးဌာနမှ အတည်ပြုထောက်ခံသော ပမာဏကိုသာ ထည့်သွင်းပြီး လွန်ကဲစွာသုံးစွဲခြင်းကို လျှော့ချသွားသင့်ပါသည်။ ဓာတ်မြေသြဇာများ အလွန်အကျွံသုံးစွဲခြင်းဖြင့် မြေဆီလွှာ၏ဖွဲ့စည်းပုံနှင့် မြေဆီလွှာအာဟာရဓာတ်ပမာဏမညီမျှမှုကို ဖြစ်ပေါ်စေရုံသာမက မြေဆီလွှာ၏ ထုတ်လုပ်နိုင်မှုစွမ်းအားနှင့် အရည်အသွေးကိုပါ ထိခိုက်စေနိုင်သည်။ အကျိုးဆက်အနေဖြင့် စိုက်ပျိုးထုတ်လုပ်မှုနှင့် အကျိုးအမြတ်များကျဆင်းသွားကာ သဘာဝပတ်ဝန်းကျင်ဂေဟစနစ်ကိုပါ ထိခိုက်စေနိုင်သည်။ ထို့ကြောင့် ဓာတ်မြေသြဇာ



စိုက်ခင်းများအတွင်း ကင်းထောက်မှတ်တမ်းယူနေမှုကိုတွေ့ရစဉ်။

အသုံးပြုရာတွင် လိုအပ်သည့်အတိုင်းအဆ ထည့်သွင်း၍ လွန်ကဲသည့်ပမာဏကို လျှော့ချနိုင်ရန် မြေဆွေးများ၊ သီးနှံအကြွင်းအကျန်များ၊ သဘာဝမြေဆွေးများ၊ ကောင်းမွန်စွာဆွေးမြေ့နေသော နွားချေး၊ ကြက်ချေးကဲ့သို့သော တိရစ္ဆာန်အညစ်အကြေးများနှင့်ဇီဝမြေသြဇာများကို တွဲဖက်အသုံးပြုခြင်းဖြင့် မြေဆီလွှာ၏ကျန်းမာရေးကိုမြှင့်တင်နိုင်ပြီး သီးနှံအထွက်နှုန်းကို ပိုမိုတိုးတက်စေနိုင်သည်။

ထို့ပြင် အခြားသောစိုက်ပျိုးရေးစနစ်များဖြစ်သော သီးလှည့်စိုက်ပျိုးခြင်းနှင့် ပိုက်ဆန်လျှော်၊ ညံပင်ကဲ့သို့သော သစ်စိမ်းမြေသြဇာများ ပြုလုပ်သုံးစွဲခြင်း၊ မြေဖုံးပင်များစိုက်ပျိုးခြင်း အစရှိသော အလေ့အကျင့်ကောင်းများကိုလည်း လိုက်နာကျင့်သုံးရန် လိုအပ်ပါသည်။ အပင်မှ အမှန်တကယ်လိုအပ်သောအာဟာရဓာတ်များကို ညီမျှစွာထည့်သွင်းနိုင်ရန်အတွက် မြေဆီလွှာဓာတ်ခွဲစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်သင့်ပါသည်။ ဓာတ်ခွဲစစ်ဆေးခြင်းလုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာန၊ မြေအသုံးချရေးဌာနခွဲ၊ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစမ်းသပ်နိုင်သဖြင့် တောင်သူများအနေဖြင့် မြေနမူနာများနှင့် အပင်နမူနာများရယူ၍ ဓာတ်ခွဲစမ်းသပ်ခြင်းလုပ်ငန်းများကို အလေ့အကျင့်ကောင်းတစ်ခုအဖြစ် မဖြစ်မနေ ဆောင်ရွက်စေလိုပါသည်။

မှားယွင်းသည့် စိုက်ပျိုးရေးနည်းစနစ်များဖြစ်သော ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်း၊ မြေယာပြုပြင်ရန် ရိုးပြတ်များအားမီးရှို့ခြင်း၊ ရိတ်သိမ်းခြွေလှေ့ စက်အသုံးပြုမှုများလာသဖြင့် ကောက်ရိုးများကို အလွယ်တကူမီးရှို့ခြင်း၊ အပင်အကြွင်းအကျန်များကိုမီးရှို့ခြင်း အစရှိသောလုပ်ဆောင်ချက်များကြောင့် ထွက်ရှိလာသောမီးခိုးမြူငွေ့များကို လျှော့ချရန်လည်း အထူးလိုအပ်လျက်ရှိပါသည်။

အဆိုပါမီးခိုးမြူငွေ့များသည် အနီးပတ်ဝန်းကျင်တွင်နေထိုင်သည့်လူသားတို့၏ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးများကို ထိခိုက်ပျက်စီးစေရုံသာမက သက်ရှိတိရစ္ဆာန်များနှင့် အပင်များအပေါ်တွင်လည်း အလွန်အန္တရာယ်ဖြစ်စေနိုင်သည်။

မီးရှို့ခြင်းကြောင့် ပတ်ဝန်းကျင်ဂေဟစနစ်ကို ထိခိုက်စေနိုင်ရုံသာမက မီးရှို့ထားသော စိုက်ခင်းမှ ထွက်ရှိလာသော လယ်ယာထွက်ကုန်များကို အခြားနိုင်ငံများက ဝယ်ယူမည်မဟုတ်သည့်အတွက် သီးနှံဈေးကွက်ဝယ်လိုအားများ ကျဆင်းသွားနိုင်သောကြောင့် သီးနှံစိုက်ပျိုးရာ၌ မီးရှို့မှုလျှော့ချရေးလုပ်ငန်းများကိုပါ တောင်သူများအနေဖြင့် လိုက်နာဆောင်ရွက်စေလိုသည်။

ရွှေ့ပြောင်းတောင်ယာစနစ်ပပျောက်သွားစေမည့် နည်းလမ်းဖြစ်သော နှစ်ရှည်သီးနှံများ ပြောင်းလဲစိုက်ပျိုးခြင်း၊ သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း၊ ကုန်းမြင့်လယ်ယာမြေများ ဖော်ထုတ်စိုက်ပျိုးခြင်းနှင့် တောင်စောင်းစိုက်ပျိုးနည်းစနစ်ဖြင့် စိုက်ပျိုးခြင်းစသည်ဖြင့် စိုက်ပျိုးရေးနည်းစနစ်များကို ပြောင်းလဲကျင့်သုံးရန် လိုအပ်သည်။

လယ်ယာစိုက်ပျိုးရေးမှထွက်ရှိသော အပင်အကြွင်းအကျန်များကို သဘာဝမြေဆွေး ပြုလုပ်ခြင်း၊ ရိုးပြတ်များကိုထယ်မှောက်၍ ဆွေးမြည့်စေခြင်း၊ နောက်သီးနှံများ၏ အပင်ခြေတွင် အပင်အကြွင်းအကျန်များကို မြေဖုံးပေးခြင်းနှင့် ထွန်ယက်မှုကို တတ်နိုင်သမျှလျှော့နည်းစေခြင်း အစရှိသည့် လုပ်ငန်းများကို လုပ်ဆောင်ရန် လိုအပ်သည်။

ထိုကဲ့သို့ပြုမူဆောင်ရွက်ခြင်းဖြင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်ကို လျှော့ချနိုင်ပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက်လည်း များစွာအထောက်အကူပြုစေနိုင်မည်ဖြစ်ပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့်လည်း မြန်မာ၊ ထိုင်းနယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့ လေထုညစ်ညမ်းတားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေးကော်မတီတွင် ပါဝင်ဆောင်ရွက်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဦးစီးဆောင်ရွက်လျက်ရှိသော နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းသိမ်းရေးဆိုင်ရာ ပညာပေးလုပ်ငန်းများကို သက်ဆိုင်ရာဆက်စပ်ဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်လျက်ရှိသည်။

**ပြန်၍အသုံးပြုခြင်း**

ဒုတိယနည်းလမ်းဖြစ်သော ပြန်၍အသုံးပြုခြင်းတွင် စိုက်ပျိုးမွေးမြူရေးမှ ထွက်ရှိလာသော တိရစ္ဆာန်အညစ်အကြေး စွန့်ပစ်ပစ္စည်းများ၊ ပဲရိုး၊ ပဲမှော်၊ ကောက်ရိုးအစရှိသော သီးနှံအကြွင်းအကျန်များကို စိုက်ခင်းအတွင်း ပြန်လည်ထည့်သွင်းအသုံးပြုခြင်း၊ ကောက်ရိုးများကို အသုံးပြု၍ မှိုစိုက်ပျိုးခြင်း၊ တီမွေးမြူခြင်း စသည့်နည်းလမ်းများကို မြေဖုံးပစ္စည်းများအဖြစ် အသုံးပြုလာကြသည်။

လယ်ယာထွက်ပစ္စည်းများအပြင် စိုက်ခင်းများအတွင်းသို့ ရေသွင်းရာမှ စီးဆင်းလာသည့် ပိုလျှံရေများ၊ ရေထုတ်မြောင်းများအတွင်းရှိ ပိုလျှံရေများကို ပြန်လည်အသုံးပြုခြင်းဖြင့် ရေကိုအကျိုးရှိထိရောက်စွာအသုံးပြုလာနိုင်မည်ဖြစ်သည်။ ထို့ပြင် အညာဒေသကဲ့သို့သော ပူပြင်းခြောက်သွေ့၍ ရေရှားပါးသောအရပ်များ၌ ရေစုကန်၊ ရေစုကျင်းများတူးဖော်၍ မိုးရေကို စနစ်တကျစုဆောင်းခြင်းဖြင့် မြေဆီလွှာတိုက်စားခြင်းများကို လျှော့ကျစေပြီး ရေအရင်းအမြစ်များကို ထိန်းသိမ်းနိုင်မည်ဖြစ်ရုံသာမက အဆိုပါရေများကို ဖြည့်စွက်ရေအဖြစ် ပြန်လည်အသုံးပြုခြင်းဖြင့် သီးနှံများအထွက်တိုးလာနိုင်သည်။

တောင်သူများအနေဖြင့် ဖော်ပြပါနည်းလမ်းများကို လုပ်ဆောင်ပါက မိမိတို့၏ စိုက်ပျိုးမြေတွင် မြေဆီသြဇာကြွယ်ဝကောင်းမွန်စေပြီး အကျိုးပြုအဏုဇီဝသက်ရှိများ၏ ရှင်သန်ပေါက်ပွားမှုကို မြှင့်တင်ပေးနိုင်သည်။ သီးနှံအကြွင်းအကျန်များကို ကောက်ရိုးမှိုများစိုက်ပျိုးခြင်း၊ တီကျစ်မြေသြဇာများ ထုတ်လုပ်ခြင်းအားဖြင့်လည်း တစ်ဖက်တစ်လမ်းမှ တောင်သူဝင်ငွေရရှိနိုင်သည်။

**ပြန်လည်ပြုပြင်၍ အသုံးပြုခြင်း**

တတိယနည်းလမ်းအနေဖြင့် သီးနှံအကြွင်းအကျန်များကို ပုံစံပြောင်းပြုပြင်ပြီး ပြန်လည်အသုံးပြုခြင်းဖြစ်သည်။ စပါးခွံ၊ ကောက်ရိုးအစရှိသည်တို့ကိုအသုံးပြု၍ ဇီဝမီးသွေး၊ ဇီဝအုတ်ခဲများ၊အီးအမ်ဘိုကာရှီမြေဆွေး၊ သဘာဝမြေသြဇာများအဖြစ် ပြန်လည်ပြုလုပ်အသုံးပြုခြင်းဖြင့် မြေဆီလွှာဆုံးရှုံးမှုကို သက်သာစေသည့်အပြင် အပိုဝင်ငွေရရှိနိုင်ခြင်း အစရှိသည့်အကျိုးကျေးဇူးများကို ရရှိနိုင်သည်။

ထို့ပြင် အိမ်မွေးတိရစ္ဆာန် စွန့်ပစ်အညစ်အကြေးများကို ဇီဝဓာတ်ငွေ့များထုတ်လုပ်သုံးစွဲခြင်းပြုလုပ်ပြီး ဘေးထွက်ပစ္စည်းများကို စိုက်ခင်းများသို့ပြန်လည်ထည့်သွင်းခြင်းများဖြင့် မြေဆီလွှာ၏ အရည်အသွေးကို တိုးတက်စေရုံသာမက ၎င်းတို့မှလျှပ်စစ်မီးထုတ်လုပ်နိုင်သဖြင့် ကျေးလက်ဒေသ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုတို့ကိုလည်း အထောက်အပံ့ပေးနိုင်ပါသည်။

**ရေရှည်တည်တံ့စေခြင်း**

စိုက်ပျိုးထုတ်လုပ်သူများအနေဖြင့် လက်ရှိကာလတွင်သာမက ရေရှည်တွင်မိမိတို့၏ အနာဂတ်မျိုးဆက်များ စားရေရိက္ခာဖူလုံရေးအတွက်ပါ မျှော်မှန်းပြီး မြေဆီလွှာကျန်းမာရေးနှင့် ရေအရင်းအမြစ်များကို ထိန်းသိမ်းရန်အတွက် ရေရှည်တည်တံ့သော စိုက်ပျိုးရေးအလေ့အကျင့်ကောင်းများ လိုအပ်ပါသည်။

အချုပ်ဆိုရသော် အပင်များရှင်သန်ဖြစ်ထွန်းရေးအတွက် ကောင်းမွန်သောမြေဆီလွှာသည် မရှိမဖြစ်လိုအပ်ပေသည်။ ထို့ကြောင့်မြေဆီလွှာအာဟာရဓာတ်များကြွယ်ဝပြီး ရေရှည်တည်တံ့ကောင်းမွန်စေရေးအတွက် အချိန်မနှောင်းမီ ထိန်းသိမ်းကာကွယ်ကာ ဘက်စုံစီမံမှုနည်းစနစ်များကို ကျင့်သုံးသွားကြခြင်းဖြင့် မြေကြီးကရွှေသီးစေရန် ကြိုးပမ်းသွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

သန္တာညီ(Land Use)

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

သတင်းထုတ်ပြန်ချက်

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ရက် နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့်ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကိုဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၅၁၂ ဧက စိုက်ပျိုးမည်



ယခင်နှစ် ခရမ်းချဉ်စိုက်ခင်းကို တွေ့ရစဉ်။

**မော်လိုက် မေ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၅၁၂ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖောင်းပြင်မြို့နယ်တွင် ဟင်းသီးဟင်းရွက် ၁၅၁၂ ဧက စိုက်ပျိုးရန်လျာထားပြီး အဆိုပါ ဟင်းသီးဟင်းရွက်သီးနှံစိုက်ပျိုးမှုကို ယခုနှစ် မေလတတိယပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ဖောင်းပြင်မြို့နယ်အတွင်း ဟင်းသီး ဟင်းရွက်ဧက ၁၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးသွားမယ်။ ဟင်းသီးဟင်းရွက်စိုက်ပျိုးရာမှာ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်းချဉ် စတဲ့သီးနှံတွေ စိုက်ပျိုးမှာဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံး ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ထားပြီးဖြစ်ပါတယ်" ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

ဖောင်းပြင်မြို့နယ်တွင် ဟင်းသီးဟင်းရွက် စိုက်ပျိုးမည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းစင်ရေး၊ သဘာဝမြေဩဇာသုံးစွဲရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

(၂၀၆)

# မင်းလှမြို့နယ် ကံတောင်ကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းလှ မေ ၁၁**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကံတောင်ကျေးရွာ၌ ဆဋ္ဌမအကြိမ် ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း(VRFP)ရန်ပုံငွေ ထုတ်ချေးခြင်းကို မေ ၁၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းအေးက ကံတောင်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း (VRFP) အကောင်အထည်ဖော်ပေးရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့်ခံစားခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း ကော်မတီဝင်များထံ ရန်ပုံငွေကျပ် ၃၅ ဒသမ ၃ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ကော်မတီဝင်များက ကံတောင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၂ ဦးကို ငွေကျပ် ၃၃ ဒသမ ၃ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူတစ်ဦးကို ငွေကျပ် တစ်သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူတစ်ဦးကို ငွေကျပ် တစ်သန်း စုစုပေါင်း အသင်းသား၊အသင်းသူ ၅၄ ဦးကို ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း(VRFP) ရန်ပုံငွေကျပ် ၃၅ ဒသမ ၃ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ချိုလေး**

# သတိပြုရှောင်ကြဉ်ရမည့် စပ်ဆေးအန္တရာယ်

ပေါက်ပေါက်

မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပေါ်နေသော ဆေးဝါးဈေးနှုန်းများကို အကြောင်းပြု၍ စပ်ဆေးသုံးစွဲမှုများ တွင်ကျယ်လာကြသည်။ စပ်ဆေးဆိုသည်မှာ ခံစားနေရသော ရောဂါဝေဒနာအတွက် သင့်တော်ရာ အနောက်တိုင်းဆေးဝါးနှစ်မျိုးသို့မဟုတ် ၎င်းထက်ပိုသောဆေးဝါးတို့ကို ပေါင်းစပ်ပြီးရောင်းချခြင်းနှင့် တိုင်းရင်းဆေးဝါးအမည်ခံကာ အနောက်တိုင်းဆေးဝါးများကို အမှုန့်ကြိတ် ပုံပြောင်းပြီး အသင့်ထုပ်ပိုးရောင်းချခြင်းတို့ကို ခေါ်ဆိုခြင်းဖြစ်သည်။

၎င်းတို့ကို အမည်တစ်မျိုးမျိုးတပ်ကာ ကိုယ်ပူ၊ အအေးမိ၊ နှာစေး၊ ချောင်းဆိုး၊ အကိုက်အခဲပျောက်ဆေးစသည်ဖြင့် တံဆိပ်ကပ်ရောင်းချကြသည်။ ထိုသို့ရောင်းချနေသည့် ဆေးဆိုင်အများစုသည် အစိုးရအသိအမှတ်ပြုဆေးဝါးဆိုင်ရာကျွမ်းကျင်မှု လက်မှတ်ရရှိထားသူများ မဟုတ်ဘဲ စီးပွားရေးအကျိုးအမြတ်တစ်ခုခုကိုသာ ရည်ရွယ်လုပ်ဆောင်လေ့ရှိသည်။

စပ်ဆေးသောက်ခြင်းသည် ကုန်ကျစရိတ်သက်သာသည်မှန်သော်လည်း ရောဂါနှင့်ဆေးလွဲနေခြင်း၊ ရောဂါကိုခဏတစ်ဖြုတ်မျှ သက်သာစေနိုင်ပြီးရောဂါအရင်းအမြစ်ကို ကုသခြင်းမဟုတ်သဖြင့် ရောဂါပိုရင့်လာခြင်း ၊ ရေရှည်တွင် ဘေးထွက်ဆိုးကျိုးများ ဖြစ်ပေါ်လာတတ်သည်။ ထိုသို့ဖြစ်မှ ဆရာဝန်များနှင့် တိုင်ပင်ကုသပါက ရောဂါကုသရန်ခက်ခဲသွားပြီး ကုသမှုစရိတ်များပါ အဆမတန်ကုန်ကျခြင်းများ ဖြစ်ပေါ်တတ်သည်။ ထို့ကြောင့် စပ်ဆေးများ မကြာခဏ ဝယ်သောက်နေခြင်းထက် ကျွမ်းကျင်ဆရာဝန်နှင့်စနစ်တကျပြသကုသမှသာ ရောဂါသေချာပျောက်ကင်းပြီး ဘေးထွက်ဆိုးကျိုးများဖြစ်ပေါ်ခြင်းမှ ရှောင်ကြဉ်နိုင်မည်ဖြစ်ပါသည်။

**စပ်ဆေးများနှင့် ပဋိဇီဝဆေးယဉ်ပါးမှုအန္တရာယ်**

ဆေးဆိုင်အချို့ရောင်းချလေ့ရှိသည့် စပ်ဆေးများကြောင့် ပဋိဇီဝဆေးယဉ်ပါးမှု ဖြစ်စေနိုင်သည်။ ၂၀၁၅ ခုနှစ်တွင် ကျင်းပသောကမ္ဘာ့ကျန်းမာရေးညီလာခံ၌ ပဋိဇီဝဆေးယဉ်ပါးမှုတိုက်ဖျက်ရေး ကမ္ဘာလုံးဆိုင်ရာလုပ်ငန်းစီမံကိန်းကို သဘောတူချမှတ်ခဲ့ကြသည်။ ထို့ပြင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ကလည်း ပဋိဇီဝဆေးယဉ်ပါးမှု ပြဿနာကို ကမ္ဘာလုံးဆိုင်ရာပြည်သူ့ကျန်းမာရေး ပြဿနာကြီး ၁ဝခု စာရင်းတွင် ထည့်သွင်းထားသည်။ မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သည့်အားလျော်စွာ ကျန်းမာရေးအတွက် ကုန်ကျစရိတ်ကြီးလေးမှုကို ရှောင်လွှဲကြသဖြင့် လမ်းဘေးဆေးဆိုင်များတွင် ရောင်းချနေသောစပ်ဆေးများဖြင့်သာ အကျွမ်းတဝင်ဖြစ်နေကြသည်။

စပ်ဆေးအများစုမှာ အကိုက်အခဲပျောက်ဆေးသို့မဟုတ် အဖျားကျဆေး၊ အစာအိမ်ဆေး သို့မဟုတ် လေဆေး၊ ပိုးသတ်ဆေး၊ အားဆေးနှင့် steroid ခေါ် အပြင်းစား အရောင်ကျဆေးစသည့် ဆေးပစ္စည်းများဖြင့်စပ်ပြီး ရောင်းချလေ့ရှိကြသည်။ ၎င်းတို့အနက်အဆိုးဆုံးမှာ steroid ခေါ် ပြင်းထန်အရောင်ကျဆေးအုပ်စုဖြစ်သည်။ ၎င်းဆေးကို စနစ်တကျမသုံးတတ်လျှင် အသက်အန္တရာယ်စိုးရိမ်ရသည်။ တတ်ကျွမ်းနားလည်သော ဆရာဝန်များပင် ရောဂါနှင့်ဆေးကို သေသေချာချာ နှိုင်းဆချင့်ချိန်ပြီးမှ လိုအပ်သလောက် ပမာဏကိုသာ လိုအပ်သော အချိန်အတိုင်းအတာသာပေးရသော ဆေးမျိုးဖြစ်သည်။ ထို့ပြင် စပ်ဆေးများတွင် အများအားဖြင့် အကိုက်အခဲပျောက်ဆေးကဲ့သို့ ဆေးများလည်းပါတတ်သည်။

တစ်ခါတစ်ရံ မတွဲရမည့်ဆေးအတွဲများကို တွဲဖက်ထားသည်လည်း ရှိတတ်သည်။ အကိုက်အခဲပျောက်သောက်ဆေးများသည်လည်း အစာအိမ်ဖြစ်စေတတ်ခြင်း၊ ကျောက်ကပ်ရောဂါများဖြစ်တတ်ခြင်း၊ နှလုံးသွေးတိုးရောဂါများဖြစ်တတ်ခြင်း စသည့်ဘေးထွက်ဆိုးကျိုးများစွာရှိသည်။ တစ်ခါတစ်ရံ စပ်ဆေးများတွင် ပိုးသတ်ဆေးများထည့်သွင်းထားသည်ကို တွေ့ရတတ်သည်။ ပိုးသတ်ဆေးများကို မလိုအပ်ဘဲသောက်သုံးခြင်း၊ ဆေးကိုရက်ပြည့်အောင် မသောက်သုံးခြင်း၊ စနစ်တကျမသုံးစွဲခြင်းတို့ကြောင့်



ဆေးယဉ်ပါးမှုများဖြစ်ပေါ်လာတတ်သည်။ တကယ်ပိုးသတ်ဆေးအသုံးပြုရမည့် အနေအထားဖြစ်လာသည့်အခါ ဆေးယဉ်ပါးမှုများနှင့်ကြုံတွေ့နိုင်ကာ ကုသရန်ခက်သွားတတ်သည်။

ထို့ပြင် စပ်ဆေးများကြောင့်ဖျားနာခြင်း၊ နာကျင်ခြင်းများလျော့သွားပြီး အသက်အန္တရာယ်ရှိသည့် အကြောင်းတရားများ၏ လက္ခဏာများမပေါ်လွင်တော့သဖြင့် အသိနောက်ကျပြီး အသက်ဆုံးရှုံးရသည်ထိဖြစ်တတ်သည်။ ဥပမာ သွေးတွင်းပိုးတစ်မျိုးမျိုးပျံ့နေသည့်လူနာတွင် ဖျားနာရခြင်းအကြောင်းရင်းကို အဖြေမရှာခင် ထိုဆေးများသောက်လိုက်၊ ထိုးလိုက်ခြင်းကြောင့် အဖျားကျသွားတတ်သည်။ သို့သော် ထိုဆေးများသည် ခုခံအားစနစ်ကို ကျဆင်းစေသောကြောင့် အဖျားမရှိတော့ခြင်းသာဖြစ်ပြီး သွေးတွင်းပျံ့နေသော ပိုးကိုပိုမိုပြန့်ပွားစေနိုင်သည်။ မဖျားတော့သော်လည်း ပိုးရှိနေသေးသည်ကို သတိမပြုမိတော့ဘဲ ကုသမှုကိုပါ နောက်ကျသွားစေနိုင်သည်။ ထိုအနေအထားသည် အသက်အန္တရာယ်ကို ထိခိုက်သည်ထိဖြစ်စေနိုင်သည်။

ထို့ကြောင့် ပဋိဇီဝဆေးများကိုတလွဲသုံးစွဲခြင်းသည် အချိန်တိုအတွင်း ဆေးယဉ်ပါးမှုဖြစ်စေနိုင်သကဲ့သို့ ကျား၊ မ လူမျိုးမရွေး၊ အသက်အရွယ်မရွေးဖြစ်ပွားနိုင်သဖြင့် အကယ်၍ ပဋိဇီဝဆေးများကိုသုံးစွဲမည်ဆိုပါက နားလည်တတ်ကျွမ်းသော ကျန်းမာရေးစောင့်ရှောက်သူများနှင့် မဖြစ်မနေတိုင်ပင်သင့်ပြီး ညွှန်ကြားချက်အတိုင်းလိုက်နာသင့်သည်။ ကျန်းမာရေးဝန်ကြီးဌာနကလည်း ပဋိဇီဝဆေးယဉ်ပါးခြင်းအန္တရာယ်နှင့် ပတ်သက်သည့် ကာကွယ်ရေးနှိုးဆော်ချက်များကို အခါအားလျော်စွာ ထုတ်ပြန်ပေးလျက်ရှိသည်။ ၎င်းဆေးဝါးများကို သက်ဆိုင်ရာကမည်သို့ပင်အခါအားလျော်စွာ စစ်ဆေးဖော်ထုတ်နိုင်သော်လည်း ထိရောက်သည့်အရေးယူမှုများ အားနည်းနေသေးသဖြင့် ယနေ့ထိတိုင် ခေါင်းထောင်နေခြင်းဖြစ်ပေသည်။

**စပ်ဆေး တွင်ကျယ်နေမှုနှင့် မြန်မာ့ကျန်းမာရေးအနာဂတ်**

ဆေးသုတေသနဦးစီးဌာနက တစ်နှစ်ကြာပြုလုပ်ခဲ့သည့် စစ်တမ်းတစ်ခုအရ ရန်ကုန်မြို့တောင်ဥက္ကလာပမြို့နယ်နှင့်ကြည့်မြင်တိုင်မြို့နယ်တို့ရှိ မှတ်ပုံတင်ထားသော ဆေးဆိုင်ပေါင်း ၁၄၄ ဆိုင်မှ ဆေးဝါးရောင်းချသူ ၁၄၄ ဦးကို ဆရာဝန်၏ ညွှန်ကြားချက်မပါဘဲ ပဋိဇီဝဆေးဝါးရောင်းချမှုအပေါ်အလေ့အထနှင့် ခံယူချက်များကိုလေ့လာခဲ့ကြသည်။ ထိုသူများအနက် ခုနစ်ဦးခန့်သာ ဆေးဝါးတက္ကသိုလ်မှ ဘွဲ့ရထားပြီး ၎င်းဆိုင်များ၏ ထက်ဝက်ခန့်မှာ ဆရာဝန်ညွှန်ကြားချက်မပါသော ပဋိဇီဝဆေးများကို ရောင်းချလျက်ရှိကြောင်း တွေ့ရှိရသည်။

ဖော်ပြပါ အခြေအနေကိုလေ့လာကြည့်ခြင်းအားဖြင့် မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍတွင် ဆရာဝန်ညွှန်ကြားချက်မပါသည့် ဆေးဝါးများရောင်းချမှု၊ စပ်ဆေးရောင်းချမှုများ မည်သည့်အတိုင်းအတာထိ နက်နက်ရှိုင်းရှိုင်းအမြစ်တွယ်နေပြီဖြစ်ကြောင်း ထင်ရှားစွာသိနိုင်သည်။ စပ်ဆေး၊ သက်တမ်းလွန်ဆေး၊ တရားမဝင်ဆေးဝါးများနှင့်ပတ်သက်၍သက်ဆိုင်ရာက စစ်ဆေးအရေးယူလျက်ရှိသော်လည်း အဆင်သင့်သောက်သုံးနိုင်သော ထုပ်ပိုးထားသည့်စပ်ဆေးများကို အခြေခံလူတန်းစားများနေထိုင်ရာ နေရာတချို့၌ ရောင်းချနေဆဲဖြစ်သည်။

စပ်ဆေးပြဿနာသည်မြန်မာနိုင်ငံတွင် နှစ်ပေါင်းများစွာရင်ဆိုင်နေရသည့်ကိစ္စဖြစ်သည်။ အမှန်စင်စစ်ဆေးဆိုင်များသည် အမျိုးသားဆေးဝါးဥပဒေအရ မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် ဆေးဝါးများကိုသာရောင်းချခွင့်ရှိသည်။ သို့သော် လက်လီလက်ကားရောင်းချနေသည့် ဆေးဆိုင်များ၌ စပ်ဆေးရောင်းချခွင့်ကို ဥပဒေအရတားမြစ်ထားပြီးဖြစ်သော်လည်း ကျင့်ဝတ်ကိုမလိုက်နာသည့်ဆိုင်တချို့မှာ စီးပွားရေးအရ တွက်ခြေကိုက်မှုပိုရှိသည့် တရားမဝင်ဆေးဝါးများနှင့် စပ်ဆေးများကိုပါရောင်းချလေ့ရှိသည်။

အထူးသဖြင့် ကျန်းမာရေးဝန်ထမ်းများလက်လှမ်းမမီသည့် ဆင်ခြေဖုံးရပ်ကွက်များနှင့် ကျေးလက်ဒေသများမှာ စပ်ဆေးများ အဓိကအသုံးပြုရာနယ်မြေဖြစ်သည်။ ဖော်ပြပါ ဖြစ်စဉ်များ၏ ဘေးထွက်ဆိုးကျိုးအဖြစ် အခြေခံလူတန်းစားများတွင် ရောဂါဝေဒနာများ နာတာရှည်ဖြစ်လာခြင်းနှင့်အတူ စပ်ဆေးသောက်သုံးခြင်း သံသရာလည်လျက်ရှိသည်။ ထို့ကြောင့် ဒေသဆိုင်ရာအာဏာပိုင်များ၏ အကူအညီ၊ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုနှင့် ကျန်းမာရေးအသိပညာပေးမှုများ အားနည်းမှုရှိနေသမျှကာလပတ်လုံး စပ်ဆေးကိစ္စကို ဖြေရှင်းရာ၌ အခက်အခဲမျိုးစုံ ရှိနေဦးမည်သာဖြစ်သည်။

**သတိရှိကြစေလို**

ပဋိဇီဝဆေးယဉ်ပါးမှုသည် နိုင်ငံများအားလုံးအတွက် အရေးကြီးသောကျန်းမာရေးဆိုင်ရာကိစ္စဖြစ်သည်။ ပဋိဇီဝဆေးကို စတင်တွေ့ရှိခဲ့သော လွန်ခဲ့သည့် နှစ်ပေါင်း ၈၀ ခန့်မှစ၍ ယခုအချိန်ထိ ရောဂါအများအပြားကို ကုသပေးနိုင်ခဲ့သည်။ ထို့ကြောင့် ပဋိဇီဝဆေးများကို ဆရာဝန်၏ ညွှန်ကြားချက်မပါဘဲ မိမိသဘောဖြင့် အဆင်ပြေသလို ဝယ်ယူသောက်သုံးခြင်း၊ ဆေးရုံ၊ ဆေးခန်းများမှ ပေးလိုက်သည့် ပဋိဇီဝဆေးများကို သတ်မှတ်ချိန်အတိုင်း၊ သတ်မှတ်ပမာဏနှင့်အတိုင်းအတာ တိတိကျကျမသောက်ခြင်း၊ စပ်ဆေးများ ဝယ်ယူသုံးစွဲခြင်း စသည့် အလေ့အထများပြားနေသည့် မြန်မာ့လူ့အဖွဲ့အစည်းအနေဖြင့် ပဋိဇီဝဆေးယဉ်ပါးမှုနှင့် အဏုဇီဝပိုးအန္တရာယ်ကိုကျန်းမာရေးအသိဖြင့် သတိရှိကြစေလိုသည်။

တစ်ဖက်ကလည်း လူမှုဘဝနိစ္စဓူဝတွင် ကျန်းမာရေးနှင့် ညီညွတ်မျှတစွာ ပြုမူနေထိုင်ခြင်း၊ သန့်ရှင်းသော အစားအစာနှင့်သောက်သုံးရေ သောက်သုံးခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းမှုရှိခြင်း၊ လူနေအိမ်များနှင့်ပတ်ဝန်းကျင်၌ ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် သန့်ရှင်းစွာနေထိုင်ခြင်းစသည်တို့က ဗက်တီးရီးယားပိုး၊ ဗိုင်းရပ်စ်ပိုး၊ မှိုပိုးနှင့် ကပ်ပါးပိုးပြဿနာများဖြစ်ပေါ်မှုနည်းသွားပြီး ပဋိဇီဝဆေးဝါးများ အသုံးပြုမှုကို ၆၀ ရာခိုင်နှုန်းထိ လျှော့ချနိုင်ပါလိမ့်မည်။

အချုပ်ဆိုသော် စပ်ဆေးသုံးစွဲခြင်းသည် ကျန်းမာရေးရှုထောင့်မှကြည့်လျှင် လက်ခံစရာမရှိသည့် ကိစ္စဖြစ်သည်။ ကျန်းမာရေးဝန်ထမ်းများက အခါအားလျော်စွာ ပညာပေးလေ့ရှိသော်လည်း ယနေ့တိုင် ပပျောက်သွားခြင်းမရှိဘဲ အမြစ်တွယ်လျက်ရှိနေသည်။ ၎င်းကိစ္စသည် ဆင်းရဲချို့တဲ့သူများကို အခြေခံကာ ဖြစ်ပေါ်လာသည့် ကိစ္စဖြစ်ရာ ဆေးဆိုင်များအနေဖြင့် စပ်ဆေးရောင်းခြင်းကို လုံးဝရှောင်ကြဉ်ရန် လိုအပ်သကဲ့သို့ ပြည်သူများအနေဖြင့်လည်း စပ်ဆေးဝယ်ယူသုံးစွဲခြင်းကို ရှောင်ရှားကြရမည် ဖြစ်ပါကြောင်းရေးသားလိုက်ပါသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# ဗြိတိန်နိုင်ငံက လေအားလျှပ်စစ်စီမံကိန်းအတွက် စတာလင်ပေါင် ၅၄၄ သန်းထိ ရင်းနှီးမြှုပ်နှံသွားမည်



**လန်ဒန် မေ ၁၁**

ဗြိတိန်နိုင်ငံသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စီမံချက်အရ လျှပ်စစ်စွမ်းအင်ပိုင်းတွင် ရုပ်ကြွင်းလောင်စာ သုံးစွဲမှုကို လျှော့ချနိုင်ရေးအတွက် လေအားလျှပ်စစ်စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကာ မျှော်လင့်ထားသည်ထက် ပိုမို ရင်းနှီးမြှုပ်နှံသွားရန် စတာလင်ပေါင် ၅၄၄ သန်း ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း ဗြိတိန်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု မေ ၁၀ ရက်သတင်းများတွင် ဖော်ပြထားသည်။

ဗြိတိန်နိုင်ငံအနေဖြင့် ၂၀၃၀ ပြည့်နှစ်အရောက်တွင် ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ရည်ရွယ်၍ သန့်ရှင်းသည့် စွမ်းအင်ကဏ္ဍကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်လျက်ရှိကြောင်း၊ လေအားလျှပ်စစ်စီမံကိန်းကို မူလကစတာလင်ပေါင် သန်း ၂၀၀ သာရင်းနှီးမြှုပ်နှံရန် သတ်မှတ်ထားသော်လည်း မျှော်လင့်ထားသည်ထက် ပိုမိုလိုအပ်လာသည့်အတွက် စတာလင်ပေါင် ၅၄၄ သန်းထိ တိုးမြှင့်ရန် ပြင်ဆင်လာခြင်းဖြစ်ကြောင်း၊ လေအားလျှပ်စစ်စီမံကိန်းကိုလည်း လေးနေရာထိ ဆောင်ရွက်မည်ဖြစ်ပြီး လေအားလျှပ်စစ်စီမံကိန်းမှ ၁၅ ဂီဂါဝပ်ထိ ထုတ်ယူနိုင်ရန် ရည်မှန်းထားကြောင်း သိရသည်။

"လေအားလျှပ်စစ် စီမံကိန်းအတွက် မူလကရင်းနှီးမြှုပ်နှံဖို့ သတ်မှတ်ထားတဲ့ပမာဏနဲ့မလုံလောက်နိုင်တဲ့ ရင်းနှီးမြှုပ်နှံမှုကို တိုးမြှင့်မှာဖြစ်ပါတယ်။ ဗြိတိန်နိုင်ငံတစ်ဝန်း လေအားလျှပ်စစ်ကနေ စွမ်းအင်ဖူလုံစွာ ထုတ်လုပ်နိုင်ဖို့စီမံကိန်းလေးခုတည်ဆောက်မှာဖြစ်ပါတယ်"ဟု RenewableUK အဖွဲ့၏ မူဝါဒဆိုင်ရာအမှုဆောင်ချုပ်ဖြစ်သူ အန်နာမူဆက်က ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယား တောင်ပိုင်းဒေသများတွင် အပူလှိုင်းဖြတ်သန်းမှုဖြစ်ပေါ်နေ

**ဝါရှင်တန် မေ ၁၁**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် တောင်ပိုင်းဒေသများတွင် မေ ၉ ရက်က စတင်ပြီး အပူလှိုင်းဖြတ်သန်းမှုဖြစ်ပေါ်နေကြောင်း အမေရိကန်နိုင်ငံ အမျိုးသားမိုးလေဝသဌာန (NWS)က ထုတ်ပြန်ခဲ့ကြောင်း မေ ၁၀ ရက် သတင်းများအရ သိရသည်။

ကယ်လီဖိုးနီးယားပြည်နယ် တောင်ပိုင်းဒေသများတွင် အပူလှိုင်းဖြတ်သန်းမှုသည် မေ ၉ ရက်မှ မေ ၁၁ရက်ထိ သုံးရက်ကြာ ဖြတ်သန်းမည်ဖြစ်ပြီး အပူလှိုင်းဖြတ်သန်းချိန် ဖြစ်ပေါ်လာနိုင်သော အပူချိန်ပမာဏမှာ ၁၀၀ ဒီဂရီဖာရင်ဟိုက်အထက် ဖြစ်နိုင်ကြောင်း၊ မေ ၁၀ ရက်က ဖြစ်ပေါ်နေသောအပူချိန်သည် ၁၀၀ ဒီဂရီဖာရင်ဟိုက်ဖြစ်ကြောင်း အမေရိကန်နိုင်ငံ အမျိုးသားမိုးလေဝသဌာန (NWS)က ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အပူလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန်မြင့်တက်ကာ ကမ်းခြေများတွင် လာရောက်အပူရှောင်သူများ များပြားနေကြောင်း သိရသည်။

လော့စ်အိန်ဂျလိစ်မြို့ ဗန်တူရာကောင်တီချိုင့်ဝှမ်းများ၊ ဆန်တာမိုနီကာတောင်များနှင့် တောင်ပိုင်းရှိဆလီးနက်တောင်ကြားများအပါအဝင် နေရာတော်တော်များများကို အပူလှိုင်းဖြတ်သန်းစဉ်အတွင်း မြင့်မားသောအပူချိန်နှင့် ရင်ဆိုင်နိုင်ဖွယ်ရှိသဖြင့် ပြည်သူများကို သတိပြုနေထိုင်ကြရန်၊ မလိုအပ်ဘဲ ပြင်ပသို့ သွားလာလှုပ်ရှားမှုများကိုရှောင်ကြဉ်ရန်၊ အပူချိန်အလွန်ပြင်းထန်သဖြင့် ကလေးများနှင့် အိမ်မွေးတိရစ္ဆာန်များကို ရပ်နားထားသည့်ယာဉ်များအတွင်း ချန်ထားခဲ့ခြင်း၊ နေ့ခင်းဘက်ရေချိုးခြင်း စသည်တို့ကဲ့သို့ အပြုအမူများကို မပြုလုပ်ကြဘဲ ဆင်ခြင်နေထိုင်ကြရန် အမေရိကန်နိုင်ငံ အမျိုးသားမိုးလေဝသဌာန (NWS)က တိုက်တွန်းထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

# ကနေဒါနိုင်ငံ မနီတိုးဗားပြည်နယ် တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ရေးအတွက် ဗြိတိသျှကိုလံဘီယာမီးသတ်တပ်ဖွဲ့ဝင်များကို စေလွှတ်ခဲ့

**အော့တဝါ မေ ၁၁**

ကနေဒါနိုင်ငံ မနီတိုးဗားပြည်နယ်တွင် ဧပြီလနောက်ဆုံးပတ်မှ စတင်၍ တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး တောမီးမှာ ထိန်းချုပ်ရခက်သည့် အဆင့်သို့ရောက်ရှိကာ အန္တရာယ်ရှိလာသည့်အတွက် တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ရေးအတွက် ဗြိတိသျှကိုလံဘီယာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက မေ ၉ ရက်မှစ၍ ဗြိတိသျှကိုလံဘီယာ မီးသတ်တပ်ဖွဲ့ဝင်များကို စေလွှတ်ခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်ဟု မေ ၁၀ ရက် သတင်းများတွင် ဖော်ပြထားသည်။



ဗြိတိသျှကိုလံဘီယာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းအနေဖြင့် တောမီး ငြိမ်းသတ်ရေးအတွက် အထောက်အကူပြု စက်ယန္တရားများကို ပေးပို့ကူညီခဲ့သကဲ့သို့ မီးသတ်တပ်ဖွဲ့ဝင် ၄၂ဦးကိုစေလွှတ်ခဲ့ကြောင်း၊ မနီတိုးဗားပြည်နယ်တွင် တောမီးလောင်ကျွမ်းမှုအန္တရာယ်ရှိသည့်အဆင့်သို့ ရောက်ရှိနေသည့် ဒေသများမှာ တောင်းအော့ဖ်တစ်ပက်မြို့ဖြစ်ကြောင်း၊ တောင်းအော့ဖ်တစ်ပက်မြို့အတွက် အရေးပေါ်အဆင့် ရောက်ရှိနေသော်လည်း လူနေအိမ်များသို့ ကူးစက်လောင်ကျွမ်းခြင်းမရှိသေးကြောင်း မနီတိုးဗားပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"မနီတိုးဗားပြည်နယ်တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ဖို့အတွက် ဗြိတိသျှကိုလံဘီယာ ပြည်နယ်က မီးသတ်တပ်ဖွဲ့ဝင်တွေကို စေလွှတ်ပေးထားပါတယ်။ တောမီးလောင်ကျွမ်းမှုကို အမြန်ဆုံးထိန်းချုပ်နိုင်ဖို့ သူတို့အကောင်းဆုံးကြိုးစားပေးပါလိမ့်မယ်"ဟု ဗြိတိသျှကိုလံဘီယာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

# မက္ကဆီကိုနိုင်ငံတွင် ရာသီဥတုလွန်ကဲမှုပြဿနာကြောင့် မိုးခေါင်မှုဖြင့်ရင်ဆိုင်နေရ

**မက္ကဆီကိုစီးတီး မေ ၁၁**

မက္ကဆီကိုနိုင်ငံတွင် ရာသီဥတု လွန်ကဲမှုပြဿနာကြောင့် မိုးခေါင်မှုဖြင့် ရင်ဆိုင်နေရကြောင်း မက္ကဆီကိုမိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်ဟု မေ ၁၀ ရက် သတင်းများတွင် ဖော်ပြထားသည်။

ယခုနှစ် ဇန်နဝါရီလမှစ၍ မိုးခေါင်သည့်ပြဿနာဖြင့် ရင်ဆိုင်နေရပြီး မေ ၁၀ ရက်ထိ မိုးခေါင်သည့်ပြဿနာဖြင့် ရင်ဆိုင်နေရသည့်ဧရိယာမှာ ၅၀ ရာခိုင်နှုန်းထိ မြင့်တက်လာခြင်းဖြစ်ကြောင်း၊ မိုးခေါင်သည့်ပြဿနာဖြင့် ရင်ဆိုင်နေရသည့် ဧရိယာအများစုမှာ မက္ကဆီကိုနိုင်ငံ အနောက်မြောက်ဘက်ပိုင်းမှ ဒေသများဖြစ်ကြောင်း မက္ကဆီကို မိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်။

"မက္ကဆီကိုနိုင်ငံရဲ့ ဧရိယာပေါင်း ၅၀ ရာခိုင်နှုန်းလောက်ထိ မိုးခေါင်တဲ့ပြဿနာနဲ့ ရင်ဆိုင်နေရပါတယ်။ မိုးခေါင်တဲ့ပြဿနာကြောင့် သောက်သုံးရေခက်ခဲမှုတွေ ရှိလာတယ်။ မိုးခေါင်တဲ့ပြဿနာ ဘယ်လောက်ထိ ကြာမြင့်သွားမယ်ဆိုတာ မခန့်မှန်းနိုင်သေးပါဘူး။ နှစ်စဉ်နှစ်တိုင်းနီးပါးလဲ မိုးခေါင်မှုပြဿနာနဲ့ ရင်ဆိုင်နေရတယ်။ သောက်သုံးရေပြတ်လပ်သွားတာမျိုးမဖြစ်စေဖို့အတွက် ကြိုတင်ပြင်ဆင်ထားဖို့ လိုအပ်နေပါတယ်"ဟု မက္ကဆီကိုမိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်။

မှတ်တမ်းများအရ မက္ကဆီကိုနိုင်ငံတွင် ၂၀၂၃ ခုနှစ်က မက္ကဆီကိုနိုင်ငံ၏ဧရိယာပေါင်း ၇၅ ဒသမ ၃ ရာခိုင်နှုန်းထိရှိခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် ၅၅ ဒသမ ၂ ရာခိုင်နှုန်း၊ ၂၀၂၄ ခုနှစ်တွင် ၄၈ ရာခိုင်နှုန်းထိရှိခဲ့ကာ ၂၀၂၅ ခုနှစ်အတွင်း မိုးခေါင်မှုမှာ ၅၀ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းထိ မြင့်တက်သွားနိုင်ကြောင်း မက္ကဆီကို မိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# အာဖဂန်နစ္စတန်နိုင်ငံ ခို့ချ်ပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးမှုဖြစ်ပွား

**ကဘူးလ် မေ ၁၁**

အာဖဂန်နစ္စတန်နိုင်ငံ ခို့ချ်ပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးမှုဖြစ်ပွားခဲ့ကြောင်း ပြည်နယ်အာဏာပိုင်များက မေ ၁၀ ရက်တွင် ထုတ်ပြန်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း ခို့ချ်ပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီးနောက် မေ ၉ ရက်က ရုတ်တရက် ရေလွှမ်းမိုးမှုကြောင့် အနည်းဆုံး လူနှစ်ဦးသေဆုံးပြီး သုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာအာဏာပိုင်တစ်ဦးက မေ ၁၀ ရက်တွင် ပြောကြားခဲ့သည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပြည်နယ်၏ ရာချူဘီ ဆာဘာရီခရိုင်၏ ဆင်ခြေဖုံး ရပ်ကွက်များတွင် ရုတ်တရက် ရေကြီးမှုဖြစ်ပွားခဲ့ကြောင်း၊ လူနေအိမ်များ၊ အခြေခံအဆောက်အအုံများ၊ ဈေးဆိုင်များ ပျက်စီးခဲ့ကြောင်း၊ လယ်မြေဧကရာနှင့်ချီ ရေကြီးမှုကြောင့် ပျက်စီးခဲ့ရကြောင်း၊ ကျေးလက်လမ်းများ ရေတိုက်စားမှုကြောင့် ဆိုးဆိုးရွားရွား ပျက်စီးသွားသောကြောင့် ဒေသခံပြည်သူများ သွားလာရေး အခက်အခဲများ ဖြစ်ပေါ်ခဲ့ကာ ပျက်စီးဆုံးရှုံးမှုများပြားခဲ့ကြောင်း ပြည်နယ်အစိုးရ ပြောရေးဆိုခွင့်ရှိသူ မူတာဂါဖီးဂါဘတ်က ပြောကြားခဲ့ကြောင်း သိရသည်။

အာဖဂန်နစ္စတန်နိုင်ငံပိုင် မိုးလေဝသဌာနက မေလတတိယပတ်အတွင်း နိုင်ငံ၏ပြည်နယ် ၃၄ ခုအနက် ၁၈ ခုတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးနိုင်ကြောင်း သတိပေးထားသည်။

Ref : Russia Today
Trs : KZ

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

# မြိုင်ထနှစ်ပါးသွားအက

ကိုဇော်ဌေး(ယဉ်ကျေးမှု)



မြိုင်ထပဟူသည် ဇာတ်ပွဲတွင် မင်းသား၊ မင်းသမီးတို့ တောစခန်း၌ ခရီးဆက်ရာတွင် သီဆိုသောတောဘွဲ့၊ မယ်ဘွဲ့ စသည့်နှစ်ပါးသွားသီချင်းပင်ဖြစ်သည်။ မြိုင်ထကဟန်သည် မြေဝိုင်းဇာတ်ဝင်နှစ်ပါးသွားကဟန်ပင်ဖြစ်သည်။ ကုန်းဘောင်ခေတ်လက်ရာတစ်ခုဖြစ်သော ပုဂံမြို့၊ အာနန္ဒာအုတ်ကျောင်း၊ အောက်ထပ်အတွင်းမှ ဆိုင်းအဖွဲ့နှင့် ကပြနေသောနံရံဆေးရေးရုပ်သည် ထိုအချက်ကို ဖော်ပြနေသည်။

မြိုင်ထနှစ်ပါးသွားကပြရာတွင် များသောအားဖြင့် ဇာတ်ကွက်၊ ဇာတ်လမ်းဆင်ကာ ကကြခြင်းဖြစ်သည်။ ဥပမာအားဖြင့် မင်းသားနှင့်မင်းသမီးတို့ တက္ကသိုလ်ပြည်မှ ပညာများသင်ကြားပြီး၍ ပြန်လာကြရာမှ စတင်ကြသည်။ တိုင်းတော်၊ ပြည်တော်မရောက်မီ တောလမ်းခရီး၊ တောစခန်းအတွင်း၌ အပန်းဖြေနားကြဟန်ကို အကြောင်းပြု၍ သီဆိုကပြကြခြင်းဖြစ်သည်။ လက်စွဲတော်သားများမှာ မင်းသား၊ မင်းသမီးတို့၏ အထိန်းတော် သို့မဟုတ် အကြိုတော်များအဖြစ် ပါဝင်ကပြကြသည်။

မင်းသားသည် စိမ့်စမ်းရေတံခွန်အသွယ်သွယ်စီးဆင်းလျက်ရှိသည့် တောတောင်ကန္တာရ၏ သာယာလှပ၍ ရှုချင့်စဖွယ်ရှိဟန်၊ ကျေးငှက်သာရကာတို့ တစ်ပင်မှတစ်ပင် ပျံသန်းပျော်မြူးဟန်နှင့် တောမြိုင်ရဂုံတွင် ပန်းပေါင်းစုံတို့ ဖူးပွင့်ဝေဆာလျက်ရှိဟန်စသည့် တောဘွဲ့၊ မြိုင်ဘွဲ့ကို ခန့်ခန့်လေးလေးဖြင့်သီဆိုသွားသည်။ သီချင်းတစ်ပိုဒ်သာဆုံးသည် မင်းသား၏ကဟန်ကို မမြင်ရသေးပေ။ သီချင်းတစ်ပုဒ်လုံးဆုံးသွားပြီးနောက်လည်း မင်းသား၏ကဟန်ကို မမြင်ရသေးချေ။ မင်းသားသည် သီချင်းဆိုနေရင်း တောတောင်ကို လက်ညိုးညွှန်သည့်အခါ ညွှန်၍၊ ခေါင်းစောင်းကာ ကိုယ်ငဲ့ကာ ပြောသည့်အခါပြောဟန်ပြု၍နှင့်ပင် သီချင်းပြီးဆုံးခြင်းကို ရောက်လေသည်။ မင်းသားနှယ် မင်းသမီးကလည်း ဟန်လောက်နှင့်သာ ကပြသွားသည်ကိုတွေ့ရသည်။

"ပဝါတစ်ကမ်းယပ်တစ်လှမ်း" ဆိုသည့်အတိုင်း ရှေးခေတ်မင်းသား၊ မင်းသမီးတို့မှာ တစ်ဦးနှင့်တစ်ဦး ခပ်လှမ်းလှမ်း ခပ်ကွာကွာမှနေ၍ ပြောကြ၊ ဆိုကြ၊ ကပြကြရပြီး မင်းသမီးကသည့်အလှည့်တွင် မင်းသားလုပ်သူမှာ ဆေးပေ့ါလိပ်ခဲလျက် လက်ပိုက်ဟန်ဖြင့်သာနေကြသည်။ အချို့သောမင်းသားက ထိုင်မသိမ်းလှန်၍ ဗိုက်အယားဖျောက်ခြင်း ပြုတတ်ကြသည်။ မင်းသားလှုပ်သည်ကိုမတွေ့ရဘဲ မင်းသားလှုပ်လျှင်ပင် ပရိတ်သတ်က ရယ်ပွဲမှတ်ယူကာ ရယ်မောကြလေသည်။

ဇာတ်သဘင်တွင် မင်းသားနှင့် မင်းသမီးတို့ ချစ်ခန်း၊ ကြိုက်ခန်းအမူအရာဖြင့် နှစ်ဦးတည်း သီဆိုကခုန်ခြင်းကို နှစ်ပါးသွားကသည်ဟုခေါ်သည်။ နှစ်ပါးသွားအကဟူသည် မင်းသားနှင့် မင်းသမီး လက်ချင်းတွဲဆက်၍ ကပြသော အကသာဖြစ်သည်။ လက်ချင်းတွဲဆက်၍ကခြင်း၊ တစ်နည်းအားဖြင့် လက်ချင်းတွဲဆက်၍ ကပြလိုက်ခြင်းဖြင့် နှစ်ပါးသွားဟုခေါ်ဆိုကြခြင်းဖြစ်သည်။ မင်းသားနှင့် မင်းသမီးတို့ အတို့အဆိပ်များဖြင့် ကပြလာသော ကာလမှစတင်ကာ နှစ်ပါးသွားဟု စတင်လာခြင်းဖြစ်သည်။ ဦးဖိုးစိန်က ယောကျ်ားမင်းသမီးအောင်ဗလကို အတို့အဆိပ်များဖြင့် စတင်ကပြလာရာ ပရိသတ်ကလက်ခံရာမှ နောက်တစ်ဆင့်တက်၍ လက်ချင်းတွဲကာ ကပြသောအဆင့်သို့ ရောက်လာသဖြင့် ပဝါတစ်ကမ်းယပ်တစ်လှမ်းစနစ်များ ပျက်ပြယ်လေတော့သည်။ ဤမှ နှစ်ပါးသွား ကဏ္ဍအသစ်ဖွင့်လှစ်ကြတော့သည်။ ယောကျ်ားမင်းသမီးအောင်ဗလ စတင်ခဲ့သော နှစ်ပါးသွားကဟန်သည် တခြားသောမင်းသမီးများသို့ ကူးစက်သွားသည်။ မင်းသမီးစစ်စစ်များ ကပြကြသဖြင့် ပို၍သဘာဝကျသည်ဟူသော စကားဖြင့်လည်းကောင်း ထုံးစံအရဟူသော စကားဖြင့်လည်းကောင်း၊ ပရိသတ်၏ မြင်ကွင်းသည်လည်းကောင်း မထူးဆန်းသဖြင့် ၎င်းမင်းသား၊ မင်းသမီးများ၏ အတို့အဆိပ် အတွဲအဖက်များမှာ ပို၍ပွင့်လင်းလာကြသည်။ မင်းသမီးများသည် မင်းသားများနှင့် လက်ချင်းချိတ်ကာ ကပြသည့်အဆင့်သို့ ရောက်ကြတော့သည်။

နှစ်ပါးသွားကိုပင် "သစ္စာထားအက" ဟုလည်း ခေါ်ကြပြန်သည်။ ဇာတ်လမ်း၊ ဇာတ်ကွက်အရ တက္ကသိုလ်ပြည်မှပြန်လာသော မင်းသားသည် တောင်ယာတဲတစ်ခုတွင် ဝင်ရောက်နားခိုရင်း တောင်သူကြီး၏သမီးနှင့် တွေ့ဆုံချစ်ကြိုက်ကြတော့သည်။ မင်းသားမှာ တိုင်းတော်ပြည်တော်သို့ဝင်ရန် တာဝန်ကလည်းရှိသေးသည်။ မင်းသမီးကို လတ်တလောခေါ်ဆောင်သွားရန်မှာလည်း မဖြစ်နိုင်သေးသည့်အတွက် အဝေးရှိ စေတီတော်ကို ရည်ရော်၍ သစ္စာပြုပုံ၊ သစ္စာတိုင်တည်ပုံကိုအကြောင်းပြုကာ သရုပ်ဆောင်ကပြရခြင်းကြောင့် သစ္စာထားနှစ်ပါးသွားအကဟု ခေါ်ဆိုကြခြင်းဖြစ်သည်။

"စခန်းသွားအဆိုအက" ဟူ၍လည်း ရှိသေးပြန်သည်။ လင်နှင့်မယားဖြစ်စေ၊ မင်းသားနှင့် ကြင်ယာတော်မင်းသမီးဖြစ်စေ၊ တစ်ပြည်မှ တစ်ပြည်သို့လည်းကောင်း၊ တစ်နေရာမှ တစ်နေရာသို့လည်းကောင်း ကူးလူးသွားလာကြရင်း လမ်းခရီးတစ်နေရာအရောက်တွင် ခေတ္တအမောပြေအပန်းပြေနားကြသည်။ ခရီးလမ်းကို လှမ်းခဲ့သူမင်းသမီး၏ ခြေဖဝါးတော်နုနုတို့တွင် သွေးခြေတော်ဥသည်ကို မြင်၍ တောမြိုင်ခြေလမ်းတစ်လျှောက် မင်းသားက ထမ်း၍၊ ပွေ့၍ခေါ်လိုကြောင်း သီချင်းတေးသွားဖြင့်ဖြစ်စေ၊ အမူအရာဟန်ဖြင့်ဖြစ်စေ မင်းသားက ပြောလေသည်။ မင်းသမီးကလည်း ခရီးပန်းနေပြီဖြစ်ကြောင်း၊ သူ့မှာ လမ်းပင်မလျှောက်နိုင်တော့ပါကြောင်း မင်းသားကို သီချင်းတေးသွားဖြင့်ဖြစ်စေ၊ ပူဆာဟန်၊ နွဲ့ဆိုးဟန်ဖြင့်ဖြစ်စေ ပြန်လည်ပြောပြလေသည်။ ဤသည်ကို ပရိသတ်စိတ်ဘဝင်တွင် ခံစားထင်ဟပ်နိုင်ရန် သရုပ်ပေါ်အောင် စပ်ဆိုကပြခြင်းဖြစ်သည့်အတွက် စခန်းသွားအဆိုအကဟု ခေါ်တွင်ခြင်းဖြစ်သည်။ ယင်းဟန်ကို ဦးစိန်ကတုံးနှင့် အောင်ဗလတို့ ကပြလေ့ရှိသည်။ ယခင်က မင်းသားတို့သည် လက်ပိုက်၊ ဟန်ပြဘဝမျှဖြင့် နှစ်ပါးသွားကနေရာမှ မင်းသားဦးစိန်ကတုံးသည် မင်းသမီးနှင့် အတူ အဆိုအကများကို တန်းတူတာဝန်ယူ ကပြလာသည်။ ကကြိုးကကွက်စုံလင်စွာဖြင့် စွမ်းရည်ပြ ကပြလာသည်ဟုဆိုနိုင်သည်။ သို့ရာတွင် ယခင်ကာလ မင်းသားတို့၏ ဟန်ကမှု ကျန်ရှိနေဆဲဖြစ်သည်။ ငြိမ့်ညောင်းပြောင်းသွဲ့ဟန်ဖြင့် ယခင်ကာလ၏ လေးထိုင်းခြင်းသဘောကို သာသာရုတ်သိမ်းလေသည်။ ကဟန်သည် အတန်ငယ်သွက်လာသည်ဟု ဆိုနိုင်သည်။ ပဝါတစ်ကမ်း ယပ်တစ်လှမ်းအနေထက် ပို၍ နီးနီးစပ်စပ် ချဉ်းကပ်စပြုသည်။ မင်းသားက ပန်းပေးဟန်၊ ခေါင်ငင်ယူဟန်တို့သည် ခန့်ထည်မှု ဂုဏ်ဒြပ်နှင့် ပြည့်စုံဆဲရှိသည်။ "ကရမက်တုံးသဇင်နွယ် တစ်သက်လုံးကြင်မယ်" စာသားပါ ဦးစိန်ကတုံးနှင့် အောင်ဗလတို့၏ နှစ်ပါးသီချင်းသည်လည်း နှစ်ပါးသွားသီချင်းအစုတွင် စာတင်ကျန်ရစ်ခဲ့သည်။

ဇာတ်ကွက်၊ ဇာတ်လမ်းရှိနေသမျှ မင်းသားနှင့် မင်းသမီးတို့သည် နှစ်ပါးသွားအကနှင့် စခန်းသွားအဆိုအကတို့ကို ပုံစံကျ ခင်းကျင်းကပြကြသည်သာဖြစ်သည်။ အထူးသဖြင့် မင်းသားသည် တောတောင်ဘွဲ့၊ မယ်ဘွဲ့နှင့် သစ္စာတိုင်များ သီဆိုပြီးနောက် ဆက်လက်၍ ခပ်လှမ်းလှမ်းရှိ တောတောင်ညို့ညို့ဆီသို့ မျှော်ဟန်ပြုကာ "ညည်းချင်း" "လွမ်းချင်း"များ သီဆိုပြန်သည်။ ညည်းချင်ဆိုသည်မှာ "ပီယေဟိဝိပ္ပယောဂ" စသောဒုက္ခများနှင့် တွေ့ကြုံသဖြင့် စိတ်နှလုံးတုန်လှုပ်သည့်အခါမျိုးတွင် ညည်းညူလွမ်းဆွေးစွာ သီဆိုအပ်သော သီချင်းမျိုးဖြစ်သည်။ လွမ်းချင်းဆိုသည်မှာ လွမ်းဆွတ်ကြည်နူးဖွယ်ကောင်းသော ထင်ရှားရှိသော အကြောင်းအရာတို့ကို ဖွဲ့နွဲ့စီကုံးထားသော သီချင်းတေးသွားဖြစ်သည်။ "ညည်းချင်း" "လွမ်းချင်း" များ သီဆိုရာတွင် ဟန်လောက်သာ ကိုယ်ကလှုပ်ရှားသည်။ သီဆိုပြီးနောက် "ဗုံထောက်သံ" များ သီဆိုကာ ပဒေသာသဘောလေးညှပ်၍ အနည်းငယ်လှုပ်ရှားကပြလေသည်။ ယင်းသို့ ပဒေသာသဘောကဟန်ကို ရတနာပုံနောက်ပိုင်းမှ ထည့်သွင်းအသုံးပြုကြခြင်းဖြစ်သည်။

မင်းသားမင်းသမီးတို့ အဆိုအကမှ ခဏအပန်းဖြေသည့်အခါများတွင် လူရွှင်တော်များ ခေတ်ကာလအလျောက် ယဉ်ကျေးသည့် ပြက်လုံးကလေးများဖြင့် ပရိတ်သတ်ကို ဖျော်ဖြေကြသည်။ မင်းသား၊ မင်းသမီးတို့မှာ စကားပြောသက်သက်ဖြင့် ပြောဆိုလေ့မရှိကြပေ။ လင်္ကာသဘောနှင့်စကားချောစေရန် စည်းကိုက်၊ ဝါးကိုက်၊ သံတို၊ သံရှည်၊ သံနိမ့်၊ သံမြင့်တို့ကို သူ့နေရာနှင့်သူ ဆီလျော်စွာ သုံးနှုန်းပြောဆိုကြသည်။ မင်းသားမင်းသမီးတို့ပြောနေစဉ်တွင် ဆိုင်းက လင်္ကာသဘောပြောနေသည့် အသံတို၊ ရှည်၊ နိမ့်၊ မြင့်အလိုက် ဆိုင်းချက်၊ စည်းချက်ပြကာ အသံပြပေး၍ နေလေသည်။ နှစ်ပါးသွားသီချင်းနှင့် ကဟန်များသည် ထိုကာလ၏ ပုံရိပ်ကိုလည်းဖော်ပြသည်။

မင်းသမီးဝတ်သောထဘီမှာ ဗလာထဘီဖြစ်စေ၊ အချိတ်ထဘီဖြစ်စေ နှစ်နံ့စပ်ဖြစ်သည်။ နောက်တည့်တည့်စပ်သောချုပ်ရိုးသည် ချုပ်ရိုးပြတ်၍ ကွဲနေသဖြင့်၊ ယင်းချုပ်ရိုးအပေါက်ကို ရယ်မောဖွယ်ဖြစ်အောင် မင်းသားက လေးကောက်နှင့် ချိတ်၍ဆွဲသည့်အခါ မင်းသမီးက အလန့်တကြားအော်လေသည်။ ပွဲကြည့်ပရိသတ်မှာ ထိုဖြစ်အင်ကိုကြည့်ကာ တအုန်းအုန်းဖြင့် အူတက်မတတ်ရယ်မောကြသည်။

နှစ်ပါးသွားသီချင်းကို ရှေးက ငါးပေါက်သံဖြင့်ဆိုကြသည်။ ရုပ်သေးမင်းသမီးဆရာပုတို့ခေတ်က ငါးပေါက်ဖြင့်ဆိုခဲ့သည်။ ဦးဖိုးစိန်သည် မငွေစိန်နှင့်တွဲခါစအချိန်ထိ ငါးပေါက်သီချင်းများဖြင့်သာ သီဆိုခဲ့သည်။ ငါးပေါက်သီချင်းများမှာ နှစ်ပါးသွားခေတ်ဦးထိတိုင်ရှိခဲ့သည်။ ဦးဖိုးစိန်သည် တစ်မူထူးခြားလိုသောစိတ်ရှိသူဖြစ်ရာ ငါးပေါက်မှ သံမှန်သို့ကူးပြောင်းကာ သီဆိုပြန်သည်။ ကျန်ဇာတ်အဖွဲ့များက သံမှန်ဖြင့် လိုက်ပါသီဆိုကြသည့်အခါ ဦးဖိုးစိန်က ခြောက်ပေါက်ဖြင့် သီဆိုလေသည်။ အားလုံးကပင် ခြောက်ပေါက်ဖြင့် လိုက်လံသီဆိုကြပြန်သည်။ မည်သည့်အသံဖြင့်သီဆိုပါစေ နောင်တွင် ပရိသတ်က တေးသွားဆန်းသစ်မှုနှင့် စာသားနူးညံ့မှုကို ပိုမိုအားပေးခဲ့ကြသည်။

နှစ်ပါးသွားကဟန်တို့သည်လည်း ဆန်းသစ်လာကြသည်။ မြေဝိုင်းနှစ်ပါးသွားအကများ ကျန်ခဲ့ကာ အနောက်တိုင်းဆန်သောအကများ ရောယှက်လာသည်။ ခြေထိုးအက၊ ကလပ်အက၊ ဆပ်ကပ်အကများဖြစ်သည်။ စင်စစ် မြိုင်ထနှစ်ပါးသွားအကသည် မြန်မာတို့ စိတ်ကူးဖြင့် ကွန့်မြူးထားခြင်းဖြစ်သည်။ ခေတ်ကာလရွေ့လျားခြင်းဖြင့် ဆန်းသစ်ခြင်းကို လက်ခံသော်လည်း ရိုးရာအစစ်ကို ရိုးရာချစ်စိတ်ဖြင့် စိတ်နှစ်ကပြပါက ပရိသတ်က လက်ခံပါလိမ့်မည်။ ပရိသတ်သည်လည်း ရိုးရာအစစ်ကို ရိုးရာချစ်စိတ်ဖြင့် လာကြည့်ခြင်းသာဖြစ်ပါတော့သည်။

**❖မြိုင်ထနှစ်ပါးသွားကပြရာတွင် များသောအားဖြင့် ဇာတ်ကွက်၊ ဇာတ်လမ်းဆင်ကာ ကကြခြင်းဖြစ်သည်။ ဥပမာအားဖြင့် မင်းသားနှင့် မင်းသမီးတို့ တက္ကသိုလ်ပြည်မှ ပညာများသင်ကြားပြီး၍ ပြန်လာကြရာမှ စတင်ကြသည်။ တိုင်းတော်၊ ပြည်တော်မရောက်မီ တောလမ်းခရီး၊ တောစခန်းအတွင်း၌ အပန်းဖြေနားကြဟန်ကို အကြောင်းပြု၍ သီဆိုကပြကြခြင်းဖြစ်သည်။ လက်စွဲတော်သားများမှာ မင်းသား၊ မင်းသမီးတို့၏ အထိန်းတော်သို့မဟုတ် အကြိုတော်များအဖြစ် ပါဝင်ကပြကြသည်။❖**

**ကိုးကား**

- ပြည်ထောင်စုအကပဒေသာ(ဦးမင်းနိုင်)
- မြန်မာအကသမိုင်း(ပန်တျာမြင့်အောင်)







## ဘိုးဘပိုင် / မြေပိုင် အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

စစ်ကိုင်းမြို့၊ ပိုးတန်းရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၇/က)၊ အကွက်အမည် **မြောက်တံခါးကွင်း**၊ ဦးပိုင်အမှတ် (၂၇/က-၁)၊ ဧရိယာ(၀.၀၂၅)ဧက အောက်ဖော်ပြပါအလားအလာရှိသည့်-

(က) အရှေ့လားသော် - ဦးပိုင်အမှတ်-၂၈/ဖ
(ခ) အနောက်လားသော် - ဦးပိုင်အမှတ်-၂၇/က-၂
(ဂ) တောင်လားသော် - ဦးပိုင်အမှတ်-၂၇/က-၂
(ဃ) မြောက်လားသော် - လမ်း

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် **ဦးအောင်နိုင်ထွန်း + ဒေါ်ခင်ရတနာအောင်** တို့မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကိုပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက **၂၀၂၅ ခုနှစ်၊ ဇွန်လ(၅)ရက်နေ့**မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့နယ်ဦးစီးဌာနမှူး
မြို့နယ်မြေစာရင်းဦးစီးဌာန
စစ်ကိုင်းမြို့




## နှမြောတသ ဝမ်းနည်းကြရပါကြောင်း

မန္တလေးမြို့ မဟာအောင်မြေမြို့နယ်၊ သံလျှက်မှော်အရှေ့ရပ်ကွက် အဝေရာရာမရန်ကင်းကျောင်းတိုက် မဟာသုခဒါယီကျောင်း ဒါယိကာကြီး၊ အဝေရာရာမရန်ကင်းဆရာတော်၏ ရဟန်းဒါယိကာကြီး မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်၊ ၃၂ လမ်း၊ မလွန်ငါးပိတန်းရပ်နေ

**ဘုရား၊ သိမ်၊ ကျောင်း၊ ရဟန်းဒါယိကာကြီး**

**ဆရာကြီး ဦးမြင့်ဆွေ အသက် (၉၁)နှစ်**

၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့် (၁၁၊ ၅၊ ၂၀၂၅) တနင်္ဂနွေနေ့ နံနက် (၃:၃၀)နာရီတွင် ကွယ်လွန်သွားပါသဖြင့် သံဝေဂဉာဏ်ပွားကြရသည့်အပြင် မိသားစုနှင့်ထပ်တူထပ်မျှ နှမြောတသ ဝမ်းနည်းကြရပါကြောင်း။

**သံဃာတော်များနှင့်**
**အဝေရာရာမသာသနာပြုဥပဋ္ဌာကအဖွဲ့**
**အဝေရာရာမရန်ကင်းကျောင်းတိုက်**

**လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ**
**လိုအပ်သည်ဟု ခံစားနေရပါက**
**သတင်းအချက်အလက်မျှဝေရာစင်တာသို့**
**ဆက်သွယ်နိုင်ပါသည်။**

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ပိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘော တူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

**❖ ပြည်ထောင်စုကြီးတစ်ခုလုံး ဘက်စုံထောင့်စုံ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အစိုးရက ဦးဆောင်ရမည်မှန်ပေသော်လည်း ပြည်သူလူထုတစ်ရပ်လုံး၏ "စုပေါင်းအား" ဖြင့် ဆောင်ရွက်မှသာ ဖွံ့ဖြိုးတိုးတက်မှုသည် ရေရှည်အားကောင်းမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဇူလိုင် ၂၂ ရက်တွင် ပြုလုပ်သော ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ် ၁၃၈၇ ခုနှစ် ကဆုန်လပြည့်(ဗုဒ္ဓနေ့)အထိမ်းအမှတ်အဖြစ် ဆင်ယင်ကျင်းပပူဇော်သည့် မဟာမင်္ဂလာအခမ်းအနားသို့ ကြွရောက်တော်မူကြသည့် ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်း



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက်ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်တို့က နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။

နေပြည်တော် မေ ၁၁

၁၃၈၇ ခုနှစ် ကဆုန်လပြည့်(ဗုဒ္ဓနေ့)အထိမ်းအမှတ်အဖြစ် ဆင်ယင်ကျင်းပပူဇော်သည့် မဟာမင်္ဂလာအခမ်းအနားသို့ ကြွရောက်တော်မူကြသည့် ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်ပရိဝုဏ်အတွင်းရှိ အဂ္ဂါဓိပတိသာသနဝိမာန်တော်ကြီး၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ကဆုန်လပြည့်(ဗုဒ္ဓနေ့)ဆိုင်ရာ မဟာမင်္ဂလာအခမ်းအနားများကျင်းပရေးနာယကအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်တို့က လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ အထူးပင့်ဖိတ်ထားသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မစိုးရိမ်တိုက်သစ်မဟာနာယက ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက

စာမျက်နှာ ၁၈ ကော်လံ ၁ ☆



အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်

"ဆုံးရှုံးမှုအန္တရာယ်ဘေး မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ"

Hotline - 09-450450561, 09-450450562, 09-450450563